

မောင်နှင်းဆွေ
လုရှောင်ပုန်း နှင့် နဂါးအမောက်ကျောက်စိမ်းပြား

မိ ခင် သူ

မေ အိမ့် နိုး

မြတ် ပန်း မွှေး စာ ပေ

၂၇၂/၅ ကျောင်းလမ်း

စာမူခွင့်ပြုချက် အမှတ် ၄၁၂/၉၇ (၈)

မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (      )

ပထမ အကြိမ် ....၁၉၉၇

တန်ဖိုး ....၂၂၀/

အုပ်ရေ ....၅၀၀/

မျက်နှာဖုံးနှင့် အတွင်းရိုက်....ဦးကျော်စိန် (မြ-၀၂၉၀၉)
ကျောက်စိမ်း အော့ဖ်ဆက်
အမှတ် ၁၇၁/၃၃-လမ်း
ရန်ကုန်မြို့၊

ထုတ်ဝေသူ ....ဦးနှင်းဆွေ (မြ-၀၂၉၀၉)
ပန်းလက်ဆောင် စာပေ
အမှတ် ၅၁၆-ခ/ပုလဲလမ်း
(၁၃)ရပ်ကွက်၊ မြောက်ဥက္ကလာပ
ရန်ကုန်မြို့။

ဖြန့်ချီရေး ....မြန်ပန်းမွှေး စာပေ
၂၇၂/၅ ကျောင်းလမ်း

ပွင့်ဝေ
အမှတ် ၁၅/၁၃၈၊ မြေ
သောင်ခုမြို့
ဖုန်း ၂၁၃၅၅

# အခန်း ( ၁၉ )

ပိုင်ဟူဆက်မှာ အသိဉာဏ်ပင် နုန့်နဲ့သေ့ဘိသည်၊ ထောင်ထောင်မောင်းမောင်းနှင့် ဗလကောင်းကောင်း အနေခံနိုင်သော လူငယ်တစ်ဦးဖြစ်၍သာ တော်တော့သည်။

သူတို့လည်း နေမွန်းမတည့်မီမှာပင် ချင်းယွန်းတောင်ကျောဘေးရှိ တောအုပ်ထဲသို့ ရောက်ရှိလာကြတော့သည်၊ အရိပ်အာဝါသကောင်းလှသော သစ်ပင်ကြီးတစ်ပင် အောက်သို့ရောက်သောအခါ သူထမ်းလာသော သူ့ဆရာကြီး ချင်တွေ့စမ်း၏အသံ ပေါ်လာ၏။

'ကဲ ပိုင်ဟူဆက်၊ မင်းလဲပင်ပန်းလှပြီ၊ ဒီသစ်ပင်အောက်မှာ နားမလား'

'ဖြစ်ပါ့မလား ဆရာကြီး၊ နောက်က သူတို့များလိုက်လာမလား'

‘အင်း...သူတို့ကတော့ ဒီနယ်သားတွေပဲ၊ ဒီတောထဲကိုလဲ မရောက်ဖူးဘူးလို့ ပြောလို့မရဘူး၊ အခြေအနေအရ လေ့လာလို့ရအောင် ငါ့ကို ဟိုသစ်ပင်မှာ မှီထားပေးပါလား’

‘ဟုတ်ကဲ့’

သူ့ဆရာကြီး၏အမိန့်အတိုင်း ပိုင်ဟူဆက်သည် ချင်ကွေ့စမ်းကို သစ်ကြီးပင်၏ကျောမှီ၍ တောင်းသောနေရာတွင်မှီ၍ ထိုင်ပေးလိုက်သည်။ ချင်ကွေ့စမ်းသည် ဟိုဟိုသည်သည် မျက်လုံးဖြင့် ကစားကြည့်လိုက်သည်။

‘ပိုင်ဟူဆက်ရေ၊ တို့တော့ မလွယ်ဘူးကွ၊ သူတို့ ဒီတောထဲမှာ ရောက်နှင့်နေကြပြီ’

‘ဗျာ...ဆရာကြီး ဘယ်လိုလုပ်သိသလဲ’

‘ဟိုမှာကြည့်ပါလား၊ သစ်ပင်တွေမှာ ဓားနဲ့ထစ်ထားတာတွေလား၊ အထစ်ရာတွေက ကြက်ခြေခတ်သုံးခုစီဖြစ်နေတယ်’

ပိုင်ဟူဆက်သည် ရုတ်တရက် မမြင်နိုင်သောကြောင့် သစ်ပင်များရှိရာသို့ပြေးကာ သွားကြည့်သည်။ ဟုတ်ပေသည်၊ လမ်းမှတ်သော သင်္ကေတသဘောမျိုးဖြင့် သစ်ပင်တစ်ပင်နှင့် တစ်ပင် တစ်လံကွာစီကွာကာ ပေါက်နေပါက ကြက်ခြေခတ် ဓားချက်များမှာ အရွယ်ညီ အချိုးညီ မှတ်ထားသည်ကို တွေ့ရသည်။

‘အဲဒါ တောထဲကိုဝင်တဲ့လူတွေက မျက်စိ မလည်အောင် လမ်းမှတ်တဲ့ လက္ခဏာပဲ၊ ကဲ... မင်းအမောပြေရင်တော့ တို့ ခရီးဆက်တာ အကောင်းဆုံးပဲ၊ သူတို့နဲ့ ဆန့်ကျင်ဘက်လမ်းကို ရွေးရမယ်’



ခဏကြာသောအခါတွင် ပိုင်ဟူဆက်သည် သူ့ဆရာကြီး လမ်းညွှန်သည့်အတိုင်း ကြက်ခြေခတ် အမှတ်အသားများနှင့် ဆန့်ကျင်ရာသို့ သူ့ကိုထမ်း၍ ခေါ်သွားတော့သည်။

‘မြေပြန့်ကိုလဲကြည့်ကွ၊ သူတို့ ထောင်ချောက်တွေ ဘာတွေ လုပ်ချင်လုပ်ထားမယ်၊ သစ်ပင်တွေကိုလဲ ငါကြည့်လာခဲ့မယ်’

ပခုံးပေါ်မှ ချင်ကွေ့စမ်းသည် သစ်ပင်များကို မော့ကြည့်၍ လာသည်။ သစ်ပင်ပေါ်မှ ခုန်ချ၍ သူတို့ကို အန္တရာယ်ပေးမည်ကို စိုးရိမ်ရသည်။ တဖြည်းဖြည်း တောကနက်လာသည်။ သစ်ရွက်ကြွေများကလည်း တောထဲတွင် ထူထပ်လှသည်။

နွေရာသီဖြစ်၍ သစ်ရွက်ခြောက်များပေါ်တွင် တောနင်း၍ သွားသံက ထွက်ပေါ်နေသည်။ သူနင်း၍ အသံမြည်သော သစ်ရွက်များ၏ ကျိုးကြေသံမှာ စိတ်လှုပ်ရှားစရာ ကောင်းလှ၏။

ပိုင်ဟူဆက်ကတော့ ခရီးတွင်သထက်တွင်အောင် ငထာတိုး နေသည်။ ထိုစဉ်မှာပင် တောထဲမှ လှုပ်လှုပ်ရှားရှား အသံများကို သူတို့နှစ်ဦး ကြားလာရတော့၏။

‘ရှဲ...ရှဲ’

‘ဖြောင်း...ဖြောင်း’

‘ပိုင်ဟူဆက်၊ ငါ့ကို ခဏချစမ်း’

‘ဗျာ’

‘မြန်မြန်လုပ်၊ ငါ့ကို အောက်ချ’

'ဟုတ်ကဲ့'

ဖိုင်ဟူဆက်က သစ်ရွက်ကြွေများပေါ်တွင် ချင်ကွေ့စမ်းကို အသာအယာ ချပေးလိုက်၏။

'ကဲ...မင်းယူလာတဲ့ အိတ်ကြီးကိုဖွင့်'

ဖိုင်ဟူဆက်က သူ့ဆရာအမိန့်အတိုင်း အဝတ်အိတ်ကို ဖွင့်လိုက်သည်။

'မင်း ကြိုးကွင်းရှည်ရဲ့ထိပ်မှာ သံချိတ်ကို ချည်ပြီးရင် မောဟိုက သစ်ပင်ကြီးပေါ်ကို ပစ်တင်လိုက်'

ချင်ကွေ့စမ်း သစ်ချက်သစ်ခက်များကို ဖိတ်သည်းထူထပ်နေသော ခရေပင်ကြီးတစ်ပင်ကို လက်ညှိုး ညွှန်ပြလိုက်သည်။ သံချိတ်ကို ကြိုးထိပ်တွင်ချည်၍ ပစ်ပုံပစ်နည်းကို ချင်ကွေ့စမ်းသည် သူတို့အဲအိမ်ကလေးမှာ နေကာဘည်းက ကျွမ်းကျင်အောင် နှတ်ဖြင့်သင်ပေးထားသည်။

ထို့ကြောင့် ဖိုင်ဟူဆက်သည် ပေနှစ်ဆယ်ခန့်အမြင့်ရှိ သစ်ကိုင်းခွတစ်ခုတွင် ကြိုးကိုချိတ်မိရန် ပစ်တင်လိုက်လေသည်။

သံချိတ်သည် ချင်ခနဲ ဝေသံမြည်ကာ သစ်ကိုင်းခွတွင် ကြိုးတန်းလန်းချိတ်မိသွားတော့၏။

'ကဲ...ဖိုင်ဟူဆက် မင်းအရင် သစ်ပင်ပေါ်တက်၊ နောက်ထပ် ကြိုးခွေတစ်ခွေ ယူသွား၊ အဲဒီနေရာကနေ ကြိုးကို အပေါ်အောက်နှစ်စကျအောင်ချ၊ ကြားလား မြန်မြန်လုပ်'

'ဟုတ်ကဲ့'



ဖိုင်ဟူဆက်မှာပေဒင်ပညာသင်ကြားရာတွင်သာ အသိဉာဏ်နည်းသော်လည်း အခြားလုပ်ငန်းများတွင်တော့ ခိုင်းတိုင်း တိတိကျကျ လုပ်ဆောင်တတ်သူမျိုးပင် ဖြစ်လေသည်။

သစ်ပင်ပေါ်သို့ သံချိတ်ဖြင့်ချိတ်ထားသော ကြိုးစတွယ်တက်သည်။ သူ့ခါးတွင်လည်း နောက်ထပ်ကြိုးခွေတစ်ခွေကို ချိတ်ယူသွား၏၊ အပေါ်ရောက်သည်နှင့် သူယူသွားသော ကြိုးခွေကိုခွာင်ကာ အနှစ်စ အောက်သို့ချလိုက်၏။

ရှဲ...ရှဲ

'ချပ် ရှတ်...ရှတ်'

တောတိုးသံ သစ်ရွက်ခြောက်များကိုနင်းသံက ပိုမိုကျယ်လာသည်။ ဖိုင်ဟူဆက်သည် ကြိုးစမှလျှောကာ အောက်သို့ ရောက်လာ၏။

'ကဲ မင်းချထားတဲ့ ကြိုးနှစ်စက ငါ့ကို ကြိုးတစ်စမှာ ဒူးနဲ့ခါးကိုခိုင်အောင်ချည်ပြီး ကျန်ကြိုးတစ်စနဲ့ ဆွဲတင်တော့၊ ဟိုမှာတွေ့လား၊ သစ်ကိုင်းအကြီးကြီး၊ အဲဒီပေါ်ကို ငါ့ကို ရောက်အောင် အသာလေးတင်၊ ရကာနဲ့ မင်း အိတ်ကိုတမ်းပြီး သစ်ပင်ပေါ်ကိုတက်ခဲ့ပေတော့'

'ဟုတ်ကဲ့... ဆရာကြီး သစ်ပင်ပေါ်ကိုရောက်ရင် ကျွန်တော် လာခဲ့မယ်'

ဖိုင်ဟူဆက်သည် ခြေလက်များ မလှုပ်ရှားနိုင်သော ချင်ကွေ့စမ်းကို ကြိုးတစ်စတွင်ချည်ကာ သစ်ပင်ပေါ်သို့ ရောက်အောင် ဆွဲတင်သည်။ အပေါ်တွင် နေရာမကျမီ ကြိုးစကို သစ်မြစ်တွင်ချည်ထား သူက သစ်ပင်ပေါ်သို့တက်၍ သစ်ကိုင်း

ခွဆုံတွင် သူ့ဆံရာကိုမွေ့ ချီကာ နေရာကောင်းကောင်း ချပေး ထား၏။

ပြီးနောက် သူ့ဆရာ၏အမိန့်အတိုင်း အိတ်နှင့်ကြိုးများ ချိတ်များကိုဖြုတ်ကာ သစ်ပင်ပေါ်သို့ တင်ပေးထားလိုက် လေသည်။ သူတို့သစ်ပင်ပေါ်သို့ရောက်ပြီး စက္ကန့်ပိုင်းအတွင်း မှာပင် တောအုပ်ထဲမှ မြင်းနှစ်ကောင်ကို စီးလာသော လူနှစ် ယောက် ပေါ်လာ၏။

သစ်ရွက်ခြောက်များပေါ်သို့ ‘မြင်းများနင်း၍ တရှဲရှဲ တခွပ်ခွပ်အသံက ကျယ်လောင်စွာ ထွက်နေသည်။ သစ်ရွက် များကြားမှ ချောင်းကြည့်နေသော ဖိုင်တူဆက်မှာ ထိုအခါ တွင်မှ သူ့စကားမှန်ကြောင်း သိရှိသွားလေသည်။

‘ဟေ့...သူတို့ ဒီနားဝန်းကျင်မှာပဲ ရှိရမယ်ကွ၊ သိပ် ဝေးဝေးတော့မပြေးနိုင်ဘူး၊ သေချာရှာကြည့်စမ်း၊ ဟိုကောင် တွေရော’

‘လှုံ့ပါလိမ့်မယ်ရှင်၊ အစ်ကိုကြီးဝူခမ်းခိုင်းတာကို သူတို့ က ဘယ်တုန်းက မဆောင်ရွက်ဘဲ နေရဲလို့လဲ’

အနီရဲရဲဝတ်စုံကိုဝတ်ထားသော မုံပါးက သူနှင့်မြင်းချင်း ယှဉ်စီးလာသော လူကြီးကို ပြောလိုက်ခြင်းဖြစ်၏။ ထိုလူ ကြီးမှာ ကင်းပြိုးကောက်မြို့ ဂိုဏ်းချုပ်ကြီး၏ ညာလက်ရုံး ဝူခမ်းခုန်းပင်ဖြစ်သည်။



မကြာမီ မြင်းငါးစီးတိတိရောက်လာ၏။ မြင်းငါးစီးသည် သစ်ပင်ကြို သစ်ပင်ကြားများတွင် တိုးဝင်ကာ ချင်ကွေ့စမ်း တို့ကို ရှာဖွေကြ၏။

‘သူတို့ ဒီဘက်ကို မလာဘူးထင်တယ် ဆရာကြီးဝူခမ်း၊ သူတို့လာရင် ဒီနေရာထက် မကျော်နိုင်ပါဘူး’

‘အေး...ဒါဆို မင်းတို့ လမ်းမှတ်ထားတဲ့နေရာမှာ သွား ရှာကြ’

‘ဟုတ်ကဲ့’

မြင်းငါးစီးထွက်ခွာသွားကြသည်။ ထိုအခါတွင်မှ ဝူခမ်း ခုန်းနှင့် မုံပါးတို့မှာ မြင်းပေါ်ကဆင်းလိုက်ကြ၏။ ပြီးနောက် ချင်ကွေ့စမ်းနှင့် ပိုင်သဆက်တို့ပုန်းအောင်းနေသော သစ်ပင် အောက်သို့ရောက်ရှိလာ၏။

ဝူခမ်းခုန်းသည် မုံပါးကိုပခုံး လက်မောင်းအား လက်နှင့် ဖက်ကာ ပါးပြင်ကို မွှေးကြူလိုက်၏။

‘ကိုကြီးဝူခမ်း’

‘ဒီလူတွေကိုမိရင် ကိုကြီးဝူခမ်း ဂိုဏ်းချုပ်ကြီးဆီ သွား ပို့ရမယ်ဆို’

‘အင်းလေ...အဲဒါဘာဖြစ်သလဲ’

‘သွားပို့မယ်ဆိုပြီးတော့ ကျွန်မဆီပြန်မလာရင် ဘယ့်နှယ် လုပ်မလဲ’

နှုတ်ခမ်းလေးစူကာ မိုပါးက ဝုခမ်းခုန်း၏ချဝ်ခွင်ထဲကို ခေါင်းတိုးကာ ပြောနေသည်။ သစ်ပင်အောက်မှ ချစ်ကြည်နူးနေသော ဝုခမ်းခုန်းနှင့် လေးသမားလူဝကြီးအသွင် ရုပ်ဖျက်ထားသော ဝုခမ်းခုန်းတို့ကို ကြည့်ကာ ပိုင်ဟူဆက်သည် အသားတဆတ်ဆတ်တုန်နေသည်။

'မင်းစိတ်ကို မင်းထိန်းထားစမ်း ပိုင်ဟူဆက်၊ မင်းအသက်ဟာ မင်းစိတ်ပေါ်မှာ မူတည်တယ်နော်'

အေးမှ သဆုကြီးချင်ကွေ့စမ်းက နားနားကပ်၍ သတိပေးစကား ပြောဆိုလိုက်၍သာ ပိုင်ဟူဆက်သည် စိတ်ကို ထိန်းထားနိုင်လိုက်ခြင်းဖြစ်သည်။

သို့မဟုတ်လျှင် သစ်ပင်ပေါ်မှခုန်ချကာ ဝုခမ်းခုန်းကို ဝင်ရောက် တိုက်ခိုက်မိတော့မည် ဖြစ်သည်။ အကယ်၍သာ ပိုင်ဟူဆက်က တိုက်ခိုက်ခဲ့လျှင်လည်း ကိန်းသေ ရှုံးနိမ့်မည်သာ ဖြစ်လေသည်။

ထိပ်သီးလက်ရွေးစင် သိုင်းသမားတစ်ဦး ဖြစ်သော ဝုခမ်းခုန်းကို ပိုင်ဟူဆက်က ယှဉ်ပြိုင်နိုင်လိမ့်မည် မဟုတ်ပေ။ ခဏကြာသောအခါ တစ်ဦးနှင့်တစ်ဦး ဖက်တွယ်နမ်းရှုံ့ရင်း ဝုခမ်းခုန်းနှင့် မုပါးတို့မှာ ချစ်ရည်လူးနေကြလေပြီ။

'ပိုင်ဟူဆက်...ပိုင်ဟူဆက် မလုပ်နဲ့'

ပိုင်ဟူဆက်မှာ သူချစ်လှသော မုပါးကို ချစ်ရည်လူးတော့မည့် ဝုခမ်းခုန်း၏ရှေ့သို့ လွှားခနဲခုန်ချကာ ဝင်၍တိုက်ခိုက်လေတော့သည်။ ချင်ကွေ့စမ်းက တားမြစ်သည့်စကားကိုပင် နားထောင်နိုင်ခြင်းမရှိတော့ချေ။



ဝုခမ်းခုန်းသည် မုပါးကို ကိုယ်ပေါ်မှဖယ်ချကာ သစ်ပင်ပေါ်မှခုန်ချလာသော ပိုင်ဟူဆက်ကို ရင်ဆိုင်လိုက်သည်။

'ဩော်...မင်းကိုး'

'ဟုတ်တယ်၊ ခင်ဗျားကို သတ်ဖို့မလို့'

ပိုင်ဟူဆက်သည် ဝုခမ်းခုန်းကို သူ့ဓါးမှခါးဖြင့် ဝင်ရောက် တိုက်ခိုက်လိုက်သည်။ ပိုင်ဟူဆက်၏တိုက်ခိုက်မှုကို ပါးနပ်စွာ ရှောင်တိမ်းလိုက်ပြီ နောက် သိုင်းကွက်နှစ်ကွက်အတွင်းမှာပင် ပိုင်ဟူဆက်သည် ဝုခမ်းခုန်း၏သိုင်းကွက်ကိုမိကာ မြေပြင်ပေါ်သို့ လဲကျသွား၏။

သူသည် ဝုခမ်းခုန်း၏ လက်ဓါးချက်ကို ခံစားလိုက်ရ၍ ပါးစပ်မှသွေးများယိုစီး၍ကျလာ၏။ ဝုခမ်းခုန်းက သူ့ရင်ဘတ်မှအင်္ကျီစကိုဆွဲယူကာ မျက်နှာကိုကြည့်၍ မေးလေသည်။

'ဘယ်မှာလဲ ချင်ကွေ့စမ်း၊ ပြောစမ်း'

'ကျုပ်မသိဘူး'

ပိုင်ဟူဆက်မှာ သက်ပြင်းရှိစွာ ငြင်းဆိုပါသည်။ သို့သော် ပါးနပ်သော ဝုခမ်းခုန်းသည် သစ်ပင်ပေါ်သို့ လွှားခနဲ ခုန်တက်ကာ ရှာဖွေလိုက်သည်နှင့် သစ်ပင်ခွကြားတွင် မလှုပ်မယှက်ရှိနေသော ချင်ကွေ့စမ်းကို တွေ့လိုက်ရလေသည်။ ချင်ကွေ့စမ်းသည် ဝုခမ်းခုန်း၏မျက်နှာကို တံတွေးနှင့် လှမ်းထွေးကာ အော်လိုက်သည်။

'ငါ့ကို ခုချက်ချင်း သတ်ပစ်လိုက်'

ချင်ကွေ့စမ်း၏စကားကို ဝုခမ်းခုန်းက လက်သင့်မခံပေ။ သူသည် ကင်းမြီးကောက် ဂိုဏ်းချုပ်ကြီးထံသို့ ခေါ်ဆောင်သွားရန်သာ ဆုံးဖြတ်လိုက်ပါ၏။

.....o.....

## အခန်း (၂၀)

ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီးရဲ့ယန်ကျင်းသည် သူ့ရှေ့သို့ ပစ်ချလိုက်သော လူနှစ်ဦးကိုကြည့်လိုက်၏။ သူရှာဖွေခိုင်းထားသော ချင်ကွေ့စမ်း၊ သူ့ဇနီး၏ ယောကျ်ားဟောင်း ချင်ကွေ့စမ်း။

ကြီးမားသော သစ်သားကုလားထိုင်တွင် ထိုင်နေသော ရှဲယန်ကျင်းသည် အားရကျေနပ်သော မျက်နှာဖြင့် အရက်ခွက်ကိုကိုင်ရင်း ငုံ့ကြည့်လိုက်၏။ သူသည် မလှုပ်မယှက် ပက်လက်ဖြစ်နေသော ချင်ကွေ့စမ်း၏ စမ်းဗိုက်ပေါ်တွင် ခြေထောက်တင်ကာ အရက်ကိုဇိမ်ခံ၍ သောက်နေလေသည်။

ဝုခမ်းခုန်းက သူ့ကုလားထိုင်ဘေးတွင် ငုပ်တုတ်ဝင်ထိုင်နေ၏။

'ဘယ်လိုလဲ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် တာဝန်ကျေပါ တယ်နော်'

ဝိုခမ်းခုန်းက ရှဲယန်ကျင်းကို ဝေ့ကြည့်ကာ ပြောလိုက်သည်။ သည်မျှဆိုလျှင်ပင် အလိုက်သိလှသော ရှဲယန်ကျင်းက သူ့ဘေးတွင်ချထားသော အဝတ်ထုပ်အပ်ထုပ်ကို ဆွဲယူလိုက်သည်။

'ရော့...ဒါမင်းအတွက် မင်းသွားနိုင်ပြီ၊ ဒါကတော့ဟုတ်ပါပြီ၊ ဟိုဘက်ကကောင်က ဘယ်သူလဲ'

'သူ့တပည့် ဖိုင်ဟူဆက်ပါ။ ကျူပင်ခုတ် ကျူငုတ်မကျန် ဆိုသလို သူ့တပည့်ကိုပါ ရှင်းဖို့ခေါ်လာခဲ့တာပါ'

ရွှေဒင်္ဂါးငါးထောင်ထည့်ထားသော အထုပ်ကို မိုက်၍ထ ရပ်ကာ ဝိုခမ်းခုန်က ပြောလိုက်သည်။

'ကဲ...မင်းသွားနိုင်ပြီ၊ ငါသူ့ကိုကြည့်ပြီး ရှင်းလိုက်တော့ မယ်၊ တစ်ရန်အေးသွားတာပေါ့'

ဝိုခမ်းခုန်း ထွက်ခွာသွားလေသည်။ ဝိုခမ်းခုန်း ထွက်ခွာ သွားသည်နှင့် အခန်းဆဲသို့ ဆယ်ကျော်သက်အရွယ် မိန်း ကလေးတစ်ဦးဝင်လာသည်။

'ဟင်...အဲဒါ ဘယ်သူတွေလဲ ဖေဖေ'



ရှဲယန်ကျင်းကို ဆယ်ကျော်သက်ရွယ် မိန်းမပျိုလေးက မေး လိုက်၏။ ရှဲယန်ကျင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

'သွားခမ်း ကောင်မလေး၊ ဒါ နင်နဲ့မဆိုင်ဘူး၊ ငါတို့ကို ရန်မူလို့ဖမ်းလာတာ၊ သွား...လာကြည့်မနေနဲ့'

ရှဲယန်ကျင်းက အော်ထုတ်သည်။ မိန်းမပျိုလေးသည် လဲ ကျနေသော လူကြီး၏မျက်နှာကို တစ်ချက်ကြည့်လိုက်၏။

စူးရှတောက်ပြောင်သော မျက်လုံးများဖြင့် လဲကျနေသူက ကြည့်နေသည်။

စင်စစ် စုခင်းဆိုသော မိန်းမပျိုလေးမှာ ချင်ကွေ့စမ်း ဟူသော အင်္ဂစိဇ္ဇာကြီး၏သမီးပင်ဖြစ်သည်။ စုခင်းမှာ အကြင် နာတရား ပြည့်ဝ တောက်ပြောင်သော မျက်လုံးများကို တွေ့ မြင်လိုက်ရ၍ ရင်ထဲတွင် ဖိုခနဲဖြစ်သွားသည်။

'အို'

'သွားဆိုသွား...ဒီမှာရပ်မနေနဲ့'

ငိုင်တွေ၍ကြည့်နေသော စုခင်းကို လက်နှင့် တွန်းကာ ရှဲယန်ကျင်းကနှင်ထုတ်လိုက်သည်။ ထိုအခါတွင်မှ စုခင်းမှာ မကျေမနပ်ဖြင့် ထွက်ခွာသွားလေတော့သည်။ စုခင်းသည် ထိုလူကြီး၏မျက်လုံးများကို သူ့စိတ်ထဲမှ ဖျောက်ဖျက်ပစ်၍မရ ပေ။

'အင်း....ဒီအတိုင်းဆိုရင် သူတို့ကို မနက်ကျရင် လူသေကုန်းမှာသွားပြီး သတ်မှာပဲ၊ သတ်ရင် ကင်းမြီးကောက်မြို့ အဆိပ်မိပြီးသေမယ်၊ ဒီမတော့ ဒီလူကြီးတွေမှ သေအောင် ငါလုပ်လို့ရတာပဲ'

စုခင်းသည် တစ်ကိုယ်တည်းစဉ်းစားကာ ကင်းမြီးကောက်မြို့ အဆိပ်ဖြေဆေးကို သူ့အံဆွဲထဲမှနှိုက်ယူကာ အိတ်ထဲသို့ ထိုးထည့်ထားလိုက်လေတော့သည်။ ပြီးနောက် သူသည်အချုပ်သမားများထားရာအချုပ်ဆောင်ဘက်သို့ထွက်ခွာသွားသည်။

စုခင်းသည် မကြာခဏ အချုပ်ဆောင်ရှေ့မှဖြတ်ကာ သူတို့ စံအိမ်အနောက်ဘက်သို့ ထွက်လေ့ရှိသည်။ စုခင်း ထိုသို့ဖြတ်သွားခြင်းအတွက် အစောင့်ချထားသော ကင်းမြီးကောက်အဖွဲ့သားများအဖို့ မထူးခြားလှပေ။ ထို့အပြင် စုခင်းသည် ထိုအစောင့်ကိုပင် အိမ်နောက်ဘက်တွင် စိုက်ထားသော ပန်းခင်းမှ ပန်းများကို ခူးခိုင်းလျှင် ခူးခိုင်းတတ်သေးသည်။

စုခင်းက အစောင့်ကိုတွေ့သည်နှင့် ပြုံးပြလိုက်သည်။ ထိုနေ့က အချုပ်ခန်းတွင် အစောင့်ကျနေသူမှာ ငယွန်ဖြစ်သည်။ ငယွန်မှာ လူငယ်တစ်ဦးဖြစ်၍ စုခင်းနှင့် နှစ်ဦးကတည်းက ရင်းနှီး ချစ်ခင်နေသူဖြစ်သည်။

'ငယွန်...ဒီည နင်စောင့်အလှည့်လား'

'ဟုတ်တယ် စုခင်း နင်ဘာခိုင်းမလို့လဲ'

ငယွန်က စုခင်းချိုချိုသာသာ ပြောလျှင် တစ်ခုခုခိုင်းတတ်မြဲဖြစ်သည်ကို သိရှိသောကြောင့် ဦးအောင် ပြောလိုက်ခြင်းဖြစ်သည်။



'ဟင်....နင်က ကြိုသိနေသလား၊ ငါက နင့်ကို ပန်းခူးခိုင်းမလို့ဟဲ့'

'ငါထင်သားပဲ၊ မနေ့ကတည်းက နောက်ဘက်မှာ နှင်းဆီပန်းအဝါတွေ ပွင့်နေတာ ငါတွေ့သားပဲ၊ နင့်ကိုတောင် သတိရသေး'

'အောင်မယ်...ဘယ်ဆိုးလို့လဲ၊ နင်က သတိရဖော်ရသားပဲ၊ ကဲ....ငါ့ကို နည်းနည်းခူးပေးဟာ'

'ဘယ်နှစ်ပွင့်လဲ'

'အပွင့်ငါးဆယ်လောက်'

'ဟာ....ဒါနည်းသလား'

'နည်းပါတယ်ဟဲ့.... ငါတို့ အပေါ်ထပ်မှာ ပန်းအိုးက အစိတ်လောက်ရှိတဲ့ဟာ၊ ဒါတောင် တစ်အိုးကိုနှစ်ပွင့်ပဲစိုက်လို့ရတာ၊ နင်သိသားနဲ့၊ ကဲ....သွားဟာ'

စုခင်းက ရွှေဒင်္ဂါးသုံးပြားကိုပါ ငယွန်၏လက်ထဲသို့ ထည့်ပေးလိုက်၏။ ငယွန်၏ ပုကွကွခန္ဓာကိုယ်သည် အိမ်နောက်ဘက်သို့ ပြေးထွက်သွားလေတော့သည်။

စုခင်းသည် အချုပ်ခန်းသို့ ကပ်လာခဲ့လေသည်။ အချုပ်ခန်း သံတိုင်နားတွင် လဲကျနေသော အသက်လေးဆယ်ကျော်အရွယ် လူကြီးကို တွေ့ရသည်။ စူးရှသော မျက်လုံးများဖြင့် သံတိုင်အပြင်ကို ငေးကြည့်နေလေသည်။ စုခင်းသည် ထိုလူကြီးကို အနီးကပ်ကြည့်ရှုလို၍ ထိုင်လိုက်သည်။

'ဦးကြီး....ဦးကြီးက ဘာအပြစ်ရှိလို့လဲ အဖမ်းခံရတာလဲဟင်'

မည်သို့မျှမပြောဘဲ လဲကျနေသော ချင်ကော့စမ်းက မျက်ရည်ဝိုင်းသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

'စုခင်း....သမီးဟာ စုခင်းလားဟင်'

'အို....ဟုတ်ပါတယ် ဦးကြီးရယ်၊ သမီးဟာ စုခင်းပါ၊ သမီးနာမည်ကို ဦးကြီးက သိသလား'

'သိတာပေါ့ကွယ်၊ သမီးဟာ ဖေဖေ့သမီးပဲ၊ ခြော်....ငါ့သမီးလေး ဘေးမသီရန်မခရှိနေတာ တွေ့ရတော့ ဖေဖေ သေပျော်ပါပြီကွယ်'

စုခင်းနှင့်ချင်ကော့စမ်း စကားပြောနေသည့်ဘေးမှ ထိုင်နေသော ဖိုင်ဟူဆက်က အံ့အားသင့်သွားသည်။ သူ့ဆရာကြီး၏ သမီးဟုဆို၍ အံ့အားသင့်သွား၏။

'ဖေဖေ...ဖြစ်မှဖြစ်ရလေ ဖေဖေရယ်၊ ရော့.... ဒီဆေးကို ဖေဖေ သောက်ထား၊ ဖေဖေ မသေရဘူး၊ သူတို့က ဖေဖေ့ကို သတ်ပေမယ့် ဖေဖေ မသေရဘူး ဖေဖေ့ကို သမီးကယ်မယ်'

'ဟင်'

ဖိုင်ဟူဆက်မှာ စုခင်းပေးသော ဆေးလုံးကို ချင်ကော့စမ်း၏ပါးစပ်ထဲသို့ ထည့်ပေးသည်။ သူကိုယ်တိုင်လည်း ဆေးလုံးတစ်လုံး ပါးစပ်ထဲသို့ ထည့်လိုက်လေ၏။ မှာစရာရှိသည့် စကားများကို တစ်ခါတည်း မှာကြားလိုက်လေသည်၊



'မနက်ဖြန်ကျရင် ဖေဖေတို့ကို လိုက်ချူဆိုတဲ့ မိန်းမက လူသေကုန်းမှာ ကြိုးချည်ထားတဲ့ ကင်းမြီးကောက်ဖြူနဲ့ မျက်နှာကို ထိုက်ခိုင်းပြီး သတ်လိမ့်မယ်၊ ပြီးတော့ လူသေကုန်း တောက်ချောက်ထဲကို ချခဲ့လိမ့်မယ်၊ ဖေဖေတို့နှပ်ဖယောက်လုံး သေချင်ယောင်ဆောင်ပြီး လိမ့်ချလိုက်ကြပါ၊ သမီး လာကယ်ပါမယ်၊ ပြီးတော့ သမီး ကြုံပြီး ထိုက်ထားတဲ့ အဆိပ်ပြေဆေးကြောင့် ကင်းမြီးကောက်ဖြူအဆိပ်က ဘာမှ ဖေဖေ့ကိုမှာ မဟုတ်တော့ပါဘူး'

'ခြော်... သမီးရယ်၊ သမီးမှာ အန္တရာယ်ရှိနေပါပြီကွယ်၊ ဖေဖေတို့သေတာက အရေး မဟုတ်ပါဘူး'

ချင်ကော့စမ်းက ဝမ်းနည်းဝမ်းသာကြီးဖြင့် ပြန်ပြောလိုက်သည်။ သေခြင်းတရားနှင့် တွေ့ဆုံရတော့မည်ဟု စိတ်ချယုံကြည်ထားသော ဖိုင်ဟူဆက်မှာလည်း မျှော်လင့်ချက်ရှိလာ၍ မျက်လုံးများ ကြည်လင်လာသည်။

'ကျွန်တော့်ချောက်ထဲရောက်ရင် ဆရာကြီးကို ဘယ်နေရာ ယယ်သွားရမလဲဆိုတာ ပြောပါ၊ ကျွန်တော် ဆရာကြီးကို ကျွန်တော် ရှုံးသူတွေမတွေ့အောင် ဝှက်ထားနေကျပါ'

'ကျေးဇူးပါပဲရှင်၊ ကဲ ချောက်ထဲ ရောက်ရင် တောင်ကြားလမ်းအတိုင်း အနောက်ဘက်ကိုသာ ဖေဖေ့ကို ထမ်းခေါ်သွားပေတော့၊ ပို့ရောက်ရင် ဘယ်ဘက်ကိုကွေ့တဲ့ လမ်းတစ်လမ်းတွေ့မယ်၊ရှင်တို့ နေရာသိမှာမဟုတ်ဘူး၊ အဲဒီလောက်ဆိုရင် လုံခြုံပြီ၊ အဲဒီနားမှာသာ ရှင်တို့ စောင့်နေကြပါ'

'စိတ်ချပါ၊ အဲ့ဒီအထိရောက်ဖို့ ကျွန်တော် တာဝန်ယူပါ့မယ်'

ထိုအချိန်မှာပင် နှင်းဆီပန်းများ ပွေ့ပိုက်ကာ ပြန်လာသော ငုယွန်က အချုပ်ခန်းနားရောက်လာသည်။

'ငုယွန်—အ ချုပ်သားတွေကို ဂရုစိုက်နော်၊ တစ်ခုခုဖြစ်ရင် ဖေဖေက နင့်ကိုသတ်လိမ့်မယ်'

'ငါတာဝန် ငါသိပါတယ်လေ၊ လက်တော်ဝင် စူးဆူးသွားတယ်၊ ရော့—နင့်ပန်းတွေ'

'ပေး....ငါသွားမယ်၊ ဒီတစ်ခါ နင်တယ်ကြွာတာကိုး'

'ဪ....ခူးရတဲ့ပန်းကလဲ့ နည်းနည်းပွဲကိုး'

....o....

## အခန်း (၂၀)

'ဒါနဲ့ပဲ မင်းက မင်းအဖေကို ဒီတောင်ကြားလမ်းမှာ ထွက်ပြီးကယ်ထားလိုယ်ဘယ် ဆိုပါတော့'

လုရှော်က်ဖုန်က တောင်ကြားလမ်း၏ ဘယ်ဘက်သို့ ချိုးကွေ့ရင်း ပြောလိုက်လေသည်။

'အင်း... ဒါကကျွန်မဖေဖေနဲ့ကျွန်မနဲ့ပြန်တွေ့တဲ့အကြောင်းကို ရှင့်ကိုပြောပြတာပါ'

'မင်းရဲ့မေမေကော ဒီအကြောင်းတွေကို မသိဘူးလား'

'မေမေ ကို အသိပေးလို့မဖြစ်ဘူး'

စုခင်းက ထိတ်လန့်သံလေးဖြင့် ပြောလိုက်၍ လုရှော်က်ဖုန် အံ့အားသင့်သွားသည်။

'ဘာဖြစ်လို့လဲ'

'မေမေက ရှဲယန်ကျင်းရဲ့ နှိပ်စက်တာ ခံရတဲ့ ကျိုးမှာ ရေး မကောင်းဘူး၊ ပြီးတော့ ဖေဖေ သေသွားပြီလို့ ထင်ပြီး တော့ သူ ဝေဒနာ ခံစားနေတာ၊ ဖေဖေသာ အခုလို ရှိ သေးမှန်း သူ့ရင် မေမေ သူ့ ကိုယ်သူ ချက်ချင်း သတ်သေသွား လိမ့်မယ်'

'အင်း....မင်းပြောတာလဲ ဟုတ်သားပဲ၊ မင်းအဝကလဲ ချစ် ကလေးချော သလောက် ဝေဒနာခံစားနေရတာကိုး၊ အခုဆို ရင် လီနဲချူးက ရဲ့ ဗန်ကောင်းကို သွားပြီး ပြောပြရောပေါ့၊ သူတို့ တို့ဆီကိုလာပြီး အန္တရာယ်ပေးလိမ့်မယ် ထင်တယ်'

'သေချာတာပေါ့ရှင်၊ ဒါပေမယ့် ကျွန်မ ခုခံကာကွယ် နိုင်အောင် လုပ်ထားပါတယ်၊ အစ်ကိုလုရွှေကျောက်ဖုန့်လို လူတစ် ယောက် ပါရင် ကျွန်မရဲ့အကြံအစည်က အောင်မြင်မှာပါပဲ'

'ဪ ဒါကြောင့် မင်းက တို့ကိုလာကယ်တာကိုး'

လုရွှေကျောက်ဖုန့်မှာ ယခုမှ စုခင်း၏ အကြံအစည်ကို ရိပ်မိ သွားသည်။ စုခင်းဆိုသော မိန်းကလေးမှာ ထက်မြက် သလောက် အကြံအစည် ကြီးမားသော မိန်းကလေးဖြစ်၏။

ဆက်ကာနှင့် ကောင်းကွီက ငြိမ်သက်စွာ လိုက်ပါလာရာမှ တောင်ကစ်ခုရှေ့တွင် ရပ်လိုက်သော စုခင်းကို လှမ်းမေး လိုက်သည်။



'ဟော... မကြာသေးခင်က မိန်းမတစ်ယောက်ကို ဖမ်းလာ တာ မတွေ့မိဘူးလား'

ဆက်တဲ၏အမေးကို စုခင်းက လက်ဝါးကာပြကာ နောက် မှ စကားပြောမည်ဆိုသောသဘော၊ ဆက်ဘုက ငြိမ်သက်စွာ ရပ်နေလိုက်တော့သည်။

စုခင်းသည် တောင်နံရံ၌ လက်သီးတစ်လုံးစာမျှ ချိုင့်ဝင် နေသောနေရာကို သူမ၏လက်ဝါးဖြင့် နှောင့်ဖြန့်သုံးလေးချက်မျှ ဆောင့်လိုက်သည်။

'ဒုတ် ဒုတ်'

'ကျွီ... ဂုံး'

မူလက တောင်ပူစာတစ်ခုဟု ထင်မှတ်ရသော နေရာမှ ကျောက်တုံးကြီးတစ်လုံး ကြွတက်လာကာ တံခါးတစ်ခုပွင့် လာ၏။ တံခါးဝ၌ လူရွယ်တစ်ယောက် ရပ်နေသည်။

ထွားကြိုင်းသန်မာသော ရုပ်လက္ခဏာရှိ၍ စုခင်း၏စကား များနှင့်ဆက်စပ်လိုက်ပါက ပိုင်ဟူဆက်ဟူသော လူငယ်လေး ဖြစ်ကြောင်း သိလိုက်ရ၏။

'မမလေး မလာတာတောင် ကြာပြီနော်၊ ညီသည်တော့ လဲ ပါလာတာကိုး'

အတွင်းဖိုင်းသို့ဝင်လိုက်သောအခါတွင် ကျယ်ကျယ်ပြန့်ပြန့်ရှိပြီး နားနေချိန်တွင် နားနေစရာ ကျောက်ကုလားထိုင်လေးငါးလုံးရှိ၏။ ကျောက်ကုလားထိုင် တစ်လုံးပေါ်တွင် ခံ့ညား သပ်ရပ်သော လူကြီးတစ်ယောက် ထိုင်နေလေသည်။

ထိုလူကြီး၏ မျက်လုံးများမှာ တောက်ပနေပြီး ပါလာသော ဧည့်သည်များ၏မျက်နှာကို လျင်မြန်စွာ တစ်ယောက်စီ အကဲခတ်လိုက်၏။

'ကဲ ထိုင်ကြပါရှင်၊ ဒါ ကျွန်မပြောတဲ့ ကျွန်မရဲ့ ဖေဖေ ချင်ကျွေ့စမ်းဆိုတာပါပဲ'

စုခင်းက သူ့အဖေနှင့် မိတ်ဆက်ပေးလိုက်လေသည်။ ချင်ကျွေ့စမ်းက ကျောက်ကုလားထိုင်တွင် ဝင်ထိုင်သော လူသုံးဦးကို ပြုံးပြလိုက်သည်။

ညာဘက်အစွန်ဆုံး၌ လုံရှောက်ဖုန်က ထိုင်နေပြီး အလယ်တွင် လိုပင်းကထိုင်ကာ ဆက်တုက် အပေါက်ဝနားတွင် ထိုင်နေ၏။ တောင်ကုန်း၏ထိပ်တွင် အလင်းပေါက် ဖောက်ထားသောကြောင့် နေ့အချိန်တွင် အလင်းရောင်မှာလည်း သဲသဲကွဲကွဲဖြစ်နေရသည်။

ကျောက်တောင်တံခါးဝကို ပိုင်ဟူဆက်က ဝိုနီးခနဲ ပြန်ပိတ်ထားလိုက်လေသည်။

'သမီးက မိတ်ဆွေကောင်း ရှာတတ်သားပဲ၊ ဒီလူသုံးယောက်က သိုင်းပညာလည်း ထက်မြက်ပြီး စိတ်ရင်းလည်း



ကောင်းတဲ့လူတွေပဲ၊ သူတို့ကလည်း ဒီကင်းမြီးကောက်ဖြူဂိုဏ်းကို တိုက်ခိုက်ဖို့ ရည်ရွယ်ချက်ရှိပြီးသား လူတွေကိုး'

'ဗျာ'

လုံရှောက်ဖုန်၏ပါးစပ် ဟသွားသည်။ သူတို့ကို တွေ့တွေ့ချင်း အကဲစမ်းကာ ပြောလိုက်သော ချင်ကျွေ့စမ်းအား သူမလေးစားဘဲမနေနိုင်အောင် ဖြစ်သွားလေသည်။

'သမီးစုခင်းကတော့ကွယ် မိန်းကလေးနဲ့ မတန်အောင်ပဲကို ထက်မြက်တယ်၊ သူ့ကြောင့် ဦးတို့ အသက်ရှင်နေကြရတာကွယ်၊ ဦးတို့တော့င် သူ့နေရာမှာဆို သူ့လို ကယ်နိုင်ပါ့မလားလို့ တွေးရတယ်'

လုံရှောက်ဖုန်က...

'သူက သတ္တိလည်းရှိတယ် ဦးကြီးရဲ့၊ လူတစ်ယောက်ဟာ မြန်မြန်ဆုံးဖြတ်ပြီး ရဲရဲလုပ်ဝံ့မှ ရန်သူကိုအောင်မြင်တာ၊ ချီတုံချတုံစိတ်မျိုးဆိုရင် ရန်သူက အနိုင်ရသွားမှာပေါ့၊ ခုလည်း ကျွန်တော်တို့ ဒီနည်းကျင့်သုံးပြီး ကယ်ခဲ့တာပဲ'

'မင်းနာမည်ဘာယ်သူလဲ'

လုံရှောက်ဖုန်ကိုကြည့်ရင်း ချင်ကျွေ့စမ်းက မေးမြန်းလိုက်သည်။

'ကျွန်တော် နားလည် လုရှောက်ဖုန့်ပါ၊ ဟိုသက်အရွယ်ဆို ကကျွန်တော့် သူငယ်ချင်း ဆက်တုံ၊ သူကတော့ တံခွန်တိုင် သိုင်းသမားလုပ်နေပါ'

ချစ်ကြွေစင်က ခေါင်းညိတ်လိုက်သည်။

'အော်...မင်းတို့ ရောက်လာတာ အချိန်ကောင်းပဲဟေ့၊ ရှဲယန်ကျုံးဟာ မကြာခင်က မိန်းမချော မိန်းမလှတစ်ယောက်ကို ဖမ်းလာတယ်လို့ သမီးပြောတယ်၊ ဒီလူက တကျော့ရာအလှမျိုးကြိုက်တဲ့ ဒီတစ်ပတ် အတွင်းမှာပဲ မင်္ဂလာဆောင်လိမ့်မယ်၊ သူဟာ မိန်းမတစ်ယောက်ထပ်ယူတိုင်း မင်္ဂလာတစ်ခါ ဆောင်နေကျဆိုတော့ အဲဒီနေ့မှာ တို့အစီအစဉ် ဆောင်ရင် အကောင်းဆုံးပဲ၊ သမီးကတော့ အဆိပ်လက်နက် တွေရော ဓားလှံတွေ လေးမြားတွေပါ စုထားတာ ဂူထဲမှာ အကုန်ရှိတယ်၊ လိုချင်တာ ရတယ်'

လုရှောက်ဖုန့်က သူ့အဖေဘေးတွင်ထိုင်နေသော စုခင်းကို လှမ်းကြည့်လိုက်သည်။

'ကဲ...စုခင်း ဆရာကြီးပြောတဲ့နေ့ဟာ ဘယ်နေ့ ဖြစ်မလဲ ဟင်'

'လဆန်းငါးရက်နေ့ပေါ့ရှင်၊ ကင်းမြီးကောက်ဖြူဂိုဏ်း ချုပ်ကြီးဟာ လဆန်းငါးရက်နေ့တိုင်း မင်္ဂလာ ဆောင်တတ်တာပဲ'



'တို့ဆီကို သူတို့လိုက်လာနိုင်လား'

လုရှောက်ဖုန့်က ခန့်မှန်းခြေစကားကို မေးလိုက်ပြန်၏။

'ကျွန်မတို့ဆီတော့ သူလိုက်မလာနိုင်ပါဘူး၊ စန့်ကွမ်းမုဆို တဲ့ကောင်မလေးနဲ့ သူလက်ထပ်ဖို့စီစဉ်နေချိန်မှာ လိန်ချူးကို တောင် အတွေ့ခံမှာမဟုတ်ဘူး၊ လိန်ချူးတော့ တော်တော် မခံချိမခံသာ ဖြစ်နေမှာပဲ'

'စန့်ကွမ်းမုဆိုတာ သူဖမ်းလာတဲ့ မိန်းမလား'

'ဟုတ်ပါတယ်ရှင် ရှင်က သူ့နောက်လိုက်လာတာ မဟုတ်လား'

စုခင်းက လုရှောက်ဖုန့်ကို ပြုံး၍မေးလိုက်ရာ လုရှောက်ဖုန့် အဖြေရခက်သွားသည်။

'မင်း ဘယ်လိုလုပ်သိသလဲ'

'ကင်းမြီးကောက်ဖြူစခန်းကို ရောက်ကတည်းက ရှင့်နာမည်ကိုရေရွတ်နေတာပဲ၊ ရှင့်ကို တော်တော်စွဲလမ်းပုံရတယ်'

လုရှောက်ဖုန့်မှာ သူနှင့်အတူ တည်းခိုခန်းတွင် နေသွားသော စန့်ကွမ်းမုကိုသာ သတိရလိုက်သည်။ စန့်ကွမ်းမု၏အလှထက် စာလျှင် စုခင်း၏ အလှကလည်း လျော့နည်းလှသည်တော့ မဟုတ်ပေ။

'အင်း....ရှုတ်တရက် အဖမ်းခံရတော့ စိုးရိမ်လို့လိုက်လာတာပါကွာ၊ ဒီထက်တော့ မဖိုပါဘူး'

ချင်ကွေ့စမ်း၏ရှေ့တွင်ဖြစ်၍ လိုရှောက်ဖုန့်က စကားကို ထိမ်၍ပြောလိုက်လေသည်။

'လူငယ်ဆိုတာ ဒီလိုပါပဲကွာ၊ ငါလည်း သဘောပေါက်ပါတယ်၊ ကဲ....မင်းတို့စကားပြောကြဦး'

ချင်ကွေ့စမ်းအာ ထရပ်လိုက်သည်။ အကြောသေနေသည်ဟု သိရသော ချင်ကွေ့စမ်း ထရပ်လိုက်၍ သူတို့ သုံးဦးလုံး အံ့အားသင့်သွား၏။

'ဟင်....မင်းဖေဖေ အကြောတွေ သေနေတယ်ဆို'

'ဟင်း....ဟင်း....ဟုတ်တယ်လေ ဒီဂူထဲကို ရောက်တော့မှ ကျွန်မက ဆေးအမျိုးမျိုးနဲ့ နှိပ်နယ်ပြီး ကုပေးတာ အရင်ကလောက် မဆိုးတော့ဘူး၊ လမ်းတော့ လျှောက်နိုင်နေပါပြီ'

ကျောက်ဂူနံရံထောင့်ရှိ ခုတင်ပေါ်တွင် ချင်ကွေ့စမ်းအာ သွားရောက်လဲလျောင်းလိုက်သည်။ ပိုင်ဟူဆက်က ချင်ကွေ့စမ်း၏ ခုတင်အောက်တွင်သွား၍ ထိုင်နေလေသည်။

'ဒါဆိုရင် ရှင်တို့လည်း အားအင်ပြည့်ဝအောင် အနားယူလို့ရသေးဘာပေါ့ ပိုင်ဟူဆက်ရေ'

'ဗျာ'

ပိုင်ဟူဆက်က စုခင်း၏ခေါ်သံကြောင့် ထရပ်လိုက်သည်။



'ဒေါ်ကိုလာပြီး တံခါးဖွင့်ပေး၊ ပြီးတော့ ပြန်ပိတ်လိုက်၊ နင်တို့ ရိက္ခာတွေလိုလောက်ရဲ့လား'

'လုံလောက်ပါတယ်၊ ကျွန်တော် မမစုခင်းပြောတဲ့နေရာမှာ နေ့တိုင်းသွားယူပါတယ်'

'အေး...ညှော်သည်တွေကိုလည်း ကောင်းကောင်းချက်ပြုတ်ကျွေးမွေးလိုက်ပါ၊ ကဲ....ကျွန်မ နောက်နေ့မှပဲလာတော့မယ်၊ ခွင့်ပြုပါဦး'

လုရှောက်ဖုန့်က ထကာ စုခင်းအနီးသို့ လျှောက်လာသည်။

'ရှင် ကျွန်မကို ဘာပြောမလို့လဲ'

'မင်းကို လိန်ချူးက လမ်းမှာစောင့်ပြီး သတ်လိမ့်မယ်၊ မင်းသတိထားပါ'

လုရှောက်ဖုန့်က တည်ငြိမ်သောလေသံဖြင့် ပြောလိုက်လေသည်။

'ရှင်က ဘယ်ဆိုးလို့လဲ၊ ကျွန်မလည်း ဒီလိုပဲထွက်ပြီးသွားပါ၊ ကဲ...သွားမယ်'

စကားဆုံးသည်နှင့် စုခင်းမှာ တံခါးဝမှ လှစ်ခနဲထွက်သွားလေတော့သည်။

....o....

## အခန်း ( ၂၂ )

လဆန်း ငါးရက်နေ့ ...

ဂူတစ်ခုထဲတွင် လူလေးယောက်တိတိ ရပ်နေသည်။ လေးယောက်စလုံးမှာ မျက်နှာဖုံးများစွပ်ထားကြသည်။ သူတို့သည် ဂူတံခါးကိုဖွင့်ထား၍ တစ်စုံတစ်ရာကို စောင့်ကြည့်နေကြ၏။ သူတို့လေးယောက်နောက်ရှိ ကျောက်ခုံတင်ကြီးပေါ်တွင် ခံ့ညားထည်ဝါသော လူကြီးတစ်ဦးက ရပ်နေ၏။

'ကဲ–မင်းတို့အားလုံးရဲ့ ကိုယ်ထဲမှာရှိတဲ့ လက်နက်တွေကို အချိန်နေရာ အတိအကျသုံးတတ်ဖို့လိုတယ်၊ စိတ်မလောကြပနဲ့၊ ပြီးတော့ တစ်ဦးရဲ့အခြေအနေကို တစ်ဦးအမြဲမပြတ် ကြည့်ပြီး ကူညီစောင့်ရှောက်ကြပါ၊ ကဲ.... သွားဖို့အချိန်တန်ပြီ'

ဂူထဲမှ မျက်နှာဖုံးစွပ်များသည် တောင်ကြားလမ်းအတိုင်း ပြေးထွက်လာကာ လျှိုကြီးကြားမှ လူသေကုန်းပေါ်သို့ တက်



လာကြသည်။ ညသည် တိတ်ဆိတ်နေသောကြောင့် အဝေးမှ အော်ဟစ်နေသောလူများ၏ ဆူဆူညံညံ အသံများကိုကြား နေရသည်၊

'ဝေး...ဟေး ဟေး'

ဆူညံပျော်ရွှင်နေသော လူများမှာ လူသေကုန်းမှ လှမ်း မျှော်ကြည့်လိုက်လျှင် ကြီးမားသော ဝင်းတံတိုင်း ကာရံထားသည့် ဦးမိုးချုန်နှင့်ထင်စံအိမ်ကြီးဆီမှ ထွက်ပေါ်လာခြင်းဖြစ်သည်။ ကောင်းကင်တွင် လဆန်းငါးရက်နေ့ လလေးမှာ ခပ်ကွေးကွေးလေး ပက်လက်လန်နေသည်။

ဝတ်ရုံနက်ကိုဝတ်ဆင်ထား၍ မျက်နှာတွင် မျက်လုံးပေါ်ရုံ မျက်နှာဖုံး စွပ်ထားသော လူလေးယောက်မှာ မကြာမီ တောင်ကုန်းပေါ်သို့ လွှားခနဲရောက်ရှိသွားကြ၏၊ လရောင် မှိုးတဝါးကြားတွင် ဆူဆူညံညံ အော်ဟစ်နေကြသောစံအိမ်ကြီးဆီသို့ မျက်နှာဖုံးစွပ် ဝတ်ရုံနက်လေးဦးမှာ ချဉ်းကပ်လာသည်။

မြင့်မားသော ဝင်းတံခါးခတ်ထားသည့် မိုးပေါ်သို့ အထပ်ထပ် ချွန်တက်နေသော နှစ်ထပ်စံအိမ်ကြီး အတွင်းမှာကား မီးတိုင်များထွန်းညှိကာ စည်ကားလျက်ရှိသည်။ အောက်ထပ် ခန်းမကျယ်ကြီးထဲတွင် အနီရောင်စားပွဲခင်း ခင်းထားသော စားပွဲဝိုင်းများ ချထားသည်။ ခန်းမကြီးမှာ ပေတစ်ရာပတ်လည် ခန့် ကျယ်ဝန်း၍ တရုတ်ကျောင်းများကဲ့သို့ ပတ်ပတ်လည် တွင် အပေါ်ထပ်သို့တက်သော လှေကားတစ်ခု ရှိလေသည်။

အပေါ်ထပ်မှဆင်းလာသော လှေကားများသည် အောက်ထပ်ရှိ အခန်းလေးခန်း၏ အဝတွင်ရောက်နေ၏။ အခန်းလေးခန်းလုံးမှာ တံခါးများပိတ်ထားပြီး အနီရောင် နဂါးရုပ်တို့ပါသော တံခါးကိုစေ့နေအောင် ပိတ်ထားလေသည်။

ခေါ်ပွဲဝိုင်းတွင် ကင်းမြီးကောက်ဖြူ အဖွဲ့သားများမှာ ဝတ်ကောင်းစားလှဝတ်ကာ စားကောင်း သောက်ဖွယ်များ စားသောက်နေကြ၏။ စားပွဲဝိုင်းများ၏ အလယ်တွင် လေးထောင့် စားပွဲမြင့်မြင့်တစ်လုံးရှိသည်။ ထိုစားပွဲတွင် ကုလားထိုင် လေးလုံးရှိ၏။

နှစ်လုံးမှာ ထိပ်ကျကျတွင်ရှိ၍ လှပသော အနီရောင်များဖြင့် ဆင်ယင်ထားသည်။ ထိုကုလားထိုင်နှစ်လုံးတွင် ကင်းမြီးကောက်ဖြူဂိုဏ်းချုပ်ကြီး ရှဲယန်ကျင်းနှင့် ဇနီးသစ် စန့်ကွမ်းမုတို့ထိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ကျန်ကုလားထိုင် နှစ်လုံးမှာ တစ်လုံးက လက်ထောက် ဂိုဏ်းချုပ်ဝုခမ်းခုန်းထိုင်ရန်ဖြစ်ပြီး နောက်တစ်လုံးမှာ ဂိုဏ်းချုပ်ကြီး၏သမီး စုခင်းထိုင်ရန်ဖြစ်သည်။

ယခုတစ်ကြိမ်မင်္ဂလာပွဲသည် ဂိုဏ်းချုပ်ကြီး ပဉ္စမမြောက် မင်္ဂလာပွဲဖြစ်သည်။ ကင်းမြီးကောက်ဂိုဏ်း၏ အရှိန်အဝါမှာ ဒုစရိုက်လောကတွင် တစ်ဟုန်ထိုး နာမည်ကြီးလာသကဲ့သို့ ဂိုဏ်းချုပ်ကြီးရှဲယန်ကျင်းမှာလည်း တာမင်တန် မီးရထားကျွန်း၏ အဖွဲ့ဝင်ဂိုဏ်းကြီးတစ်ဂိုဏ်း ဖြစ်လာခဲ့သည်။

မင်္ဂလာပွဲသို့ တာမင်တန်ကျွန်းမှ နာမည်ကြီး ကျားလက်ဝါးဂိုဏ်းမှ လာရောက်ချီးမြှင့်မည်ဖြစ်၍ ညမှအထိ ခမ်းနား



စွာ စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်သည်။ လက်ထောက်ဂိုဏ်းချုပ် ဝုခမ်းခုန်းမှာ သူ၏နေရာတွင် ဝင်၍ နေရာယူလိုက်ခြင်း မရှိသေးဘဲ အခန်းအတွက် စီစဉ်စရာ ရှိသည်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

'ဟေ့….ဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းချုပ်ကြီးကတော် ထိုင်မယ့် ထိုင်ခုံတွေကို သေချာစီစစ်ကြနော်၊ ကျားလက်ဝါးဂိုဏ်း ခေါင်းဆောင်တွေနေရာကိုလည်း သန့်သန့်ပြန့်ပြန့် လုပ်ထား'

ကင်းမြီးကောက်ဖြူ ဂိုဏ်းသားများမှာ ဆူဆူညံညံ အသံများအော်ဟစ်ကာ စားပွဲများ ကုလားထိုင်များကို စီခုံ ရွှေ့ပြောင်းနေကြ၏။

'ဟေ့….ပြတင်းပေါက်တွေကို လိုက်ကာအဖြူတွေ တပ်ထားကြ၊ သေသေချာချာ သပ်သပ်ရပ်ရပ်လုပ်ကြနော်'

ဝုခမ်းခုန်းက လက်ညှိုးထိုးကာ ပြုပြင်စရာများကို နေရာတကာ ပြုပြင်လျက်ရှိသည်။ အပေါ်ထပ်ရှိ အခန်းတစ်ခန်းထဲတွင်မူ စန့်ကွမ်းမုကို အမျိုးသမီးနှစ်ဦးက အလှပြင်ပေးလျက်ရှိသည်။

'ငါ့ကို ဘာမှလာမလုပ်ကြနဲ့၊ ငါဘာမှ မပြင်ဆင်ချင်ဘူး'

စန့်ကွမ်းမုက သူမအား အဝတ်အစား လဲရန်အတွက် ပြင်ဆင်ပေးနေသော အမျိုးသမီးနှစ်ဦးကို အော်ငေါက်ထုတ်လိုက်သည်။

'ဒီလိုမလုပ်ပါနဲ့ မမရယ်၊ ကင်းမြီးကောက်ဖြူဂိုဏ်းချုပ်ကြီးရဲ့ကတော်ဖြစ်ဖို့ဆိုတာ သူယ်သူမှ မျှော်မှန်းလို့မရတဲ့ဘဝပါ၊ မမသာ အင်မတန်ကံထူးလို့ဖြစ်ရတာပါ'

ပိန်ပိန်ပါးပါးမိန်းမပျိုက စန္ဒကူမ်းမုံကို ချော့ပေါ့ပြောဆိုလိုက်သည်။ ထိုမိန်းကလေးမှာ ကင်းမြီးကောက်ဖြူစုံအိမ်မှ အစေခံမလေး ယင်ချင်းဖြစ်၏။ ယင်ချင်းက လွှက်လက်ချက်များစွာ အလှပြင်ပစ္စည်းများကို တစ်ခုပြီး တစ်ခု ထုတ်ယူကာ မှန်တင်ခုံပေါ် ချနေသည်။

ယင်ချင်းနောက်တွင် ပုပုဝဝအစေခံမလေး တစ်ဦးရှိသည်။ ထိုမိန်းကြီး၏အမည်မှာ ပိန်ရှုပိုးဖြစ်၍ စိတ်ကြမ်း ကိုယ်ကြမ်းရှိသလောက် ရိုင်းရိုင်းစိုင်းစိုင်းပြောဆိုဆက်ဆံတတ်သူဖြစ်သည်။

'အေး—ဒီမှာ ဂိုဏ်းချုပ်ကတော်ဖြစ်ဖို့လာတဲ့ရင် နင်တို့ပဲ အဲဒီဂိုဏ်းချုပ်ကိုယူကြ၊ ငါနဲ့လာပြီး လက်ထပ်မပေးနဲ့၊ နင်တို့ ဂိုဏ်းချုပ်ကို ငါမေတ္တာမရှိဘူး'

မအားဝတ်ဆင်ပေးသော အင်္ကျီကို လက်တစ်ဖက်ဖြင့် ရိုက်မျှရင်း စန္ဒကူမ်းမုက အော်လိုက်သည်။

'ဟေ ...တာမှာချော့နေစရာမလိုဘူး၊ သရာကြီးက ဆန်ကျင်ချင် ရိုက်သတ်လို့ ပြောပြီးသား၊ ဖယ်'

ပိန်ရှုးက စန္ဒကူမ်းမုံနားသို့ တိုးကပ်လာသည်။ စန္ဒကူမ်းမုက သူ့အားတွင်ငုပ်နေသော ယင်ချင်းကို တွန်းဖယ်လိုက်သည်။ ယင်ချင်းက စန္ဒကူမ်းမုရှေ့တွင် ရပ်လိုက်၏။

'အို... ရှင်သလည်း သဘောမတူတဲ့လူနဲ့လက်ထပ်ရမယ့်မိန်းကလေးဘဝ်ယောက်ဟာ ဒီလောက်တော့ရှိမှာပေါ့'

စန္ဒကူမ်းမုကို တစ်စုံတစ်ရာပြုလုပ်ရန်လာသော ပိန်ရှုးမှာ ယင်ချင်းက ကြားခံနေသောကြောင့် စန္ဒကူမ်းမုဆီသို့ ရောက်မလာပေ။



'ဒီမှာ ယင်ချင်း၊ နင်ဖယ်လိုက်စမ်း၊ သူ့ကို ငါကောင်းကောင်း ဆုံးမမယ်'

'ပိန်ရှုး ရှင်မှားမယ်နေ၁်၊ သူက မကြာခင်မှာ ရှင့်ရဲ့ မရှင်သခင်မဖြစ်လာမှာ'

'အေးလေ...သူက သခင်မပဲလုပ်မလား၊ ငါ့ရဲ့ လက်ဝါးချက်နဲ့ပဲ အသက်ထွက်မလားဆိုတာ မေးကြည့်ပါဦး'

ပိန်ရှုးက ဟန်ပြပါခါးထောက်၍ အမိန့်ပေးလိုက်သည်။ သတို့သမီးဝတ်စုံတစ်ဝက်တစ်ပျက်နှင့် ကိုရှို့ကားရား ဖြစ်နေသော စန္ဒကူမ်းမုက ထရပ်လိုက်သည်။

'ကျွန်မက ရှင်တို့သခင်မလည်း ဘယ်တော့မှ မလုပ်ဘူး၊ လူယုတ်မာရဲ့ယနကျင်းကိုလည်း လက်မထပ်နိုင်ဘူး'

'ဟင်... မိုက်လိုက်တဲ့ကောင်မပဲ'

ပိန်ရှုးမှာ ဒေါသကိုမထိန်းနိုင်ဘဲ ယင်ချင်းကို ဘေးသို့ဆွဲဖယ်၍ စန္ဒကူမ်းမုရှိရာသို့ ခုန်ဝင်ကာ လက်ဝါးဖြင့် ရိုက်ချလိုက်တော့သည်။ စန္ဒကူမ်းမုမှာ ပိန်ရှုး၏ လက်ဝါးရိုက်ချက်ကို အသာအယာခုန်ရှောင်ကာ သူမ၏ ညာခြေထောက်ဖြင့် ပိန်ရှုး၏နံကြားသို့ ကန်ထည့်လိုက်သည်။

'အို'

ပိန်ရှုးက မထင်မှတ်ဘဲ ဝင်လာသော ခြေထောက်ကို နောက်သို့ပက်လက်လှန်ကျကာ ရှောင်တိမ်းလိုက်သည်။ လျင်မြန်သော စန္ဒကူမ်းမု၏တိုက်ကွက်ကို မြင်ရသောအခါတွင် ယင်ချင်းမှာ ထိတ်လန့်သွား၏။

'သတ္တိရှိတဲ့လူလာခဲ့၊ ကျွန်မနားကို ကပ်လာတဲ့လူအားလုံး ဟာ ကျွန်မရန်သူပဲ'

'လာကြပါဦး၊ ဒီမှာ သတ္တိသမီးကို ထိန်းလို့မရတော့ဘူး'

ယန်ချင်းက တံခါးဝနားတွက်၍ အော်လိုက်သည်။ အခန်း အပြင်ဘက်တွင် အသင့်စောင့်နေသော ကင်းမြီးကောက်ဖြူ ဂိုဏ်းသားငါးဦး လျှင်မြန်စွာရောက်ရှိလာကြသည်၊

'ဘာလဲ၊ ဘာဖြစ်တာလဲ'

ထိုငါးဦးမှာ အခန်းတွင်းသို့ ဝင်ရောက်လာသော ပိန့်ရှူးကို တိုက်ခိုက်ရန်ပြင်နေသော စန့်ကွမ်းမုံမှာ ထိုလူငါးဦးကို ရင် ဆိုင် တိုက်ခိုက်ရန် ပြင်လိုက်စဥ်မှာပင် အိမ်ခေါင်မိုးပေါ်မှ လူမျက်နှာတစ်ခုကို မြင်လိုက်ရသည်။

စန့်ကွမ်းမုံက၊ ဖျတ်ခနဲ မျက်နှာလွှဲပစ်လိုက်ရင်း ကင်း မြီးကောက်ဖြူ ဂိုဏ်းသားငါးဦးအား စကားလှမ်းပြောလိုက် သည်။

'ရှင်တို့က ယောကျ်ားတွေဖြစ်ပြီးတော့ မိန်းမလေး တစ် ယောက်တည်းကို ဝိုင်းတိုက်ဖို့လာတာ မရှက်ဘူးလား'

'ဘာမှရှက်စရာမလိုဘူး၊ ဒါဟာ တို့တာဝန်ပဲ၊ မင်း အသာတကြည် မင်လာပဲ့ကိုမအက်ရင် မင်းကို အကြောပိတ် ပြီး တို့ကနေမြဲမပျက်အောင် တွဲခေါ်သွားရမှာပဲ'

လူငါးယောက်မှ ခေါင်းဆောင်ဖြစ်သူက ပြောလိုက်၏။ ထိုကဲ့သို့ပင်စီစဥ်နေသည်ကို စန့်ကွမ်းမုံက တွက်ဆထားပြီး ဖြစ် နေသည်။



'ရှင်တို့ငါးယောက်တော ကျွန်မကိုနိုင်မယ်လို့ ထင်သလား'

'မကြာခင်သိရမှာပေါ့'

ထိုစဥ်မှ ယင် အခန်းတံခါးကို အဖွဲ့သားတစ်ယောက်ကဆွဲ ပိတ်လိုက်သည်။ ဝေဝါးညှိုး ညို အသံများကို တစ်ဖက်ခန်းတွင် စိမ်းယပ်၍အကျော်တောက်နေသော ရှဲယန်ချင်း မကြားရ အောင် စီစဥ်ခြင်းဖြစ်သည်။

'မင်းကို တောင်းပန်ပါစေ ဆိုးမပြီးတော့မှ ငါတို့ဂိုဏ်း ချုပ်ကြီးရဲ့လက်ကိုအပ်ရမယ်'

'ဟော....ဟင်'

'ဝှန်း'

စန့်ကွမ်းမုံကို တိုက်ခိုက်ရန် ဟန်ပြင်နေစဥ်မှာပင် အခန်း တွင်း၌ မီးခိုးလုံးများဖုံး လွှမ်းသွားသည်၊ ထင်စုံတစ်ယောက် က အဆိပ်ငွေ့ဖြင့် ပစ်ခတ်လိုက်ခြင်းဖြစ်ပေသည်။

'ဟာ....ဟော....အငွေ့တွေ'

'အား....ဝူး'

အော်ရှင်းဟစ်ရင်း ပိန့်ရှူးနှင့်ယင်ချင်းတို့နှစ်ဦးမှာ လဲကျ သွားကြသည်။ ကင်းမြီးကောက်ဖြူဂိုဏ်းသား ငါးဦးမှာ လည်း မီးခိုးလုံးများကြားထဲတွင် ထင်မထင်ရှားရမ်း၍ခုတ်ထစ် ကြ၏။

ထို့နောက် သူတို့ ကြာကြာမခုခံနိုင်ပါပေ။ ခြေသက်များ ပေးလံလာကာ ယိုင်ထိုး၍ အခန်းထဲတွင် လဲကျသွားကြလေ တော့သည်။

'ယော....ဟိုဘက်ခန်းက ဘယ်လို ဖြစ်နေတာလဲ၊ ဘယ်သူ့လက်ချက်လဲ'

တစ်ဖက်ခန်းတွင် အရက်သောက်ရင်း ဇိမ်ယစ်နေသော ရှိယန် ကျွင်း က ထအော်လိုက်၏။ သို့သော် အသံများက တစ်ခဏအတွင်း တိတ်ဆိတ်သွား သောကြောင့် အရက်ခွက်ကိုကိုင်ကာ သူသည် မော့သောက်လိုက်၏။

အဆိပ်ငွေ့မိကာ လဲကျသော သူများထဲတွင် စန်းကွမ်းမုလည်း ပါဝင်လေသည်။ မျက်နှာဖုံးစွပ်ထားသူ သုံးဦးသည် အမိုးပေါ်မှခုန်ချလာပြီးနောက် စန်းကွမ်းမုကိုပွေ့ချီကာ ပြေးပေးလိုက်၏။

ကျန်မျက်နှာဖုံးစွပ်နှစ်ဦးမှာ ကင်းမြီးကောက်ဂိုဏ်းသားများနှင့် အစေခံမလေးနှစ်ဦးအား နောက်ဘက်ခန်းထဲသို့လျှင်မြန်စွာဆွဲယူသွားကြလေသည်။ ထို့နောက် ထိုဂုတ်စုံနှစ်ဦးမှာ သူတို့၏မျက်နှာပေါ်မှ မျက်နှာဖုံးများကို ချွတ်ချလိုက်ပြီးနောက် ကင်းမြီးကောက်ဂိုဏ်းသားတို့၏ ဝတ်စုံကိုချွတ်ကာ လဲလှယ်လိုက်ကြသည်။

မိနစ်ပိုင်းအတွင်းမှာပင် အဆိပ်ငွေ့မိနေသော စန်းကွမ်းမုမှာ သတိရလာသည်။

'ဟင်... ရှင်....မှင်....လုရှောက်ဖုန့်မဟုတ်လား'

စန်းကွမ်းမုက သူ့ကိုပွေ့ချီထားသော မျက်နှာဖုံးစွပ်ထားသူ၏ မျက်နှာကိုစမ်းသပ်ကာ မေးလိုက်သည်။

'မင်း ငါ့အသံကိုမမှတ်မိဘူးလား'



'အို...အသံကိုမှတ်မိစရာ မလိုပါဘူး၊ ဒီစံအိမ်ထဲကိုရောက်အောင် ဝင်နိုင်တာ လုရှောက်ဖုန့်ကလွဲပြီး ဘယ်သူများဖြစ်နိုင်ဦးမှာလဲရှင့်'

'ကဲ... ထ အချိန်မရှိဘူး၊ သူ့မင်္ဂလာပွဲကို ဂူခြေမပျက်လိုက်သွားပါ၊ဟိုနှစ်ယောက်က လိုက်တွဲပို့လိမ့်မယ်၊ သူတို့စီစဉ်အတိုင်း လိုက်နာနော်'

စန်းကွမ်းမုက ခေါင်းညိတ်ပြလိုက်သည်။ လုရှောက်ဖုန့်တာကားဆုံးသည်နှင့် ခေါင်မိုးပေါ်သို့ လွှားခနဲ ပြန်၍ခုန်တက်သွားလေတော့သည်။ မင်္ဂလာပွဲသို့ လိုက်ပါပို့ဆောင်မည့်သူနှစ်ဦးမှာ လုံပင်းနှင့်ဆက်တုကျိုး ဖြစ်သည်။ သူတို့က မင်္ဂလာပွဲမပျက်အောင် စန်းကွမ်းမုကိုအကြောပိတ်၍ လိုက်ပါပို့ဆောင်ရမည့်ပုံစံမျိုး ဟန်ဆောင်ရပေမည်။

သည်တစ်ခါတော့ ပြင်ဆင်ပေးမည့်သူမရှိဘဲ စန်းကွမ်းမုသည် သတို့သမီးဝတ်စုံကို မိမိဘာသာ ဝတ်ဆင်လိုက်လေသည်။

....ဝ....

ဝ

## အခန်း ( ၂၃ )

မင်္ဂလာခန်းမအတွင်းသို့ ဆံပင်များကို နောက်တွင်ထုံးထားသော လူကြီးတစ်ဦးနှင့် အရပ်အလွန်ပုသော လူငယ်တစ်ဦးတို့ဝင်လာကြသည်။ ထိုသူနှစ်ဦးဝင်လာသည်ကို တွေ့သည်နှင့် ဓုခမ်းဘုန်းမှာ အပေါက်ဝသို့ ပြေးသွားကာ ကြိုဆိုလေသည်။

'ကြွပါ... ကျွန်းလက်ဝါးကိုက်းချုပ်ကြီး ခင်ဗျား၊ မင်္ဂလာပွဲက မကြာမီစတင်ပါတော့မယ်'

'ရဲယန်ကျင်းရော'

'ရှိပါတယ်၊ မကြာခင် သတို့သမီးနဲ့ သတို့သားက ဟိုလှေကားကဆင်းလာကြပါလိမ့်မယ်'

'ဪ... တို့လည်း အချိန်မီလာလာပဲ'

ကျွန်းလက်ဝါး ဝိုက်းချုပ်ကြီးလျူယိနှင့် သူ့တပည့်လူပုလေးတို့မှာ သူတို့အတွက် ပြင်ဆင်ထားသော စားပွဲရှိရာသို့ ဦးဆောင်ခေါ်သွားကြလေ၏။



ထောင့်ဆုံးစားပွဲတွင်ထိုင်နေသော မိန်းမသုံးဦးတို့၏ မျက်နှာများကား တင်းမာနေကြ၏။ ထိုအမျိုးသမီးသုံးဦးမှာ ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီး၏ ပထမဇနီး၊ ဒုတိယဇနီး နှင့်တတိယဇနီး လီနှဲချူ တို့ပင်ဖြစ်လေသည်။

အသူ့ အမြဲ့ လိန်ချူးမှာ ပိုရွံ့ကြောက်မချမ်း ဖြစ်နေသည်။ ဧည့်သည်များရောက်မလာမီအချိန်ထိ လိန်ချူးသည် နောက်ဆုံးဇနီးအဖြစ် အရေးပေါ်ခံကာကြင်၏ လိန်ချူးသည် ကျန်မိန်းမနှစ်ဦးကို ကြည့်ကိုးခဲ့သည်။

'ဒီမှာ ချူရှင်စ၊ ရှင့်သမီးကဲ ရန်သူတွေကို ကော်ယိုက်တာ သိလား'

လိန်ချူးက ပထမဇနီး ချူရှင်စန်းကို ပြောလိုက်သည်။

'ဘာရှင့် ရှင်ဘာမဟုတ်တာ လျှောက်တွန်းဦးမလို့လဲ'

'လျှောက်တွန်းတာ မဟုတ်ပါဘူး၊ ကျွန်မ စောနကခဲ့ပြောတာပါ၊ ရှင့်သမီးက တိုးနဲ့ကဲ ကျွန်မသက်ရမယ့် လူသိုးယောက်ကို ကယ်လိုက်တယ်'

'ဟုတ်လား လိန်ချူး'

ဒုတိယဇနီး မုပါးက ဝင်မေးလိုက်ခြင်းပင် ဖြစ်လေသည်။

'ဟုတ်တယ် မုပါး၊ အဲဒီကိစ္စကို ငါပြောပြမလို့ဟာကို မစိတ်မွန်နေတဲ့ ရဲယန်ကျင်းက ငါ့ကို အတွေ့မခံဘူး၊ မတော်နိုင်ဘူးလေ၊ သူ့ကံကြမ္မာ သူဖန်တီးမှာပေါ့'

'ဘာဖြစ်လာနိုင်လို့လဲ'

'အဲဒီလူကြောကြည့်ရတာ သိုင်းပညာ ထိပ်သီးသမားတွေ ချည်းပဲ၊ မကြာခင် တစ်ခုခုဖြစ်မယ်လို့ ငါထင်တာပဲ'

ဗုပါးကိုလိုးချုံက ခွဲ့ဘာ ပြောလိုက်လေသည်၊

'သမီးကတော့ ဘာတွေ လျှောက်လုပ်နေသလဲ မသိဘူး၊ ဒုက္ခပါပဲ'

အသက်အရွယ်ကြီးရင့်ပြီဖြစ်သော ပထမဇနီး ချူရင်စန့်က ညည်းတွားလိုက်သည်။ ချူရင်စန့်မှာ ကင်းမြီးကောက်ဂိုဏ်း ချုပ်ကြီး ရှဲယန်ကျင်း၏ ပထမဆုံး သိမ်းပိုက်ခြင်း ခံရသော ဇနီးဖြစ်သည်။

သို့သော် အသက်အရွယ်ကြီးရင့်ခြင်းက တစ်ကြောင်း၊ ခပ် အေးအေးနေတတ်သူဖြစ်ပြီး သူ့ယောကျ်ား ချင်ကွေ့စမ်းမှာ ရှဲယန်ကျင်း၏ သတ်သင်မှုကြောင့် သေဆုံးသွားပြီဟု ထင်မှတ် ၍တစ်ကြောင်းတို့ကြောင့် သူ့ဘဝကိုသူ အေးအေးအေးပင် နေချင်သည်။

သမီးစုခင်းကိုလည်း ကင်းမြီးကောက်ဂိုဏ်းချုပ်ရှဲယန်ကျင်း က သမီးရင်းလို စောင့်ရှောက်ထားမှန်းသိ၍ ဘာပြဿနာမှ မဖြစ်လိုပေ။



'ဒါဆိုရင်တော့ ချူရင်စန့်၊ ရှင်တို့သားအမိ ဒုက္ခပဲ၊ ဒီကိစ္စ သာ ရှဲယန်ကျင်းသိရင်တော့ ရှင်တို့သားအမိကို ဒီအတိုင်း ထားမှာမဟုတ်ဘူး'

'အင်း... ငါလည်း အသက်အရွယ်ကြီးမှ ဒုက္ခရောက်တော့ မှာပဲ၊ ဒီကောင်မလေးကို အချိန်မီတားဆီးဦးမှဖြစ်မယ်'

မင်္ဂလာခန်းမအတွင်းမှ ချူရင်စန့်ထ၍ ထွက်လာသည်။ သူသည် သမီးဇောနှင့် မင်္ဂလာခန်းမကိုဖြတ်ကာ အပေါ်ထပ် သို့ တက်လာခဲ့သည်။ အပေါ်ထပ်တွင် သူတို့သားအမိနေ သော အခန်းရှိသော်လည်း သူမအခန်းထဲသို့ ဝင်လိုက်ချိန်မှာ ပင် တစ်ဖက်ခန်း၌ရှိ ရှဲယန်ကျင်းမှာ အခန်းထဲမှထွက်လာသည်။

'ဟေ့....မင်းဘယ်သွားမလို့လဲ'

'ဘယ်မှမသွားပါဘူး၊ ခေါင်းထဲကမူးလာလို့ အပေါ် ထပ် တက်လာတာ'

'ဒါဆိုလည်း အိပ်ရာပေါ်မှာ လှဲနေပါလား၊ မင်္ဂလာပွဲက တော်ခါနီးနေပြီ၊ အောက်မှာ လူတွေစုံပြီလား'

'စုံပါတယ်၊ ကျားလက်ဝါးဂိုဏ်းချုပ်ကြီးတောင် ရောက် လာတာတွေ့တယ်'

'အေး....အေး'

အချက်ရှိန်ရနေပြီဖြစ်သော ရဲယန်ကျော်သည် စန်းကွမ်းမို့ အလှပြင်နေသော အခန်းကိုခေါက်လိုက်၏။

'ဟေ့... အလှဖြင့်ရဲ့ မပြီးသေးဘူးလား၊ အချိန်နီးနေပြီ'

'လာပါပြီ'

လှတစ်ယောက်၏အသံကို ကြားလိုက်ရသည်။ ပြော... ကိုလည်း ဂိုဏ်းသားတစ်ဦး၏ အသံဟု ရဲယန်ကျော်က သတ်မှတ်လိုက်လေသည်။

မကြာမီ အခန်းတံခါးပွင့်လာ၏။ စန်းကွမ်းမို့က ဆံကျင်၍ အနကြာပိတ်ထားရုံပေါ်ကြောင်း ရဲယန်ကျော်က သဘောပေါက်လိုက်သည်။ သူကိုယ်တိုင် မသတ်သော ကျွတ်ကန်ကန်ရှိခဲ့သော စန်းကွမ်းမို့၏ အခြေအနေကို ရိပ်မိ၍ မျက်နှာမပျက်ရအောင် တိုင်စိစဉ်ရန် အမိန့်ပေးထားခြင်း ဖြစ်၏။

'သူငယ်လေးကဲ့ ဒီလို ဂိုဏ်းချုပ်တစ်ယောက်နဲ့ လက်ထပ်ရမှာကို ဂုဏ်ယူမှုမတတ်သေးဘူးကိုး၊ လာပါကွယ်...နောက်တော့ ဂိုဏ်းချုပ်ကတော်ရဲ့ ရာထူးဆိုတာ ဘယ်လောက် အရှိန်အဝါရှိတယ်ဆိုတာ ခင်းသဘောပေါက်လာမှာပါ'

အပေါ်ဖုံးကို အကြောပိတ်ထားပြီးပြီဟု ယူဆကာ ရဲယန်ကျော်သည် စန်းကွမ်းမို့၏လက်မောင်းကိုဆွဲကာ သူ့လက်



မောင်းကြားသို့ ချိတ်လိုက်၏။ ကိုယ်ကိုမထိန်းနိုင်သော ... ဖြင့် စန်းကွမ်းမို့က ရဲယန်ကျော်ထက်သို့ ပိုင်ကျစွာ သူမခေါင်းကို ပခုံးထက်မှီထားလိုက်သည်။

ရဲယန်ကျော်သည် မင်္ဂလာဝတ်စုံ ဝတ်ထားသော သတို့သမီးလေးကိုဆွဲကာ အပေါ်ထပ် လှေကားထစ်မှ ဆင်းလာသည်။ ရဲယန်ကျော်၏နောက်တွင် တင်းကြံ့ကြာသော ဂိုဏ်းသားယောက်ျားဆောင်ထားသော ဆူကိုနှင့်လုပန် တို့ လိုက်ပါလာကြသည်။

ခန်းမကြီးထဲရှိလူများအားလုံး မတ်တတ်ရပ်လိုက်သည်။ လက်ထောက်ဂိုဏ်းချုပ်ဖြစ်သော ဝုခမ်းခုန်းက တော့အားရှင်း မှုရပ်တော ရဲယန်ကျော်ကို ကြိုဆိုလိုက်၏။

ထိုအချိန်မှာပင် ဝုခမ်းခုန်း၏ဘေးသို့ ရဲယန်ကျော်၏ ဇနီးဖြစ်သူ လိန်ချူးရောက်လာသည်။ လိန်ချူးသည် အကျဉ်းသား သုံးဦးကို စုခင်းက ကယ်တင်ထားကြောင်း မပြောပြရန် ရောက်ရှိလာခြင်းဖြစ်၏။ ဝုခမ်းခုန်းမှာလည်း စိတ်ထဲတွင် ဇဝေဇဝါ ခံစားနေရသည်။

'ဂိုဏ်းချုပ်ကြီးရဲ့ နောက်က လိုက်လာတဲ့ ဂိုဏ်းသားနှစ်ဦး ရဲ့ မျက်နှာကို ငါမမြင်ဘူးပါလား၊ ဒီကောင်နှစ်ကောင်ဟာ ရဲယန်ကျော်က လျှို့ဝှက်ခန့်အပ်ထားတဲ့ ဂိုဏ်းသားများလား၊

အို...ဒီလိုလည်း မဖြစ်နိုင်ပါဘူး၊ ရဲ့ယန်ကျင်းဟာ ငါ့ကို အားလုံးပြောပြထားတာပဲ'

သူဇဝေဇဝါဖြစ်နေချိန်တွင် သူ့ဘေးသို့ လူတစ်ယောက် လာရပ်လိုက်သည်။ ရဲ့ယန်ကျင်း၏ တတိယဇနီး လိန်ချူးပင် ဖြစ်သည်။

'ဟင်.. လိန်ချူး၊ နင် ဒီနေရာကို ဘာလာလုပ်တာလဲ'

ဝုခမ်းခုန်းက ခပ်ကိုးကိုးမေးလိုက်သည်။

'ကျွန်မယောကျ်ားကို ပြောစရာရှိလို့ပါ'

'သွား....သွား ဒီအချိန်မျိုးမှာ နင်မနှောင့်ယှက်သင့်ဘူးဆိုတာ မသိဘူးလား'

'ဟို...အရေးကြီးလို့ပါ၊ မလာလို့မဖြစ်လို့ ကျွန်မ လာရတာ'

'သွား....ခုချိန်မှာ မင်္ဂလာလက်ထပ်ပွဲထက် ဘာမှအရေးမကြီးဘူး'

လက်ထောက်ဂိုဏ်းချုပ်ဝုခမ်းခုန်း၏ မာကျောသောအသံနှင့်အတူ လက်ဝှေ့ယမ်းမှုကြောင့် ရှဲ့ယန်ကျင်းမှာ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ လိန်ချူးကိုတွေ့သည်နှင့် ရှဲ့ယန်ကျင်းက



ဒေါသထွက်သွားသည့် ရှဲ့ယန်ကျင်း၏ မျက်နှာအမူအရာကိုသိသော ဝုခမ်းခုန်းက လိန်ချူးကို သူ့လက်ဝါးချက်ဖြင့် ခပ်ပြင်းပြင်းရိုက်ချလိုက်သည်။

'ထွက်သွားစမ်း၊ အလိုက်မသိတဲ့ဟာမ'

ဝုခမ်းခုန်း၏ အတွင်းအားပါသော လက်ဝါးရိုက်ချက်ကြောင့် လိန်ချူးမှာ ပြင်းထန်သောဒဏ်ရာရကာ နောက်သို့ ခြေသုံးလှမ်းယိုင်သွားသည်။

'နင်တို့ ကျွန်မစကားကို နားမထောင်ရင် မကြာခင်မှာ ဒုက္ခရောက်မှာပဲ'

လိန်ချူးက မျက်ရည်ရစ်ဝဲလျက် အံကြိတ်ကာ ပြောဆိုပြီးနောက် ဧည့်ခံပွဲခန်းမထဲမှ ထွက်ခွာသွားလေတော့သည်။ ထိုအချိန်မှာပင် ရှဲ့ယန်ကျင်းနှင့် စန့်ကွမ်းမုတို့အတွဲသည် မင်္ဂလာခန်းမထဲသို့ ခြေလှမ်းဆင်းလိုက်၏။

ခန်းမ၏အဝတွင်ရပ်ကာ လက်ဝှေ့ယမ်း၍ ရောက်ရှိနေသော ပရိသတ်ကို နှုတ်ခွန်းဆက်လိုက်သည်။

'အားလုံး ကျန်းမာချမ်းသာကြပါစေ၊ ကျွန်တော့်ရဲ့ မင်္ဂလာပွဲကို ခုလိုလာရောက် အားပေးချီးမြှင့်တဲ့အတွက် အားလုံးကိုကျေးဇူးတင်ပါတယ်'

'ဟင်'

စကားအဆုံးတွင် ရဲယန်ကျင်း၏ ကိုယ်ခန္ဓာကြီးသည် နောက်မြန်ရွေ့သွားသည်။ နောက်မှ တစ်စုံတစ်ဦးက ဆွဲယူလိုက်သောကြောင့် ပါသွားခြင်းဖြစ်သည်။ ရဲယန်ကျင်းမှာ စကားပင်ဆုံးအောင် ပြောကြားခွင့်မရခဲ့ပေ။

ရဲယန်ကျင်း၏အဖြစ်ကိုကြည့်ကာ မရိသတ်က အံ့အားသင့်သွားသည်။

'ဟင်... ဘယ်လိုဖြစ်တာလဲ'

'ဒါ သေးရိုးသားရိုးမဟုတ်ဘူး'

ရဲယန်ကျင်းမှာ အားကုန်းအားကြီးသူတစ်ယောက်၏ ဆွဲယူခြင်းကိုခံရကာ သူ့စံအိမ်အပြင်ဘက် မြက်ခင်းပေါ်သို့ရောက်ရှိသွားခဲ့ပြီ။ ရဲယန်ကျင်းကို ဆွဲယူသွားသူမှာ ကင်းမြီးကောက်ဂိုဏ်းသားယောင် ဆောင်ထားသော ဆက်ကူပင်ဖြစ်သည်။

'လာခဲ့...လူယုတ်မာကြီး၊ မင်းကို ခေါင်းဖောင်းဆုံးမရမယ်'

ရဲယန်ကျင်းမှာ ကုပ်မှကိုင်ဆွဲ၍ ခေါ်ခြင်း ခံရသောကြောင့် ရုန်းကန်ကြည့်သည်။ သို့သော် ရုန်းကန်၍မရပေ။ မြက်ခင်းပေါ်သို့ ဖင်တရွတ်တိုက်ပါသွားပြီး ထိုသူက လွှတ်လိုက်တော့မှ ပက်လက်လန်သွားသည်။ ရဲယန်ကျင်းမှာ ဆတ်



ခနဲ မြက်ခင်းပေါ်မှခုန်ထကာ သူ့ရန်သူကို မျက်နှာချင်းဆိုင်လိုက်၏။

'အော်... မင်းကိုး၊ မင်းခုထိ အသက်ရှင်နေတုန်းပဲလား'

'ဟုတ်တယ်၊ ကျုပ်က အသက်ပြင်းတယ်၊ ခင်ဗျားတို့မသတ်ရမချင်း ကျုပ်မသေဘူး'

ရဲယန်ကျင်းက ဆက်ကူကို ကင်းမြီးကောက်လက်ဝါး သိုင်းကွက်ဖြင့် ဝင်ရောက် တိုက်ခိုက်တော့၏။ ရဲယန်ကျင်း၏ တိုက်ကွက်မှာ မည်သည့်သိုင်းပညာရှင်မျှ အသုံးမပြုသေးသော သိုင်းကွက်မျိုးဖြစ်၍ ဆက်ကူ ထိတ်လန့်စွာ နောက်သို့ ခုန်ရှောင်လိုက်ရ၏။

'အိုး'

ရဲယန်ကျင်း တိုက်ခိုက်ပုံက ကင်းမြီးကောက်တစ်ကောင် တိုက်ခိုက်ပုံနှင့် တူလွန်းလှသည်။ သူသည် ဆက်ကူ၏မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ညှပ်ရိုက်ပြီးနောက် မြေကြီးပေါ်သို့လက်ထောက်ကာ သူ၏ခြေဖနောင့်ဖြင့် ဆက်ကူ၏ ခေါင်းပေါ်သို့ ပေါက်ချလိုက်ခြင်းဖြစ်သည်။

ဆက်ကူမှာ ထိတ်လန့်ကာ နောက်သို့ သုံးလေးကွက် ခုန်ဆုတ်လိုက်ရတော့သည်။ အကယ်၍သာ လက်ဝါးရိုက်ချက် လွတ်ရုံမျှရှောင်တိမ်းလျှင် ခြေဖနောင့် ပေါက်ချက်ကြောင့် ခေါင်းမှာကွဲထွက်သွားနိုင်ပေသည်။

'ဟား....ဟား...ဟား.... တောင်ဆောင်လန့်သွားသလား၊ကျွ စောစောက ငါ့ကို ဘယ်သူကဆွဲသွားသလည်းဆိုတာ သိချင်လို့ လိုက်လာတာ လက်စသတ်တော့ သူခိုးစိတ္တာကြီး ကြယ်ချွေဆက်တုကိုး'

သူ၏ တစ်ကြိမ်မျှရောင်တိမ်းလိုက်ရုံကိုကြည့်ရုံဖြင့် ရဲယန်ကျင်းသည် ဆက်တုကို မှတ်မိသွားသည်။

'ဟုတ်ဘယ်၊ ဒီနေ့ ခင်ဗျားရဲ့ ဒုစရိုက်ဂိုဏ်းကြီးကိုဖြိုခွဲ ကျုပ်ရောက်လာတာပဲ'

'အင်း...မင်းကို သေသွားပြီလို့ သတ်မှတ်ထားတာ လက်စသတ်တော့ ရက်နည်းနည်းပိုပြီး အသက်ရှင်နေသေးတာကိုး'

ရဲယန်ကျင်းသည် ဆက်တုကို အသေတိုက်ခိုက်တော့မည်ဖြစ်ကြောင်းကို အရိပ်အမြွက်မျှပြလိုက်ခြင်းဖြစ်သည်။ ဆက်တုသည် ရဲယန်ကျင်း၏ ကင်းမြီးကောက် တိုက်ကွက်ဖြင့် နှိုးဆွ ဒူးတွေ့တွေ့လိုက်ရ၍ သတိဖြင့်စောင့်ကြည့် တိုက်ခိုက်နေရသည်။

ရဲယန်ကျင်းက သူ၏ခြေထောက်ကို ထောက်ကာ ဆက်တုရှိရာသို့ ခုန်ဝင်လာသည်။ သူ၏သိုင်းကွက်မှာ ကင်းမြီးကောက်ခုန်ထိုး မြေဘုန်သိုင်းကွက်ပင်ဖြစ်သည်။ လက်ဝါးနှစ်ဖက်တွင် အားရှိ၍ ထိုလက်ဝါးဖြင့် ရိုက်ခြင်းခံရလျှင် ဦးခေါင်းပြား



သွားနိုင်သကဲ့သို့ ဖနောင့်ပေါက်ချက်ဖြင့် ခံရလျှင်လည်း လက်ကျိုးသွားနိုင်သည်။

ကြယ်ချွေဆက်တုသည် ခါးတွင်ချိတ်ထားသော သူ၏ဓားကို ဆွဲထုတ်လိုက်ကာ သူ့အပေါ်သို့မိုးကာ ခုန်ဝင်လာသော ရဲယန်ကျင်း၏ခါးကို ဓားဖြင့်ခုတ်ချလိုက်သည်။ သူခုတ်ချပုံကား မြန်ဆန်လှသည်။

ခြေတစ်ဖက်ကို ဒူးထောက်ထိုင်ကာ ကိုယ်ကိုစောင်း၍ ပြန်သွင်းလိုက်ခြင်းကြောင့်ပင်ဖြစ်၏။

သို့သော် ရဲယန်ကျင်းက ထိုသိုင်းကွက်ကို ကြိုတင်၍တွက်ဆထားပုံရသည်။ ခုန်ဝင်လာသောသူ၏ကိုယ်ကို ပက်လက်မှန်ဖျံကာ ခြေနှစ်ဖက်ကိုကွေး၍ ဆက်တု၏ ဓားကိုင်ထားသော တံတောင်ဆစ်ကို ခိုက်ကန်လိုက်သည်။

'ဟိုဘ'

'အိုး'

ဆက်တုက ဓားချက်ကိုမခုတ်နိုင်တော့ဘဲ ကိုယ်ကိုနောက်သို့လိမ့်ထွက်လိုက်သောကြောင့်ရဲယန်ကျင်း၏ကန်ကွက်မှာအနည်းငယ်လေး လွတ်မြောက်သွားခြင်း ဖြစ်ပေတော့သည်။

ဆက်တုက ရဲယန်ကျင်းကို ဆွဲထုတ်ပိုက်သောကြောင့် ညှိခံပွဲမှာ ရှုတ်ရှုတ်သဲသဲ ဖြစ်သွားသည်။ လှေကားရင်းတွင်

ရပ်နေသော ဝုခမ်းခုန်းသည် ဂိုဏ်းချုပ်ကြီးကို ဆွဲထုတ်သွား၍ သူအား တိုက်ခိုက်ရန် တံခါးပေါက်သို့ ပြေးထွက်လာ၏။

'ဒိုး'

တစ်စုံတစ်ဦးက အရှိန်ဖြင့်ဆောင့်တွန်းခြင်းခံရသကဲ့သို့ ဖြစ်ပြီး ဝုခမ်းခုန်းလည်း ခန်းမထဲတွင် ပက်လက်လန် ကျသွားသည်။

'ဟင်...ဘာဖြစ်တာလဲ'

'ရန်သူတွေရောက်လာပြီထင်တယ်'

'တို့နယ်ထဲကိုဝင်လာတဲ့ ရန်သူတွေကိုရှင်းကြ'

ကင်းမြီးကောက်မြို့ဂိုဏ်းသားများ တစ်ယောက် တစ်ပေါက်ပြေးကာ တံခါးပေါက်ဝသို့ ပြေးထွက်လာသည်။ သို့သော်လည်း တံခါးပေါက်ဝမှာ လူတစ်ဦးက ပိတ်ရပ်နေသည်။ ထိုသူသည် မျက်နှာဖုံးစွပ်ထားပြီး ကြံ့ခိုင်တောင့်တင်းသော သိုင်းသမားတစ်ဦး၏အသွင်ကို ဆောင်နေသည်။

တံခါးပေါက်ဝမှလူကို ပစောက်ပုံသဏ္ဌာန် ဝိုင်းထားကြပြီး ရုတ်တရက် မည်သူမျှဝင်မတိုက်ခိုက်ရဲကြသေး။

'ဟေ့...သေချင်းဆိုးနဲ့မသေချင်ရင် မင်းခေါင်းက မျက်နှာဖုံးကိုချွတ်ပြီး အဖမ်းခံစမ်း'



'ကျုပ် အဖမ်းခံဖို့လာတာ မဟုတ်ဘူး'

'ဟင်'

အေးစက်စက်လေသံကို ကြားလိုက်ရသောကြောင့် ဝုခမ်းခုန်းမှာ ကျောထဲမှစိမ့်ခနဲ ဖြစ်သွားမိသည်။ သူသည် မျက်ခုံးလေးခုရှင် လုံရှောက်ဖုန်နှင့် ရင်ဆိုင်နေရပြီဆိုသည်ကို အလိုလို သိနေသည်။

'လုံရှောက်ဖုန်၊ သူများကိစ္စထဲမှာ ဝင်မရှုပ်ချင်ပါနဲ့၊ မင်းလမ်းကို မင်းသွားပါ၊ ဒီတစ်ခါ မင်းရဲ့ အသက်ရှင်သန်မှုဟာ သိပ်ထန်ပိုးကြီးတယ်ဆိုတာ မင်းနားလည်စမ်းပါ'

ဝုခမ်းခုန်းက လုံရှောက်ဖုန်ကို ရင်ဆိုင်ရမည်ကို ဝန်လေး၍ စပ်အိုင်းဆိုင်းပြောလိုက်၏။ ဝုခမ်းခုန်း၏ ခပ်ရွံ့ရွံ့အမူအရာကို တွေ့မြင်သောအခါတွင် ကျားလက်ဝါးဂိုဏ်းချုပ်ကြီး လျူယိက နေရာမှထလာသည်။ သူ့နောက်မှ လူပုလေးလည်းလိုက်ပါလာသည်။

'ဒီမှာ ဝုခမ်းခုန်း၊ ဘာလို့ ရန်သူကို သဘောထားညှိနေရတာလဲ၊ ဖယ်စမ်း၊ ကျုပ်ရင်ဆိုင်မယ်'

လျူယိက သူ၏ကြီးမားသော ကိုယ်ခန္ဓာကြီးကို သယ်ဆောင်လာကာ လူကြားထဲသို့ တိုးဝင်လိုက်သည်။

'ခြေဒ် - ကျားလက်ဝါးဂိုဏ်းချုပ်ကြီး လျှို့ဝှက်ဆိုတာ ခင်ဗျားကိုး ခင်ဗျားကို တွေ့ချင်နေတာနဲ့ အတော်ပါပဲ'

လုံရှောက်ဖုန်က မထိလေးစားအသံဖြင့် ပြောလိုက်လေသည်။

'မှုပ် ကျားလက်ဝါးဂိုဏ်းချုပ်နဲ့ တိုက်မယ် ဆိုရင်တော့ သူ့နောက်က လူပုံလေးကို ပိုသတိထားပေါ့'

ဝုခမ်းခုန်းက အမိုးပေါ်သို့ မော့ကြည့်လိုက်သည်။ အမိုးပေါ်မှ အသံရှင်မှာ ကြောင်တစ်ကောင်လို လွှားခနဲ ခုန်တက်သွားလေသည်။

ဝုခမ်းခုန်းသည် ခေါင်မိုးပေါ်မှမိန်းကလေးကို စိုက်ခိုက်ရန် လွှားခနဲခုန်တက်လိုက်၏၊ ခေါင်မိုးပေါ်တွင် လူရိပ်နှစ်ရိပ် ဖြစ်နေသည်။ လရောင်ပိုးတဝါးနှင့် စောစောက အသံရှင်မှာ မည်သူမည်ဝါဟူ၍ သဲသဲကွဲကွဲမသိနိုင်။ ဝုခမ်းခုန်းသည် လူရိပ်နှစ်ရိပ်၏အလယ်တွင် ရောက်နေလေသည်။

တစ်ဖက်မှလူရိပ်မှာလည်း အမည်းရောင် ဝတ်ဆင်ထား၍ မျက်နှာဖုံးစွပ်ထားပုံရသည်။

'ဟော့ မင်းဘယ်သူလဲ'

ဝုခမ်းခုန်းက အော်ဟစ်မေးမြန်းသည်။ လူရိပ်က ဝုခမ်းခုန်း၏အမေးကိုမဖြေဘဲ လျှောက်လှမ်းလာနေသည်။



'ဟင်'

ဝုခမ်းခုန်းက ဘယ်ဘက်သို့ လှည့်ကြည့်သောအခါ တစ်ဖက်မှ လူရိပ်က ... ရှိရာသို့ ခြေလှမ်းတစ်လှမ်း လှမ်းနေ၏။ ညာဘက်မှလူရိပ်သည် အမျိုးသမီးတစ်ဦး၏ကိုယ်ခန္ဓာဖွဲ့စည်းပုံမျိုးဖြစ်သကဲ့သို့ ဘယ်ဘက်မှ လူရိပ်မှာလည်း အမျိုးသမီးတစ်ဦး၏အသွင်နှင့်ပုံ တူညီနေလေသည်။

'ဟော့.... စောစောက စကားသံကို ဘယ်သူပြောတာလဲ'

ညာဘက်မှလူရိပ်က စကားမတုံ့ပြန်၍ ဘယ်ဘက်မှလူရိပ်ကို မေးလိုက်သည်။ သို့သော် လူရိပ်နှစ်ရိပ်လုံးမှာ ခြေလှမ်းညီညီဖြင့် သူ့ရှိရာသို့လှမ်းလာနေသည်။

မိန်းမပျိုနှစ်ဦး၏ လျှောက်လှမ်းလာပုံမှာ လက်နှစ်ဖက်ကို ဘေးချ၍ တောင့်တောင့်ကြီးဖြစ်သည်။ ညာဘက်ဖြစ်၍ လမ်းလေးကလည်း လေတစ်စင်းလို ကောင်းကင်တွင် မိုန်ဝါးဝါးပင်နေလေရာ စိတ်ချောက်ချားဖွယ်ရာ ကောင်းလှပေသည်။

ဝုခမ်းခုန်းသည် နှစ်ဖက်ညှပ် လာနေသော အမျိုးသမီး မိန်းမပျိုနှစ်ဦးကို ကြည့်နေရာမှ ကျောချမ်းလာမိတော့သည်။

'မင်းတို့ ရှေ့ဆက်တိုးမလာနဲ့နော်၊ မင်းတို့ ဆက်တိုးလာရင်တော့ ငါ့အပြစ်မဟုတ်ဘူး'

ဝုခမ်းခုန်းသည် ဓားကိုဆွဲနှုတ်လိုက်သော ငွေ့ယမ်းဖို့ ကြိုးစားလိုက်သည်။ သူ့လက်ချ သည် ပူခနဲဖြစ်သွားလေသည်။ ဝုခမ်းခုန်းမှာ ယိုက်ယန်းစွာ ကစ်ချက်အော်လိုက်၏။

လက်မောင်းတွင် ဒူးရှပြင်းသော အဆိပ်အပ်တစ်ချောင်း လာစိုက်သည်ကို သူသတိရမိသည်။ ဘိုသွေ် သူနောက်ကျသွားပြီ ဖြစ်ပေသည်။ ကိုယ်ကိုကိုယ် မဟာန်နိုင်တော့၍ ခေါင်မိုးပေါ်မှမကျအောင် ထိန်းနေရင်းမှာပင် အဖြူရောင်ဝတ်စုံရှိ မိန်းမပျိုက ပြင်းထန်စွာ သူ့ကိုကန်ချလိုက်တော့၏။

'တဲ....သွားပေတော့'

ဝုခမ်းခုန်း၏ခန္ဓာကိုယ်ကြီးမှာ ခေါင်မိုးပေါ်မှလိမ့်ကျကာ မြေပြင်ဘက်သို့ ဝုန်းခနဲကျလာလေတော့၏။

....ဝ....

## အခန်း ၊ (၂၄)

လူခရှာတင်ဖုန်ကိုတိုက်ခိုက်ရန် လျှံယိန်နှင့် လူပုလေးတို့သည် တံခါးပေါက်ဝသို့ တိုးကပ်လာစဉ်မှာပင် ခေါင်မိုးပေါ်မှ ပြင်းပြင်းထန်ထန်ကျလာသော အသံတစ်သံကို ကြားလိုက်ရလေသည်။

'ဗုန်း'

'ဟင်'

'ဟာ'

ရှေ့တိုးလာသော လျှံယိတို့၏ ခြေလှမ်းမှာ တုံ့ခနဲဖြစ်သွားသည်။

'ဘာမှအံ့အားသင့်မနေပါနဲ့၊ ဆက်ထောက်ဂိုဏ်းချုပ်ဝုခမ်းခုန်း ကျဆုံးသွားတာပါ'

လုံရှောက်ဖုန်က နောက်သို့ လှည့်မကြည့်ဘဲ ပြောလိုက်သော စကားကြောင့် လျံယီမှာ အကြီးအကျယ် မျက်နှာပျက်သွားလေသည်။

လူပုလေးမှာ နောက်မှ လျံယီကို အားရှိန်ဖြင့် ဆောင့်တွန်းလိုက်သည်။ မထင်မှတ်သော တိုက်ကွက်ပင် ဖြစ်သည်။ လျံယီ၏အသွင်းအား နှင့် လူပုလေး၏ အဆင်းအား နှစ်ရပ်ပေါင်းကာ လုံရှောက်ဖုန်ရှိရာသို့ လျံယီ၏ ကိုယ်လုံးကြီးက လေထဲမြောက်တက်ကာ ဘေးတိုက်ဝင်လာသည်။

လုံရှောက်ဖုန်က လျံယီ၏ ကိုယ်ခန္ဓာကြီးကို လန့်လန့်ဖြတ် ရိုက်ချရန်ရွယ်လိုက်သည်။ နောက်မှသတိရကာ လုံရှောက်ဖုန်က ငုံ့ရှောင်လိုက်လေသည်။ သူ့ဘက်ခြမ်းသို့လည်း၍ ကျလာသော လျံယီ၏ကိုယ်ခန္ဓာတွင် ချိန်ထားသော အဆိပ်အပ်များ ထောင်နေသည်ကို တွေ့လိုက်ရသည်။

လုံရှောက်ဖုန်ကသာ လျံယီ၏ ကိုယ်ခန္ဓာကြီးကို ခါးလယ်မှ ဖြတ်၍ရိုက်ချလိုက်မည်ဆိုပါက ကိုယ့်သေအဆိပ်မိခြင်း ခံရပေလိမ့်မည်။

ယခုမူ လျံယီ၏ ကိုယ်ခန္ဓာကြီးကို လုံရှောက်ဖုန်က ငုံ့ရှောင်ပေးလိုက်၍ အပြင်ဘက်မြက်ခင်းပေါ်သို့ ကျသွားလေတော့သည်။

လုံရှောက်ဖုန်ကဲ သူ့ပခုံးပေါ်သို့ မထိုင်မိအောင် လူပုလေး၏ကိုယ်ခန္ဓာကြီးကို ဘေးသို့ရိုက်ဖယ်လိုက်၏။ လူပုလေး



မှာ သူ့ဆရာ ကျားလက်ဝါးဂိုဏ်းချုပ် လျံယီ၏ ဘေးတွင် ဘေးချင်းကပ် ကျသွားလေသည်။ သတို့ နှစ်ယောက်သည် ဆတ်ခနဲ ပြိုင်တူခုံထကာ လုံရှောက်ဖုန်ကို ရင်ဆိုင်လိုက်ကြလေတော့၏။

လုံရှောက်ဖုန်မှာ ဤမျှပုသော လူပုလေးတစ်ဦးက သူ့ထံသို့ လျင်မြန်စွာ ခုန်ဝင်လာနိုင်ခြင်းကို အံ့အားသင့်သွား၏။

'ဒီကောင်လေးဟာ တော်တော်မြန်ပါလား၊ ပြီးတော့ ဒီလိုသေးကွေးတဲ့ကိုယ်လေးနဲ့ ငါ့ကို မှန်ကြောက်မရှ လာပြီး တိုက်ခိုက်တာ အကြောင်းရှိရမယ်'

လုံရှောက်ဖုန်က လူပုလေးရှိရာသို့ ဖျတ်ခနဲလှမ်းကြည့်ရင်း တွေးတောလိုက်သည်။ လူပုလေး၏ ကိုယ်ထဲမှ စိမ်းပြာပြာ အလင်းတန်းတစ်ခု ဖြာထွက်လာသည်။

'ဟင်....ဒါဘာတွေလဲ'

'ဒီ....ဒီ....ဒီ....ဒီ'

လူပုလေးကိုယ်ထဲမှ ထွက်လာသော စိမ်းပြာပြာ အလင်းတန်းမှာ တစ်ခုစီကွဲကာ အော်မြည်သံထွက်ပေါ်လာလေသည်။

စင်စစ် အနုမြူရောင်ထွက်နေသော အဆိပ်ပိတုန်းကောင်လေးများပင် ဖြစ်သည်။ ထိုအကောင်လေးမျိုးသည် တာမင်တန်ကျွန်းတွင်သာရှိ၍ လူကိုကိုက်မိပါက မည်သည့်အဆိပ်ဖြေ

ဆေးနှင့်မျှ ကုသ၍မရတဲ့ ပွဲချင်းပြီးသေဆုံးနိုင်လောက်အောင် ပင် အဆိပ်ပြင်းလှလေသည်။

အဆိပ်ပိတုန်းကောင်များကို လုရှောက်ဖုန့်က တစ်ကောင်ပြီး တစ်ကောင် ရိုက်ချပ်သည်။

'အချို့ အဆိပ်ပိတုန်းကောင်များက သူ့ထံသို့လာတဲ့ အိုး ဝင်ပေ လံနှ အတွင်းဘက်သို့ ချိုသန်းဝင်ရောက်သွားကြသည်။

'အား'

'အိုး...ပိတုန်းတွေလာနေတယ်၊ သတိထား'

'အား'

'အမယ်လေး'

အပေါက်ဝတွင်ရှိသော ကင်းမြီးကောက်ဖြူအဖွဲ့သားများ မှာ တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်ကြသည်။ အဆိပ် ပိတုန်းကောင်များမှာ သူတို့ကို ကိုက်ချင်ရာလူကိုကိုက်ကာ စံအိမ် ရှိ ပြတင်းပေါက်နှင့် ခေါင်မိုးပေါက်များမှ ပြင်ပသို့ထွက်ခွာ သွားကြလေတော့သည်။

ကင်းမြီးကောက်ဖြူဂိုဏ်းသား တစ်ဝက်ကျော်နှင့် အတူ အပေါက်ဝသို့ပြေးထွက်လာသော လီနီချူးမှာ အဆိပ်ပိတုန်း တို့၏လက်ချက်ဖြင့် အသက်ပျောက်သွားကြ၏။



သူပစ်လွှတ်လိုက်သော ပိတုန်းများကို ရိုက်တုတ်ပစ်ရှား လိုက်သည်ကိုတွေ့ရသော လူပုလေးမှာ လုရှောက်ဖုန့်ရှိရာသို့ ပြေးဝင်လာပြန်သည်။ လုရှောက်ဖုန့်သည် သူ့ထံသို့ ပြေးဝင် လာသော လူပုလေး၏ တိုက်ကွက်ကို လက်ဝါးရိုက်ချက်ဖြင့် ဆီးကြိုခုခံလိုက်၏။

လူပုလေးမှာ ပြင်းထန်သော အားရှိန်တစ်ခုနှင့် ရင်ဆိုင် တိုးလိုက်၍ နောက်သို့ လွင့်ထွက်သွားသည်။ လွင့်ထွက်လာ သော လူပုလေး၏ကိုယ်ခန္ဓာကို လျူယီက အချိန်မီ ဆီးကြို ပွေ့ဖက်ထားလိုက်၏။

လျူယီသည် လူပုလေးကို ကလေးတစ်ယောက်လို ချီထား သကဲ့သို့ ပွေ့ချီပြီးနောက် လုရှောက်ဖုန့်ရှိရာသို့ပြန်၍ပစ်ပေါက် လိုက်၏။ လူပုလေးမှာ လျူယီပစ်လိုက်သော အရှိန်ဖြင့် လု ရှောက်ဖုန့်ရှိရာသို့ ရောက်ရှိလာပြီးနောက် သူ၏ ခြေထောက် နှစ်ဖက်ကို လုရှောက်ဖုန့်၏ မျက်နှာဆီသို့ ညှပ်၍ ကန်လိုက် သည်။

'ဟင်'

'ဦး'

ကံအားလျော်စွာ လူပုလေး၏ ခြေထောက်များကို လု ရှောက်ဖုန့်က ရိုက်၍မဖယ်မီလိုက်ခြင်းဖြစ်သည်။ လူပုလေး၏ ခြေထောက်များမှ လွတ်မြောက်ရန်အတွက် နောက်သို့ ခြေ လှမ်း သုံးလှမ်းခန့်ခုန်၍ဆုတ်ကာ ရှောင်တိမ်းလိုက်ရလေသည်။

လူပုလေးသည် လိုရှောက်ဖုန့်နှင့်ခြေလှမ်းငါးလှမ်းမျှအကွာတွင် ကျသွားသည်။ သူသည် မြေပြင်ပေါ်တွင် ဝမ်းလျားမှောက်ကာ တစ်စုံတစ်ရာလုပ်နေဟန်တူသည်။

'ဟင် – ဒီအကောင် အကြံထုတ်နေပြန်ပြီ၊ သတိထားပြီးနေမှ'

လုရှောက်ဖုန့်က လူပုလေးထံသို့ အာရုံရောက်နေသည်ကို သိသော လျူယိ၏ သူ၏အပြားကြီးမားသော ဓားတိုကြီးကို ဆုပ်ကိုင်ကာ လုရှောက်ဖုန့်ကိုဝင်တိုက်လေသည်။ ကျားလက်ဝါးသိုင်းမှာ ဒဲ့ဆင့်နိမ့်လှသည် မဟုတ်ပေ။

ကျားလက်ဝါး ဓားသိုင်းဆယ့်ခြောက်ကွက်မှာ လေးကွက်မြောက်ဖြစ်သော နဂါးအူဖောက်သိုင်းကွက်ကို အသုံးပြုကာ လျူယိက နဂါးအူဖောက်သိုင်းကွက်ကို အသုံးပြုကာ လျူယိက လုရှောက်ဖုန့်ထံ တစ်ဟုန်ထိုး ဝင်ရောက်လာခြင်းပင်ဖြစ်ပေတော့သည်။ လုရှောက်ဖုန့်မှာ လျူယိ၏ဓားကွက်ကို သူ၏ ဓားကွက်ဖြင့် ဆီးကြိုခုခံလိုက်၏။ လုရှောက်ဖုန့်၏ ခုခံမှုမှာ လျင်မြန် သွက်လက်လွန်းသောကြောင့် လျူယိမှာ အံ့အားသင့်သွားသည်။

'မင်းရဲ့သိုင်းကွက်တွေက တော်တော် မြန်ပါလား၊ ဒါကြောင့် မင်းကို လူတွေက မျက်ခုံးလေးခုရှင် လုရှောက်ဖုန့်လို့ခေါ်ကြတာကိုး'



'ခင်ဗျားလည်း ကျားလက်ဝါး သိုင်းမှာတော့ သူမတူအောင် တော်တဲ့လူပဲ'

လျူယိမှာ လုရှောက်ဖုန့်၏ပါးနပ်သော ဓားကွက်များကြောင့် ထင်ကိုင်းမပေါက်ဖြစ်နေ၏။ လုရှောက်ဖုန့်က ပြင်းထန်သောဓားကွက်များကို ဂရုစိုက်ခုခံနေစဉ်မှာပင် လူပုလေး၏ လက်တစ်ဖက်လှုပ်ရှားလိုက်လေသည်။

အဖြူရောင်အလင်းတန်းနှစ်ခု လူပုလေးထံမှ ထွက်ပေါ်လာသည်။

ထိုအလင်းတန်းနှစ်ခုမှာ လုရှောက်ဖုန့်၏နောက်စေ့နေရာသို့တစ်ခုနှင့် တင်ပါးနေရာသို့တစ်ခု ဦးတည်၍ ပျံသန်းလာသည်။ လုရှောက်ဖုန့်သည် ကိုယ်ကိုတစ်ပတ်လှည့်ကာ ခုန်ထွက်၍ အလင်းတန်းနှစ်ခုကို သူ့ဓားဖြင့်ရိုက်ထုတ်လိုက်လေသည်။

ထိုအလင်းတန်းနှစ်ခုမှ အဖြူရောင် အဆိပ်အပ်မှည်လေးများဖြစ်၍ လုရှောက်ဖုန့်၏ ဓားနှင့် ရိုက်ဖယ်မှုကြောင့် စံအိမ်ထဲသို့ တန်းဝင်သွားသည်။ စံအိမ်ထဲမှ ပြေးထွက်လာသော ကင်းမြီးကောက်ဂိုဏ်းသားနှစ်ဦး အဆိပ်အပ်နှစ်စင်း၏ စူးဝင်ခြင်းကို ခံစားလိုက်ရသည်။

'အား'

'အို'

ရှူးရှူးရှုရှုအော်သံနှင့်အတူ ကင်းမြီးကောက်ဂိုဏ်းသား နှစ်ဦးသည် လဲကျသွားသောကြောင့် အချို့ဂိုဏ်းသားများမှာ ထိတ်လန့်တကြား ထွက်ပြေးသွားကြလေတော့သည်။

...ဝ...

## အခန်း ( ၂၅ )

ဆက်တာမှာ [illegible] နိုင်လိမ့်မည်ဟု ထင်မှတ်ရသော ရဲယန်ကျော်ကို သိုင်းကွက်ဆယ်လေးကွက်တိတိ ကြိုးစား တိုက်ခိုက်ပြီးနောက် အခြေအနေမဟန်တော့မှ ၊ ဖိုဝ်စီလိုက်သည်၊ ကင်းမြီးကောက်ဂိုဏ်းသိုင်းကွက်များမှာ ရှုပ်ထွေး များပြား၍ နင်သိုက်ရခက်လှသည်။

အခိုက်မှာ ရဲယန်ကျော်၏ ခြေထောက်နှစ်ချောင်းပင် ဖြစ်၏။ ထိုခြေထောက်နှစ်ချောင်းသည် မြေပြင်ပေါ်သို့ ကျသည်နှင့် ကောင်းကင်သို့ သုံးလေးပတ်ခုန်ကာ ဆက်တာ့ထံသို့ရောက်ရှိလာတတ်သည်။

ဆက်တာ၏ဓားသိုင်းပညာမှာ ထိပ်သီးအဆင့်ပင် ဖြစ်သော်လည်း ရဲယန်ကျော်၏တိုက်ကွက်များကို ယှဉ်ပြိုင်နိုင်ခြင်း မရှိပေ။

'ဟာ….ဒုက္ခပဲ၊ ငါ့ခြေတွေ လက်တွေတောင် လေးလံလာပြီ၊ နောက်ထပ် သိုင်းဆယ်ကွက်လောက်တောင် တိုက်နိုင်ပါတော့မလား'

ဆက်တုံ ကြိုးစားနေစဉ်မှာပင် လူရိပ်တစ်ရိပ်သည် သူတို့ တိုက်ပွဲကြားသို့ ဖြတ်ဝင်လာ၏။ ထိုသူမှာ ကင်းမြီးကောက်အဖွဲ့သားများကို တစ်ယောက်မကျန် လိုက်လံ သုတ်သင်နေခဲ့သော လုပင်းဖြစ်သည်။

လုပင်းသည် ဝါးလုံးရှည်တစ်လုံးကိုဝါ ယူဆောင်လာခဲ့သည်။ သူသည် ဝါးလုံးရှည်ကြီးကို ဆက်တုနှင့် ရှဲယန်ကျင်းကြား၌ အားနှင့်ဆောင့်စိုက်လိုက်လေသည်။

မြေပြင်တွင် ဝါးလုံးတစ်လုံး ရုတ်တရက် လာစိုက်သော လုပင်းကို ရှဲယန်ကျင်းက အံ့ဩသော မျက်နှာဖြင့် ကြည့်နေ၏။ ဝါးလုံးက မာကျောလှသော မြေကြီးထဲတွင် ခိုင်မြဲစွာ စိုက်မိသွားသည်။

ဤမျှမာကျောသော မြေကြီးတွင် တစ်ချက်တည်းဖြင့် ဝါးလုံးကိုစိုက်ချလိုက်သော လုပင်းကို ရှဲယန်ကျင်း အံ့အားသင့်သွားသည်။

'ဟေ….ဘာလဲ ဒီနေရာမှာလာပြီး ချောတိုင်တက်မလို့လား၊ ချောတိုင်တက်ချင်ရင် တခြားမှာသွားတက်'

ရှဲယန်ကျင်းမှာ ဒေါသဖြင့်အော်နေသည်။ သူ့မှာ မင်္ဂလာပွဲကိုအဖျက်ခံရ၍ အလွန်ဒေါသထွက်နေသူဖြစ်သည်။



'ဒီချောတိုင်က တက်ဖို့မဟုတ်ဘူးဗျ၊ ခင်ဗျားကို သတ်ဖို့ ချောတိုင်မဟုတ်ဘူး၊ တံခွန်တိုင်… တံခွန်တိုင်လုပင်း ဆိုတာ ကျုပ်ပဲ'

ရှဲယန်ကျင်းက တံခွန်တိုင်လုပင်းကိုကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

'မင်းလုပ်ပုံတွေကို ငါနားမလည်ဘူး၊ ဘာလဲ ဒီတိုင်မှာ မင်းခေါင်းနဲ့ မင်းဆောင့်သေဖို့လား၊ ပြောစမ်း'

'ဘယ်သူ့ခေါင်းနဲ့ဆောင့်သေမလဲ ဆိုတာ တွေ့မှာပေါ့'

ပြောပြောဆိုဆို ဝါးလုံးတိုင်ထိပ်သို့ လုပင်းက ကြိုးစတစ်စကိုပစ်တင်လိုက်သည်။ ထို့နောက် ကြိုးစကို သူ၏ခြေထောက်တွင် ချိတ်ကာ ထခုန်လိုက်သည်။

'ဟ….ဟ ဘာလုပ်တာလဲ'

ဝါးရှိရာသို့ခုန်ဝင်လာ၍ ရှဲယန်ကျင်းက နောက်ဆုတ်မေးလေသည်။ ဆက်တုမှာ မောပန်းလှပြီဖြစ်၍ နောက်သို့ ဆုတ်ကာ လုပင်း၏တိုက်ကွက်ကို ကြည့်နေသည်။

လုပင်းသည် သူ၏ခြေထောက်တစ်ဖက်တွင် တိုင်ထိပ်၌ချည်နှောင်ထားသော ကြိုးစဖြင့် ရှဲယန်ကျင်းကို လိုက်၍ တိုက်ခိုက်ပြန်သည်။ ရှဲယန်ကျင်းက နောက်သို့ ခုန်ဆုတ်လိုက်သည်။ သို့သော် လုပင်းက ထိုနေရာအထိ အသာလေး ပျံဝဲရောက်ရှိလာလေတော့သည်။

'ဘယ်လိုလဲ ဒီကောင့်ကြိုးတွေက လိုသလောက်ရှည်ပါ ရဲ့လား၊ သက်ဝါးရိုက်ချက်ကလည်း မြန်းသာပဲ'

ရဲ့ယန်ကျင်းမှာ အထင်သေးရဲ့မြင်းမရှိတော့တဲ့ လိုပင်းကို အပြင်းအထန် ခုခံတိုက်ခိုက်တော့သည်။ လုပင်းက စက်ဝိုင်း ပုံပျံဝဲကာ ရဲ့ယန်ကျင်းကို တိုက်ခိုက်သည်။ လိုပင်း၏ သိုင်း ကွက်ထဲတွင် မိသွားသော ရဲ့ယန်ကျင်းမှာ စက်ဝိုင်းထဲမှထွက် မရတဲ့ အလားအလာခံနေရ၏။

ထိုနေသော လုပင်းက ရဲ့ယန်ကျင်းကို မိမိရှေ့ ဘင်ချက်မျှပင် ယိမ်းအောင် တိုက်၍မရသော ဝေ၊ ရဲ့ယန်ကျင်းက ပါးနပ် လှသည်။ ခရှေ့ကျွမ်း နောက်ကျွမ်းပစ်ကာ ကြိုးတန်းလန်း ဖြင့် တိုက်ခိုက်နေသော လုပင်း၏သိုင်းကွက်မှ လွတ်အောင် ရှောင်သည်။

'ဟင်း ဒီလူမြန်မှချည်လား၊ သူ့ခြေသောက်တွေ လက် မတွေ့ရလည်း တကယ့်ကျားတစ်ကောင် လိုပဲလား'

လုပင်းပင် အံ့အားသင့်လာရသည်။ လုပင်း၏ စက်ဝိုင်းထဲ တွင် မိနေသော မည်သည့်ရန်သူမဆို သူ့တိုက်ကွက်တစ်ကွက် ကော ထိကာသွားရမည်ဖြစ်သည်။

ထိုသော်ကသိုင်းကွက်နှစ်ဆယ်ကျော်သည့်တိုင် လုပင်းသည် ရဲ့ယန်ကျင်းကို ထိမိအောင်တိုက်ခိုက်၍ မရနိုင်သေးကာအောင် ဖြစ်နေတော့သည်။



'လုပင်း သတိထား သူ့သိုင်းကွက်တွေဟာ ဆန်းကြယ်တယ် နော်'

ဆက်တူက စက်ဝိုင်းထဲသို့ဝင်၍ မရသောကြောင့် အော် ဟစ်ကာ သတိပေးနေသည်။

'ဘာမှလောက်မြန်မြန်ပါကွာ၊ သူ ငါ့စက်ဝိုင်းထဲက ပြေး မလွတ်တော့ပါဘူး'

လုပင်းက တိုင်ထိပ်မှကြိုးကို အားကိုးကာ ဟလေးများ ကစားသော ချားရဟတ်ကဲ့သို့ မွှက်အောင်လည့်၍ ဝိုင်းကာ ထိုစက်ဝိုင်းထဲတွင် ရဲ့ယန်ကျင်းကို ပိတ်ထားခြင်း ဖြစ်သည်။

ရဲ့ယန်ကျင်းဆိုသည့်လူကလည်း လွယ်လွယ်နှင့်ရသော လူ မျိုးမဟုတ်ပ။ မိမိစက်ဝိုင်းထဲတွင် ပိတ်မိနေသည့်သူကို တိုက် ခိုက်၍မရလျှင်တော့ လုပင်းအဖို့ တံခွန်တိုသိုင်းသမားအမည် ပင် ခံဖို့မကောင်းတော့။

ထို့တစ်ခဏ၌ ဓားကိုကိုင်၍ဝိုင်းထားသော စက်ဝိုင်းထဲ တွင် သူ၏အဆက်မပြတ် ခုချက်များကို ရှောင်ယမ်းမှုကာ ရှောင်သွားသော ရဲ့ယန်ကျင်း၏ခါးလယ်မှဖြတ်ကာ လုပင်း က ပိုင်းလိုက်၏။

'ဟင်'

ရှေ့သို့ကျွမ်းပစ်လိုက်သော ရဲ့ယာန်ကျင်းမှာ လိုပင်း၏ ခါးချက်ရှိရာသို့ ရောက်မသွားချေ။ နောက်ကျွမ်းပြန်၍ ပစ်ကာ တိုင်ထိပ်မှကြိုးစနှင့်ခြေထောက်ကိုသက်ထားသော လုပင်း၏ ကြိုးကို နောက်ကျွမ်းပစ်ကာ ခြေနှစ်ဖက်လိမ်၍ ဖြတ်ပစ်လိုက် သည်။

'ထောင်း'

'အိုး'

ကျယ်လောင်သောအသံနှင့်အတူ လိုပင်း၏သိုင်းကွက်ပျက် သွားလေတော့သည်။ လိုပင်းမှာ ခြေထောက်မှကြိုးစကိုဖြတ် ချခြင်းခံလိုက်ရသောကြောင့် မြက်ခင်းပေါ်သို့ ဒလိမ့်ခေါက် ကွေး လွင့်စဉ်သွားသည်။

လုပင်းလဲကျရာသို့ ရှေ့ကျွမ်းပစ်ကာ ခုန်ဝင်လာသော ရဲ့ ယန်ကျင်း၏လက်ဝါးရိုက်ချက်ကို ဆက်တုက ဆီးကြိုခုခံလိုက် ရတော့၏။

'ဖြောင်း'

လက်ဝါးနှစ်ခု ရင်ဆိုင်မိသွားသည်။ လုပင်း၏ အသက် အန္တရာယ်ကိုကာကွယ်သည့်အနေဖြင့် ဝင်၍ ခုခံလိုက်ရသော ဆက်တုမှာ ရင်ထဲတွင် အောင့်သက်သက်ဖြစ်သွားကာ ပါးစပ် မှလည်း သွေးစများ ယိုစီးကျလာ၏။

ဆက်တုကဲ့သို့ပင် အတွင်းအားတူညီသော ကုံ့ဖြန်မှုကိုခံစား လိုက်ရသော ရဲ့ယန်ကျင်းမှာလည်း နောက်သို့ ခြေလှမ်းသုံး လှမ်း ယိုင်ထွက်သွားသည်။ နှုတ်ခမ်း ထောင့်စွန်းများတွင် သွေးစများယိုစီးကျလာသည်ကို တွေ့ရသည်။



'ဟား....ဟား....ဟား....ဟား....မင်းတို့နှစ်ယောက်လုံး ငါ့ လက်ကမလွတ်တော့ဘူး၊ ငါတို့ဂိုဏ်းကိုလာပြီး ဖျက်ဆီးတဲ့ ကောင်တွေ ငါ့လက်ချက်နဲ့ သေရမယ်ကွ'

ရဲ့ယန်ကျင်းက အော်ဟစ်ကာ ရှေ့ကျွမ်း နောက်ကျွမ်း သုံးခါပစ်လိုက်သည်။

လုပင်းမှာ ထရပ်လိုက်သည်။ သို့သော် သူ့ရင်ထဲမှာ စိုးရိမ် စိတ်ဖြစ်နေသည်။ ဆက်တုကလည်း သူ၏ဓားကိုဆုပ်ကိုင်ကာ ကျောထဲကစိမ့်ခနဲဖြစ်သွား၏။ သန်စွမ်း မြန်ဆန်လှသော ကင်းမြီးကောက်ဂိုဏ်းချုပ်ရဲ့ယန်ကျင်းကို သူတို့နှစ်ဦးရင်ဆိုင် ရန် အသင့်ပြင်ဆင်လိုက်လေတော့သည်။

.........

## အခန်း (၂၆)

စံအိမ်၏ရှေ့တွင် လှေရှောက်ပို့နှင့် ကျောလက်ဝါးကိုတို ချုပ် လျှော့ယံနှင့် လူပုဂ္ဂေးတို့ တိုက်ခိုက်နေကြသည်၊ စံအိမ် အောက်တွင် ရှိုးယန်းကျင်းနှင့် ဆက်တုတို့နှစ်ဦး အသက်လုပွဲဖြစ် နေသည်။ စံအိမ်ထဲတွင်မူ လက်ကျန်သဆုံးနေသော ကင်းမြီး ကောက်ဂိုဏ်းသားတို့၏ အနလောင်း မွှစ်လောင်းတတိရှိသည်၊ ကျန်လူများမှာ ဂိုဏ်းကိုစွန့်သွာက်၍ အသက်ဘေးမှ လွတ်မြောက် သွားကြလေပြီ။

စံအိမ်၏အပေါ်ထပ်တွင် ကြည့်လိုက်မည် ဆိုလျှင်တော့ အသက်ဆယ်ကျော်အရွယ် အမျိုးသမီးကြီး၏ ရှေ့တွင် မိန်းမပျိုနှစ်ဦး ရပ်နေ၏၊ တစ်ဦးမှာ မကြာသေးမီ ရှိုးယန်း ကျင်းနှင့်လက်ထပ်ရန် စီစဉ်ခြင်းခံခဲ့ရသော သတို့သမီး ဝက်



ယောဆင်ထားသည့် စန့်ကူမ်းမဖြစ်ဘဲ ကျန်တစ်ဦးမှာ စုခင်း ဖြစ်သည်။ စုခင်းသည် မိခင်ဖြစ်သူချူရင်စန်ကို ပြေးရှိပွေ့ဖက် လိုက်သည်။

'မေမေ… မေမေ ကို ဝမ်းသာစရာပြောဖို့ရှိတယ်၊ ခဲ့ပြော တော့မယ်'

'ဘာများလဲ သမီး'

'မေမေ ဒီတာ့ဘာဆိုတာ မေမေ မသိသေးဘူး မဟုတ်လား'

'ဟင်… ဘယ်သူလဲ၊ အစ်ကိုကြီး ကွေ့စမ်းထား'

'ဟုတ်တယ် မေမေ'

အတန်ခန့်ထိုင်လိုက်သော ချူရင်စန်မှာ မယုံကြည်နိုင်သော မျက်နှာဖြင့် ခေါင်းကိုခါယမ်းလိုက်သည်။

'မေမေ ကို စိတ်ဒေါသနဲ့ ခံစားရအောင် လာပြောနေပါ ဆိုတော့ သမီးရယ်၊ သမီးဖေဖေကို ရဲ့ဟန်ကျောင်း ကိုယ်တိုင် ဒီကိုဖမ်းလာပြီး သတ်လိုက်ပြီမို့လား'

စုခင်းက သူ့အမေ၏ဆံပင်များကို သပ်ပေးရင်း ခေါင်းခါ လိုက်သည်။

'တော်ကြာ မေမေ ပါးစပ်က မလုံမှာစိုးလို့ သမီးက ဒီလိုပဲ ပြောထားတာ၊ သမီးက လုံခြုံစိတ်ချရတဲ့နေရာမှာ ကယ်ထားတယ်၊ အခု အဲဒီကိုသွားမလို့'

'ဒါနဲ့ သမီးလေးအဖွဲ့ဖက် အကြောင်းတွေ သောနေတာကရော'

ခုတင်ပေါ်မှဆင်းကာ ထရပ်လိုက်ရင်း မျက်ရည်စဲ့သော မျက်လုံးများဖြင့် ချူရင်စန်က မေးလိုက်လေသည်။

'သမီးနဲ့ သူ့အညွှန့်က ဆေးဖြစ်ဖော့ ဆေးပင်တွေနဲ့လိမ်းပြီး ကုသထားလို့ အခုဆိုရင် တော်တော်တောင် ကျန်းမာနေပါပြီ'

'ဟင်...ဟုတ်လား၊ ဒါပေမယ့် သမီးရယ်၊ ရှဲယန်ကျင်းရန်ကရှိတော့ အစ်ကိုကြီးကွေ့စမ်းအတွက် စိုးရိမ်တယ်ကွယ်'

အားနည်းသောအသံ၊ ကြောက်ရွံ့သောအသံဖြင့် ချူရင့်စန်က ပြောလိုက်သည်။

'စိတ်မပူပါနဲ့မေမေ၊ မကြာခင် ရှဲယန့်ကျင်း ကျဆုံးတော့မှာပါ၊ အစ်ကိုလူရှောက်ဖုန့်နဲ့မိတ်ဆွေတွေက ထင်းမြိုးကောက်ဝိုက်းကိုဖြိုခွဲလိုက်ပါပြီ'

စုခင်းက အားတက်သရော ပြောလိုက်သော်လည်း ချူရင်စန်မှာ မတုန်မလှုပ် ရှုပ်နေသည်။ သူမ၏ မျက်နှာတွင် ကြောက်ရွံ့ထိတ်လန့်သောအသွင်များ ပေါ်နေလေ၏။

'မဖြစ်နိုင်ဘူးသမီး၊ ရှဲယန့်ကျင်းကို နိုင်တဲ့သူဟာ တစ်ကမ္ဘာပြီပေါ်မှာ မပေါ်သေးဘူး၊ သူ့ဟာ သိပ်ဉာဏ်များတယ်၊



တော့ သူ့ရဲ့သိုင်းပညာဟာလည်း အဆင့်မြင့်တယ်၊ သမီးတို့တွေ ဟန်မှာမဟုတ်ဘူး ထင်တယ်'

'ရှင်'

စုခင်းပင် မျက်လုံးလေးများ စိုင်းသွားလေသည်။

'စစ်ဦးချင်းဆိုရင်တော့ ဟုတ်ချင်ဟုတ်မယ် မေမေ၊ ဒါပေမယ့် အခု သိုင်းပညာထိပ်သီးရှိတဲ့ လူသုံးယောက်တောင်ရှိနေပါတယ်'

စုခင်းထပ်ပြောသောစကားကြောင့် ချူရင်စန်မှာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

'ဟီး...ဟင့် ...ဟင့်'

'ဟင်...မေမေ ဘာလို့ငိုရတာလဲ'

'ဒေါ် ဒေါ် မငိုပါနဲ့နော်'

စန့်ကွမ်းမုနှင့် စုခင်းတို့က လက်မောင်းကိုကိုင်ကာ စိုင်း၍ ချော့မော့သော်လည်း ချူရင့်စန်မှာ အငိုမတိတ်ပေ။ သူမ၏ ကိုယ်သည် တဆတ်ဆတ်တုန်နေသည်။

'ဘာလို့လဲ မေမေရယ်၊ မငိုပါနဲ့'

'အဟင့်...ဟင့်...စုခင်း သမီးရေ၊ ဒီအတိုင်းဆိုရင် တို့မိသားစုံသုံးယောက်လုံး ရှဲယန်ကျင်းရဲ့ သတ်ဖြတ်မှု ခံရလိမ့်မယ်၊ သူတို့ ရှဲယန်ကျင်းကို နိုင်ကြမှာ မဟုတ်ဘူး၊ မေမေသိတယ်'

တုန်ခါနေသောကြောင့် စုခင်းသည် ဝ စီစုံတစ်ရာကို ဆုံး ဖြတ်လိုက်သည်။

'ဒီအတိုင်းဆိုရင် မဖြစ်ဘူးမမ ခေမမေ့ကို ကျွန်မတို့ခေါ် ပြီး ဂူထဲကိုပို့ပေးထားတာ ကောင်းမယ်ထင်တယ်'

'သိမသိတော့လေ'

စန်းကွမ်းမိုက ပြောလိုက်သည်။ စုခင်းမှာ စိတ်မြန်လက်မြန် ရှိလှသည့်အတိုင်း ချူရှင်စန်းအိုလိုယ်ကိုပွေ့ချီကာ အောက်ထပ် သို့ ပြေးဆင်းလာလေတော့၏။ အောက်ထပ်ကို ရောက်နေ သော ဂူအားလားများကိုတွေ့ ... ချူရင်စန်းမှာ မျက် လုံး ... ပိတ်ထားသည်။

... ချူရှင်စန်းမှာ ရှယန်ကျင်း၏ ခြီးခြောက် ထားမှုကြောင့် တွေးပျက်နေခြင်းသာ ဖြစ်ပေသည်။ သူ့ကို နှိပ်စက်သွားသော ... နှိပ်စက်လက်သုံး ... မည်ဟု ရှယန်ကျင်း ... ကြိမ်းဝါးထားခဲ့ဖူးသည်။ ထိုကြိမ်းဝါး ကြောင့်ပင် ချူရှင်စန်းမှာ သူတို့မိဘ ... ကောက်ခံရမည့် ဘေး ကိုတွေးကာ ထိတ်လန့်နေခြင်းဖြစ်သည်။

မကြာမီ စံအိမ်အတွင်းမှ လူရိပ်နှစ်ရိပ်သည် လျှစ်ခနဲထွက် ခွာသွားကြပြီဖြစ်လေသည်။



## အခန်း (၂၇)

သက်တုန့်နှင့်လိုင်းတို့သည် အသီးသီး ရှယန်ကျင်းကိုရင်ဆိုင် ခဲ့ကြပြီးပြီမို့ ကျောက်ထဲတွင်စိမ့်ကာ ဒိတ်လန့်နေကြသည်။ ယခု အထိ ရှယန်ကျင်းသည် မည်သည့်လက်နက်ကိုရိယာ ကိုင်ဆွယ် ခြင်း မရှိပေ၊ သို့သော် သူ၏ ခြေနှင့်လက်များသည် ဓားနှင့် လှံများထက်ပင် ပို၍ထက်မြက်သည်ဟု ထင်မှတ်ရက်သည်။

လက်နှစ်ဖက်ကိုကားကာ ခြေနှစ်ချောင်းဖြင့်ညှပ်၍ တိုက် ခိုက်သော တိုက်ကွက်မှာ တစ်ကွက်ဖိလိုက်လျှင် တစ်ချက်တည်း အသက်ထွက်သွားနိုင်သည်။ ရှယန်ကျင်းသည် တကယ်တော့ ကျားတစ်ကောင်လို လျင်မြန်ဖြတ်လတ်၍ မိချောင်းတစ်ကောင် ၏ အငြိုးကဲ့သို့ သူ့ခြေထောက်များကို အသုံးပြုတတ်သူ ဖြစ် သည်။

သူ၏ညာခြေထောက်နှင့်သာ မိမိရရထိလိုက်ပါက ကိုသူသည် ရင်ထဲမှအသည်းနှလုံးများ ပြုတ်ကျကာ နေရာတွင်ပင် မှဲ့ချင်းပြီးသွားနိုင်လေသည်။ ရဲ့ယန်ကျင်း၏ တိုက်ကွက်များကြောင့် ဆက်တုံနှင့်လုံပင်းတို့၏ လက်နက်များမှာ သစ်တိုစလောက်ပင် အသုံးမဝင်ချင်လှတော့ပေ။

'ဟား....ဟား....ဟား....သိပ်ကြောက်နေပြီလားကွ'

ရဲ့ယန်ကျင်းက လက်နှစ်ဖက်ကို မိုးပေါ် ထောင်မြှောက်ကာ ထိုလက်ဝါးများကို မြေပြင်တွင်စိုက်၍ ကျွမ်းသုံးပတ်ထိုးကာ ဆက်တုရှိရာသို့ ရောက်လာသည်။ ဆက်တုက သူ၏ဓား ဖြင့် ကြယ်ခွေ့ဓားသိုင်းကို အသုံးပြုကာခုတ်သည်။

ဓားချက်မှန်သမျှကို ခြေထောက်နှစ်ဖက် ဘယ်ညာတိမ်း၍ ရှောင်ကာ မြေကြီးပေါ်လက်ထောက်၍ ဆက်တု၏ ရင်ဝကို ကန်ထည့်လိုက်၏။ ဆက်တုမှာ ကိုယ်ကိုယိမ်း၍ တိမ်းလိုက်သောကြောင့် ဘယ်ဘက်ပခုံးလက်အုံကိုထိသွားသည်။

'ဖွန်း'

'အား'

ဆက်တုံ မချိမဆန့်အော်လိုက်ရသည်။ ညာဘက် ခြေနင်း ဖနောင့်ချက်မှာ ပွတ်ထိရုံနှင့်ပင် ဖြင်းထန်လှကြောင်း သိသာလှ၏။



ဆက်တုံကိုမှဲ့နေသော ရဲ့ယန်ကျင်းကို လုံပင်းက နောက်မှ အတင်းဝင်တိုက်သည်။ လုပင်းခုတ်ချသော 'ဓားချက်ကို ပခုံး အား နောက်သို့လှန်၍ ခံလိုက်သောကြောင့်' ဓားက ရဲ့ယန် ကျင်း၏ ပခုံးပေါ်သို့မရောက်၊ လုပင်း၏လက်ဖျံကသာ ပခုံး ပေါ် ရောက်သွားသည်။ ထိုလက်ကိုဆွဲကာ လုပင်းကို ရဲ့ယန် ကျင်းက ကိုင်ပေါက်ပစ်လိုက်သည်။

'အို'

လုံပင်းမှာ မြေပြင်ပေါ်တွင် ဇက်နှင့်ကျ၍ မကျိုးအောင် ပခုံးဖြင့်လှိမ့်ချလိုက်သည်။ သူလည်း ပခုံးတစ်ဖက် နာသွား သည်။ ဆက်ကုရော လုံပင်းပါ နာကျင်နေကြသကဲ့သို့ မော ပန်း မောပန်းနေကြပြီဖြစ်သည်။

သူတို့သည် ဝင်ရောက်တိုက်ခိုက်လူနေရာမှ ခုခံတွန်းလှန်နေ ရသူဘဝ ရောက်သွားသည်။

'အတိုင်းဆိုရင်တော့ မလွယ်ဘူး ထင်တယ် လုပင်း၊ သူ့ ခြေထောက်တွေ သိပ်မြန်နေတယ်၊ သိပ်လည်းသန်တယ်'

ဆက်တုက လုပင်းကို တိုးတိုးကပ်၍ ပြော၏။ ရဲ့ယန် ကျင်းက သူတို့အခြေအနေကိုကြည့်ကာ ခုန်ဝင်လာပြန်သည်။ အခြေအနေမှာ တဖြည်းဖြည်း ဆိုးရွားလာသည်။ လုပင်း နှင့်ဆက်တုတို့၏လက်ထဲတွင်လည်း ဓားများမရှိတော့။ ရဲ့ယန် ကျင်း၏ ခြေထောက်ကန်ချက်များကြောင့် ဓားတို့လွင့်စဉ်ကုန် ပြီဖြစ်လေသည်။ သူတို့နှစ်ဦးမှာ လူတစ်ယောက်နှင့် တိုက်ခိုက်

သင်ဖြစ်နေခဲ့သည်နှင့် မ[illegible]တဲ့ ကျွဲ ပစ်[illegible] ရှိဆိုင် နေရ[illegible]ဖြစ်နေသည်။

'ဆက်တု [illegible]ခြေထောက်ကို [illegible]အောင် ချီးမယ်'

ဆက်တုကို [illegible]သံကြီးဖြင့် လုပင်းက အော်ဟစ်ပြောလိုက်သည်။ လုပင်း၏ [illegible]ပြောသံကြောင့် ဆက်တုမှာ စိုးရိမ်သွားသည်။

'လုပင်း အရမ်းမလိုပ်နဲ့နော် သူ့ခြေထောက်တွေက သိပ်မြန်တယ်၊ မင်းသတိထား'

'အေး'

ပြောနေစဉ်မှာပင် သူ့ထံသို့ ခုန်လွှားကာ ရောက်ရှိလာပြီး ကန်ထည့်လိုက်၍ ဆက်တုမှာ နောက်သို့ လွင့်စဉ်ထွက်သွားလေတော့သည်။

လုပင်းကတော့ သူ့အကြံအစည်အတိုင်း စတင်အကောင်အထည်ဖော်နေပြီဖြစ်၏။ ရဲ့ယန်ကျောင်းကို လုပင်းသည် ရင်ဆိုင် တိုက်ခိုက်သည် ရဲ့ယန်ကျောင်းက လုပင်းကို သူ၏လက်နှင့် ထောက်ကာ ခြေထောက်ဖြင့် ဆောင့်ကန်ထည့်လိုက်သည်။

'အား'

လုပင်း၏ နာကျင်သော အော်သံကို ကြားလိုက်ရသည်။ ဆက်တုသည် နှစ်ကြိမ်တိတိ ပခုံးစွန်းကို အကန်ခံလိုက်ရ၍ ဘယ်လက်တစ်ဖက်မှာ မလှုပ်နိုင်အောင်ပင် ဖြစ်သွားလေသည်။

လုပင်းမှာလည်း ခြေထောက်တစ်ဖက်မှထောက်နိုင်လောက်အောင်ပင် နာကျင်နေလေသည်။ လုပင်းတစ်ဦးတည်းကိုသာ



[illegible]တိုက်ခိုက်နေသော ရဲ့ယန် [illegible]ကို ဆက်တုက ဝင်ရောက် တိုက်ခိုက်လိုက်သည်။

ဆက်တု၏ ကြယ်မ[illegible] ချက်များကြောင့် ရဲ့ယန်ကျောင်းမှာ [illegible] ဆက်တုဘက်သို့လှည့်[illegible] ရင်ဆိုင်ရမှုသည်။ ထိုအခွင့်အရေးကို လက်လွှတ်မပေးဘဲ လုပင်းက ရဲ့ယန်ကျောင်း၏ကျောကို လက်[illegible]ရိုက်ချက်ဖြင့် ရိုက်ချလိုက်သည်။

'ဖျောင်း'

'အိုး'

လုပင်း၏ရိုက်ချက်မှာ [illegible]ကောင်းလိုက်သောရဲ့ယန်ကျောင်း၏ [illegible]သို့ ကျရောက်သွားသည်။ အခြားသိုင်းသမားတစ်ဦးဆိုလျှင် ထိုထက်[illegible] [illegible]နှင့်ပင် [illegible]ကျသွားနိုင်ပေသည်။

သော် [illegible]မှာသာ အတွင်းအားကောင်းလှ၍ဖြစ်သောကြောင့် တစ်ချက်မျှသာ ယိုင်သွားသည်။ သူ၏နှုတ်ခမ်းမှ သွေးစများ ကျလာသည်ကို သိမ်းလိုက်ကာ လုပင်းကို [illegible] စူးစူးဖြင့် ပြုံး၍ကာန်ထည့်လိုက်လေသည်။

[illegible]မှာ သူ၏တန်ချက်ကို မရှောင်တော့[illegible]။ သူ့ [illegible] တန်းဝင်လာသော ရဲ့ယန်ကျောင်း၏ခြေထောက်ကို လုပင်း[illegible]ဖက်ထားလိုက်လေသည်။

လုပင်း၏ [illegible] သွေးစများ [illegible] ရဲ့ယန်ကျောင်းက လုပင်း၏[illegible]ကို ကန်ချ[illegible]ထိသွားပြီဖြစ်[illegible] သိသည်နှင့် [illegible]ကို လက်[illegible]ချက်ဖြင့်ရိုက်ရန် ရွယ်လိုက်သည်။

ထိုအချိန်မှာပင် ဆက်တိုသည် ခုန်ဝင်လာကာ လုံပင်း၏ အသေခံကာ ပိုက်ဖက်ထားသော ရဲ့ယန်ကျင်း၏ ညာခြေထောက်ပေါ်သို့ ဖုံနှန်ချသိုက်တော့၏။

'ဖြောင်း'

လုံပင်း ပက်လက်လှန် လဲကျသွားသည်။ ရဲ့ယန်ကျင်း၏ ခြေထောက်မှာလည်း ဆက်တု၏ ခြေစုံခုံချမှုကြောင့် ထွင်သွင်ကျိုးသွားလေပြီ။ ဆက်တုသည် လုပင်းကို မကြည့်နိုင်အားသေးဘဲ ခြေတစ်ဖက်မထောက်နိုင်သော ရဲ့ယန်ကျင်းကို လက်ဝါးရိုက်ချက်များဖြင့် ရိုက်ထုတ်လိုက်သည်။

ရဲ့ယန်ကျင်းမှာ သူ့ခြေထောက်တစ်ချောင်း ကျိုးသွားသည်ကို သိရှိသောကြောင့် ဆက်၍ မတိုက်နိုင်တော့ဘဲ ထော့ကျိုး ထော့ကျိုးဖြင့် တောင်ကုန်းဆင်းလေးအတိုင်း လှိမ့်ချသွားလေတော့သည်။ ဆက်တုသည် မြက်ခင်းပေါ်၌ လဲကျနေသော လုံပင်းကို ဂရုမစိုက်နိုင်သေး။

တောင်ကုန်းအဆင်း ချုံများထဲသို့ လိုက်လံ ရှာဖွေကာ ရဲ့ယန်ကျင်းကို တိုက်ခိုက်ဖို့ ကြိုးစားလိုက်သည်။ သို့သော် အချိန်အတန်ကြာသည်အထိ ရှာဖွေသော်လည်း ခြေတစ်ဖက် ကျိုးသွားသော ရဲ့ယန်ကျင်းကို ရှာဖွေ၍ မတွေ့ရတော့ပေ။

ရဲ့ယန်ကျင်းကား သူ၏အသက်ဘေးအတွက် နေသွက်ဆုံး ရှန်းကန်ထွက်သွားခြင်းပင် ဖြစ်သည်။ ဆက်တုမှာ မှုန်ကျမနပ်ဖြင့် မြက်ခင်းပေါ်သို့ တက်လာခဲ့သည်။

လုပင်းမှာ မြက်ခင်းပေါ်တွင် လဲကျနေသည်။ လုံပင်းကို သွား၍ ဆက်တုက ပွေ့ချီလိုက်သည်။



'လုံပင်း... လုပင်း သတိထားပါ သူငယ်ချင်း'

လုပင်းသည် မျက်လုံးများကိုဖွင့်၍ ပြုံးလိုက်သည်။ ထို အပြုံးမှာ နာကျင်ဝေဒနာခံစားနေရသည့်ကြားမှ ကြိုးစား၍ ပြုံးသောအပြုံးမှန်း ဆက်တု သတိထားမိ၏။

'သူငယ်ချင်း ဆက်တု၊ ငါတာဝန်ကျေပါတယ်နော်'

'ကျေပါတယ် သူငယ်ချင်း၊ မင်းကြောင့် သူရှုံးနိမ့်သွားတာပဲ'

ဆက်တုက ပြောပြောဆိုဆို လုပင်း၏ပါးစပ်မှ စီးကျလာသော သွေးစများကိုသုတ်ပေးလိုက်သည်။

'ငါ မင်းကိုနှုတ်ဆက်ပါတယ် ဆက်တုရာ၊ မင်းနဲ့ငါနဲ့ သေတဲ့အထိ အတူတိုက်ခဲ့ကြတယ်နော်၊ မင်းလည်း သူ့ကိုရှာဖွေပြီး နိုင်အောင်တိုက်ပါ'

'စိတ်ချပါ လုပင်းရာ၊ ဒီကောင် ရှိနေသမျှတော့ သိုင်းလောကဟာ စိတ်အေးရမှာမဟုတ်ဘူး၊ မင်းကို ငါကတိပေးတယ်၊ ရဲ့ယန်ကျင်းကို မတွေ့မချင်း ငါလိုက်ပြီး တိုက်ခိုက်ပါမယ်'

လုပင်း၏မျက်လုံးများမှာ တဖြည်းဖြည်း ပိတ်သွားသည်။ ဆက်တုမှာ လုပင်း၏ကိုယ်ကို မြက်ခင်းပေါ်သို့ တဖြည်းဖြည်း ချလိုက်လေသည်။ လုပင်းမှာ သူ့အစ်ကိုယိပင်းကဲ့သို့ပင် သေဆုံးသွားခဲ့ပြီ ဖြစ်လေသည်။

ဒီတ်ခေစတနာခေါ်ကောင်းသော လှုပင်းကို နောက်ဆုံး ကြည့်ခြင်းဖြင့် ဆက်တုသည် ငံ့ ကြည့်နေသည်။ လှိုင်းတား မြက်ခင်းပေါ်၌ မထသော အိပ်ခြင်းဖြင့် အိပ်စက်သွားခဲ့ပြီဖြစ်လေသည်။ လှုရှောက်ဖို့နို့ကိုရှာဖွေရန် ဆက်တုသည် ထွက်ခွာလာခဲ့တော့သည်။

....၁....

## အခန်း ( ၂၈ )

လျှ ယိမှာ ဆင်တစ်ကောင်ကဲ့သို့ ကိုယ်ခန္ဓာကြီးမားသော်လည်း ကြောင်တစ်ကောင်ထက်ပင် ပေါ့ပါးနေသည်။ သူနှင့်တွဲဖက် လှုပုလေးကလည်း မှင်စာတစ်ကောင်လို လျင်မြန်လှွန်းလှ၏။ လှုပုလေးကိုယ်ထဲမှ အဆိပ်ရည်နှင့် အဆိပ်အပ်များမျိုးမျိုးထွက်သကဲ့သို့ အခိုးအငွေ့များနှင့် သက်ရှိမိုးမှားများကိုလည်း တစ်ချက်တစ်ချက် ထုတ်လွှတ်ပေသေးသည်။

ပြီးတော့ သူတို့နှစ်ဦးသည် လှုရှောက်ဖုန့်၏ရှေ့မှ မျက်နှာချည်တိုက်ခိုက်လေ့ မရှိပေ။ လှုရှောက်ဖုန့်၏နောက်မှသာ လှုပုလေးက ချောင်းမြောင်းတိုက်ခိုက်လေ့ရှိပြီး လျှ ယိကတော့ လှုရှောက်ဖုန့်ရှေ့မှ အစဉ်အမြဲ တိုက်ခိုက်လေ့ရှိသည်။

လျှံယိတွင် ကြောက်စရာကောင်းသော လက်ဝါးများရှိသည်။ သူ၏လက်ဝါးများသည် သာမန်လူတစ်ဦးထက် ဒွိဆ ကြီးမားကျယ်ပြန့်ပြီး မျက်နှာမြင်မှာ ကြမ်းတမ်း၍ ကျောက်သားပြင်ကဲ့သို့ မာကျောလှ၏။ အထူးသဖြင့် လက်ထိပ်များမှာ အသားမာဖုချွန်များရှိ၍ ကျားတစ်ကောင်၏ လက်သည်းကဲ့သို့ ထိမိသောအရာများကို ကုတ်ဖဲ့သွားတတ်သည်။

လုံရှောက်ဖုန်ကို လွယ်လွယ်ကူကူတိုက်ခိုက်၍မရနိုင်ကြောင်းကို သိသည်နှင့် လျှံယိသည် ကျားလက်ဝါး သိုင်းကွက်ကို အရှိန်အဟုန်မြင့်ကာ တိုက်ခိုက်လာတော့သည်။

ထူးခြားသည်မှာ လျှံယိ၏လက်ဝါးရိုက်ချက် တိုက်ကွက်ပင် ဖြစ်သည်။ လုံရှောက်ဖုန်၏ မျက်နှာနှင့်လည်ပင်းကို ရည်ရွယ်ကာ သားကောင်ကို ကျားကဖမ်းဆီးသော တိုက်ကွက်မျိုးဖြင့် ခုန်ဝင်တိုက်ခိုက်သည်။

သိုင်းကွက်ဆယ့်နှစ်ကွက်တိတိ လုံရှောက်ဖုန်က နောက်သို့ ကျုံ့ပစ်ကာ ရှောင်တိမ်းလိုက်သည်၊ ထိုအချိန်တွင် လုံရှောက်ဖုန်နောက်တွင်ရှိနေသော လူပုံလေးမှာ ပျောက်ကွယ်မှုနေသည်။

'အင်း... ဒီကောင်လေး ဘယ်ရောက်သွားပါလိမ့်၊ ဒီကောင်လေး ငါ့ကိုအကောက်ကြံနေပြီထင်တယ်'

လုံရှောက်ဖုန်က တွေးရင်း သူ့နောက်ဘက်သို့ မျက်ခနဲကြည့်လိုက်သည်။ လုံရှောက်ဖုန်ရှောင်တိမ်းလိုက်သည်မှာ စံအိမ်တံခါးဝအနီးသို့ ရောက်ရှိသွားသည်။



တကယ်တော့ လူပုလေးသည် စံအိမ်ခေါင်မိုးပေါ်သို့တက်ကာ လုံရှောက်ဖုန်ခေါင်းတည့်တည့်ပေါ်သို့ ခုန်ချ၍ သူ့လက်တွင်းမှ သံဇကာကြီးကို လုံရှောက်ဖုန်ခေါင်းထဲသို့ တည့်တည့်စွပ်ရန် ကြံစည်နေခြင်းပင်ဖြစ်သည်။

'အသေးလေးရေ လုံရှောက်ဖုန်ကိုသာ သတ်နိုင်ရင်တော့ သိုင်းလောကမှာ တစ်ရှိန်ထိုး နာမည်ကြီးလာတော့မှာပဲဟ'

'ကောင်းပြီဗျို'

လျှံယိ၏အချက်ပေးသော စကားသံဆုံးသည်နှင့် စံအိမ်ခေါင်မိုးပေါ်တွင် ပုန်းနေသော လူပုလေးမှာ လွှားခနဲခုန်ချလာလေသည်။ သူသည် သံဇကာကြီးကို လက်နှစ်ဖက် စုံကိုင်ထားသည်။ ချွန်မြသော သံဇကာကြီးကို လုံရှောက်ဖုန်ခေါင်းထဲသို့ စိုက်သွင်းကာ ပခုံးပေါ်တွင်ခွထိုင်ရန် သူရည်ရွယ်လိုက်ခြင်းပင်ဖြစ်သည်။

'ဗုန်း'

'ဟင်'

သို့သော လျှံယိထင်မှတ်သကဲ့သို့ ဖြစ်မလာပါချေ။ လုံရှောက်ဖုန်ခေါင်းပေါ်သို့ ခုန်ချလာသော လူပုလေးမှာ လုံရှောက်ဖုန်၏ကိုယ်ပေါ်သို့မရောက်ဘဲ ခြေလှမ်းဆယ်လှမ်းစာမျှ ကျော်ကာ လျှံယိ၏ရှေ့တွင် ခွေလျက်သားကျသွားသည်။

လူပုလေးမှာ တစ်ချက်နှစ်ချက် တွန့်လိုက်ပြီးနောက် လက်ထဲမှ သံစို့ကြီး လွတ်ကျကာ ငြိမ်သက်သွား၏။ မြင်ကွင်းက လျှံယီအတွက် တကယ့်ကို စိတ်မချမ်းမသာ ဖြစ်စရာပင်။

လျှံယီက ရှုတ်တရက်တော့ ကြက်သေသေသွားသည်။ လူပုလေး ခုန်ချလိုက်သည့် အချိန်တွင် နောက်က တစ်ဦးဦးက ကျောကို လက်ဝါးချက်ပြင်းပြင်းဖြင့် ရိုက်ချလိုက်သောကြောင့် လွင့်ကျလာခြင်းပင် ဖြစ်သည်။

လူပုလေး၏အတွင်းအားမှာ မသေးပါ။ သို့သော် ယခုတော့ လူပုလေးသည် လျှံယီရှေ့တွင် ငြိမ်သက်သွားလေပြီ။ သူတို့၏ကောက်ကျစ်သော တိုက်ကွက်ကို တစ်စုံတစ်ယောက်က ကြားခင်၍ဆုံးဖြတ်လိုက်ခြင်းပင်ဖြစ်သည်။

လိုရှောက်ဖုန်က ရပ်နေသော နေရာမှ တစ်လှမ်းမျှ မရွေ့သေးပါ။

'ကျားလက်ဝါးဂိုဏ်းချုပ်ကြီး၊ ခင်ဗျား၏ ကောက်ကျစ်စဉ်းလဲတဲ့အကြံကို ကျုပ်မိတ်ဆွေက မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချပေးလိုက်တာပါဗျာ'

လိုရှောက်ဖုန်က တည်ငြိမ်သောအသံဖြင့် ပြောလိုက်သည်။ အသေးလေးကို ဘယ်သူရိုက်တာလဲ ဆိုသည်ကို လုရှောက်ဖုန်က ကောင်းကောင်းသိသည်။



'သူခိုးစိတ္တဆက်ဘိုရေ၊ ခင်းလက်ဝါး ရိုက်ချက်ကတော့ တကယ့်ကို ပိုင်တာနည်းဆန်တာပဲဟေ့၊ ခုထိ မပြောင်းလဲသေးဘူး'

'ဟုတ်တယ်၊ မြွေခွေးကြီးရေ၊ ငါ့ကလည်း ဒါမျိုးဆို သိပ်မုန်းတာ'

ပြောပြောဆိုဆို လူရိပ်တစ်ခုက ခေါင်မိုးပေါ်မှ ခုန်ချလာသည်။ သူခိုးစိတ္တဆက်တုပင်ဖြစ်သည်။ ဆက်တု၏ ကိုယ်မှာလည်း ဒဏ်ရာဒဏ်ချက်တွေကရှိနေပါ၏။ သို့သော် ဆက်တု မျက်နှာမပျက်ပါ။

လျှံယီသည် အခြေအနေမှန်ကို သိမြင်သွားသည်နှင့် လုရှောက်ဖုန်ကို သူယှဉ်ပြိုင်၍ မရနိုင်တော့ကြောင်းကို ရိပ်မိသွားခဲ့လေပြီ။ လုရှောက်ဖုန်သည် လျှံယီရှိရာသို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။ လျှံယီက လုရှောက်ဖုန် ရှေ့သို့တိုးလာသည်ကို တွေ့သည်နှင့် နောက်သို့တစ်လှမ်းချင်း ဆုတ်ခွာသွားလေသည်။

ခြေလှမ်းငါးလှမ်းမျှ ရောက်သောအခါတွင် ကျားလက်ဝါးဂိုဏ်းချုပ်လျှံယီမှာ နောက်သို့ ချာခနဲ လှည့်ထွက်ကာ ချုံနွယ်များကြားသို့ လွှားခနဲခုန်ချလိုက်သတော့သည်။ လိုရှောက်ဖုန်က လျှံယီနောက်သို့ ဆက်လိုက်သင့် မလိုက်သင့် ချင့်ချိန်လိုက်သည်။

'ကဲ… သူခိုးဝိဇ္ဇာကြီး လိုက်ချင်လိုက်သွားတော့၊ ငါတော့ ခုခဲးတို့နောက်ကို လိုက်ကြည့်ဦးမယ်'

လုရှောက်ဖုန့်စကားကိုကြားသည်နှင့် ဆက်တုက လူပုံလေးလဲကျနေရာသို့လျှောက်သွားတာ တစ်ကိုယ်လုံးကို ရှာဖွေလိုက်သည်။ လူပုလေးထံမှ တြိဂံပုံသဏ္ဌာန် အဝတ်စလေးတစ်စ ထွက်လာသည်။

ထိုအဝတ်စလေးမှာ လုရှောက်ဖုန့်လက်သို့ ရောက်ရှိခဲ့သည့် အမှတ်အသားမျိုးဖြစ်နေကြောင်းကို တွေ့ရှိရလေသည်။

'ဟား …ဟား….ဟား….မင်းအစဉ်းစားရ ခက်နေပြီလား၊ သူခိုးဝိဇ္ဇာကြီး အဲဒါ သူတို့နဂါးအမောက် ကျောက်စိမ်းပြားကို စေစုခွဲဖို့ချိန်းဆိုထားတဲ့ နေရာပဲ'

'ဓမြခွေးကြီး ဒီအကြောင်းတွေကို မင်းသိနေပြန်ပြီလား'

ဆက်တုက အံ့အားသင့်သော မျက်နှာဖြင့် မေးလိုက်လေသည်။

'ဘာမသိစရာ ရှိသလဲကွာ၊ ဒီကောင်တွေဟာ ဒီနဂါးအမောက် ကျောက်စိမ်းပြားအတွက် ခြေရှုပ်နေတဲ့ကောင်တွေပဲ'

'ကျွဲးလက်ဝါးဂိုဏ်းက ဒီနဂါးအမောက် ကျောက်စိမ်းပြားကို အပိုင်ရနေပြီဒို့လား'



လုရှောက်ဖုန့်က ခေါင်းခါလိုက်သည်။

'ဒါဟာ အသေအချာပြောလို့ရတဲ့ကိစ္စ မဟုတ်ဘူး၊ အခုစန်းရွဲပြည်နယ်ကနေ လျ ယိက သင်္ဘောနဲ့ထွက်လိမ့်မယ်၊ အဲဒီသင်္ဘောဟာ မနက်ဖြန်ညနေမှာ ရောက်လိမ့်မယ်၊ မင်းထွားနှင့်ဆက်တု'

ဆက်တုက လှခြမ်းသာနေသော အချိန်တွင် သစ်ပင်တစ်ပင်နှင့် အလုံငယ်လေးတစ်ခုပါသောပုံကို ကြည့်ရင်းမှ…

'နေပါဦး ခွေးကြီး၊ ငါ့ကိုကြိုလွှတ်ရအောင်၊ မင်းကဟိုလူသေတော့ဝက်နှင်းထဲကဂူကို သွားပြီးတော့ ဘာလုပ်မှာလဲ'

'ငါ့စိတ်ထဲမှာ တစ်ခုခုလိုနေတယ် ထင်လို့'

လုရှောက်ဖုန့်က ခပ်တည်တည်ပြောလိုက်၏။

'ဘာလဲ မင်းက ဖန့်ကုန်းမှုကို စွဲလမ်းနေပြန်ပြီလား မဟုတ်လား၊ ဒါမှမဟုတ် မင်း ရှုခင်းကိုပဲ စွဲလမ်းနေသလား၊ ပြောစမ်း'

ဆက်တုက တံဆိပ်ပါသော ပိတ်စသုံးမြှောင့်လေးကို အိတ်ထဲသို့ထည့်ရင်း ပြန်မေးသည်။

'ဒီလိုလည်းမဟုတ်ဘူးကွ၊ မိန်းမတစ်ယောက်ကို မတွေ့ရရင် မနေနိုင်အောင် ငါဟာ စွဲလမ်းမနေပါဘူးကွာ၊ အရေးကြီးတာက စုယုံယုံတို့ရှိတဲ့နေရာကကို အချိန်မီလိုက်နိုင်ဖို့ အရေးကြီးတယ်၊ ဒါနဲ့ လုပင်းရော'

လုရှောက်ဖုန့်က ယခုမှ တံခွန်တိုင်လုပင်းကို သတိရ၍မေးလိုက်သည်။

'လုပ်ငန်းကတော့ ရဲယာန်ကျင်းနဲ့တိုက်ရင်း ကိစ္စပြတ်သွားပြီ မြေခွေးကြီးရေ'

'ငါထင်သားပဲ၊ ဆက်ဟု၊ မင်းတို့နှစ်ယောက် ငါ စိတ်မချ ဖြစ်နေတာ၊ ဒီမှာ လျှံယီနဲ့ဂျပုကလည်း ငါ့ကိုဖိတွယ်နေတော့ ငါဘာမှလုပ်လို့မရဘူး'

သူ ငါ့ကိုအသက်စွန့်ပြီး ကယ်သွားတာပါပဲ မြေခွေးကြီးရာ၊ ကဲ...အချိန်မရှိတော့ဘူး၊ မင်းပြောသလိုဆိုရင် စန်းရဲ့ဖြည်နယ်က ပင်လယ်ကမ်းစပ်ကို ငါနက်ဖြန်ရောက်နေမှ ဖြစ်မှာပေါ့'

'အေး...ငါလည်း အဲဒီအချိန် အရောက်လာခဲ့မယ်၊ မင်း အစစအရာရာသတိထားနော်၊ သတော်ာပေါ်ကို မင်းနည်း မင်းဟန်နဲ့ ရောက်အောင်တက်၊ ငါလည်း ငါ့နည်းငါ့ဟန်နဲ့သင်္ဘော ပေါ်ကိုရောက်အောင် လာခဲ့မယ်'

'စိတ်ချပါ မြေခွေးကြီးရာ၊ လျှံယီဆိုတာ အင်မတန် စေ့စပ်တဲ့ကောင်ပဲ၊ လူနိုင်ခွေချမရှိရင် ပြေးတာကိုပဲ ကြည့်တော့'

စကားအဆုံးတွင် ဆက်စု ထွက်သွားလေတော့သည်။ လိုရှောက်ဖုန့်သည် ခြောက်သွေ့နေသော ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီး၏အိမ်ကို တစ်ချက် မျက်လုံးဝေ့ကြည့်ကာ လူဆော တောင်ကုန်းရှိရာသို့ ထွက်ခွာလာခဲ့လေတော့သည်။

....၁....

## အခန်း ( ၂၉ )

မိန်းမချောလေးစုခင်းနှင့်ပဟာသက်၍ သူသည် တင်စုံတစ်ရာ သတိပေးစရာရှိနေသည်။ အချိန်မီသွားရောက်ပြောကြားခြင်း မပြုပါက ကင်းမြီးကောက်ဂိုဏ်းချုပ်အန္တရာယ်မှ ကင်းလွတ်ကာစ စုမင်းတို့မိသားစုတွင် ဒုက္ခရောက်နိုင်သည်။

စုခင်းက သူတို့ကို ခေါ်ဆောင်သွားသော တောင်ကြား လမ်းသို့ရောက်ရှိသောအခါတွင် လူရိပ်အစ်ရိပ် တောင်ကြား ထဲသို့ခုန်ချလိုက်သည်ကို တွေ့ရသည်။ တောင်ကုန်းမြင့်ပေါ်မှ ခုန်ချလာ၍ လေထဲတွင် အဝတ်စတို့က ဖလပ်ခနဲ မြည်သံကို ကြားလိုက်ရ၏။

မြင့်မားသော တောင်ကုန်းဆိပ်ပေါ်မှ ခုန်ချလာသော ကြောင့် ထိုလူရိပ်၏ကိုယ်ဖော့ပညာမှာ မည်မျှမြင့်မားကြောင်း ကို လိုရှောက်ဖုန့်ရိပ်မိလိုက်၏။ ထောင်ထောင်မောင်းမောင်း လူရိပ်ကဲ လုရှောက်ဖုန့်သွားမည့်လမ်းကို ရှေ့မှ ဆီးကြိုပိတ် ထားလိုက်သည်။

'မင်းဘာယ်သူလဲကွ၊ ဘာကိစ္စ ငါ့လမ်းကို ပိတ်ထားရတာ လဲ'

လုံရှောက်ဖုန်းက သဲသဲကွဲကွဲ မမြင်ရသောလူကို မေးမြန်းလိုက်သည်။

'ကျုပ်က တာဝန်ရှိလို့ရောက်လာရတာပါ'

လူရိပ်က အေးစက်စက် လုံရှောက်ဖုန်းကို ပြန်ပြောလိုက်လေသည်။

'ဘာတာဝန်လဲ၊ ဘာကိစ္စ ဒီကိုရောက်လာရတာလဲ'

လုံရှောက်ဖုန်းက ဓားကိုဆွဲထုတ်ရင်း လူရိပ်ရှေ့သို့ တိုးကာ မေးမြန်းလိုက်၏။

'ကျုပ်တာဝန်က လုံရှောက်ဖုန်းကိုသတ်ဖို့တာဝန်ပဲ၊ ကျုပ်ကို ငှားရမ်းလိုက်တာက တာမင်တန်ကျွန်းက မမတစ်ယောက်ပဲ'

'မင်းလိုလူကိုများ ငှားရမ်းရတယ်လို့ကွာ၊ မင်းက ငါ့ကို ဘာလုပ်နိုင်မှာမို့လို့လဲ'

'ကျုပ်က ခင်ဗျားကို သတ်နိုင်တယ်လေ၊ သတ်ဖို့ပေါ့'

လူရိပ်က ဂရုမထားသလိုပြောရင်း သူ့ခါးတွင်ချိတ်ထားသော ဓားကိုထုတ်လိုက်လေတော့သည်။ လဆန်းရက်တွင်ထွက်ပေါ်နေသော လခြမ်း၏အရောင်ကြောင့် ဖွေးလက်တောက်ပနေသည်။

အရောင်တောက်ပသော ဓားကို တွေ့လိုက်သည်နှင့် လုံရှောက်ဖုန်းသည် ထိုသူ၏နာမည်ကို မှတ်မိသွားတော့၏။



'မင်း ငွေဓားရှင်မဟုတ်လား'

လုံရှောက်ဖုန်း၏စကားကို ထိုသူသည် ဟက်ခနဲ တစ်ချက် ရယ်လိုက်၏။

'သိပ်ဟုတ်တာပေါ့၊ ဒါဆိုရင်တော့ ကျုပ် ဘာအလုပ်လုပ်တယ်ဆိုတာ ရှင်းပြဖို့မလိုတော့ဘူး ထင်ပါတယ်'

ငွေဓားရှင်က တရွေ့ရွေ့တိုးကပ်လာရင်း ပြောသည်။

'မင်းကို ဘယ်သူက ငွေကြေးပေးပြီး ခိုင်းတာလဲ၊ ပြောလေ၊ ပြောပါဦး'

ငွေဓားရှင်က ခေါင်းခါယမ်းလိုက်သည်။

'သေတဲ့အထိတောင် မပြောဘူးလို့ ကျုပ်ကတိပေးပြီးပြီ လုံရှောက်ဖုန်း ခင်ဗျားရှေ့ဆက်မတိုးဘူးဆိုရင် ကျုပ်တာဝန်ပြီးပါပြီ'

'နေပါဦး၊ ငွေဓားရှင် ကြေးစား လူသတ်သမားတစ်ဦးအနေနဲ့ လူမသတ်ဘဲ ပြန်သွားရိုးထုံးစံရှိလို့လား'

ငွေဓားရှင်က ခေါင်းညိတ်လိုက်သည်။

'သိပ်ရှိတာပေါ့၊ အဓိကကတော့ တာမင်တန်ကျွန်းကို ခင်ဗျားရောက်မလာဖို့ပဲ၊ လုံရှောက်ဖုန်း ဒီကတိကို ခင်ဗျားပေးနိုင်ရင် ကျုပ်ကလှည့်ပြန်သွားမယ်'

'ငါက တာမင်တန်ကျွန်းကို အချော်ခရီးမထွက်ချင်ပါဘူး၊ ဒါပေမယ့် ငါ့ဘက်ကိုလည်း ကြည့်ဦးလေ၊ စုယုံယုံတို့ သုံးယောက်ကို တာမင်တန်ကျွန်းမှာ ငါသွားရှာရမယ်၊ တခြားဟာတွေကို ငါ့ဘာမှ မနှောင့်ယှက်ပါဘူး၊ သူတို့သုံးဦးကိုတော့ ငါသွားပြီးခေါ်မှဖြစ်မယ် ငွေခါးရှင်'

ငွေခါးရှင် နားလည် သဘောပေါက်သွားသည်။ သူ၏ နားလည်သဘောပေါက်ပုံမှာ ငွေခါးကိုခင်း သိုင်းကွက်ကို အသုံးပြု၍ လုံရှောက်ဖုန့်ကို ခင်ရောက် တိုက်ခိုက်ခြင်းကြောင့် ပင်ဖြစ်တော့သည်။

ငွေခါးရှင်၏ ခါးကိုးကွက်မှာ ကြောက်ရွံ့ထိတ်လန့်ဖွယ် ရာ ကောင်းလှသည်။ အရောင် တောက်ပနေသော သူ၏ခါးသည် စကြာပုံသဏ္ဌာန်လည်ပတ်ကာ လုံရှောက်ဖုန့်ရှိရာသို့ တိုးကပ်လာသည်။

'ထန်... ထန်.... ထန်'

'ချွင်'

ငွေခါးရှင်၏ စကြာခါးကိုးကွက်ကို လုံရှောက်ဖုန့်က သူ့ခါးဖြင့်ခုခံလိုက်သော်လည်း အားရှိန်က ပြင်းထန်လွန်းသောကြောင့် လုံရှောက်ဖုန့် နောက်သို့ဆုတ်လိုက်ရသည်။

ငွေခါးရှင်က တဟားဟား အော်ဟစ်ရယ်မောကာရင်း လုံရှောက်ဖုန့်ရှိရာသို့ ထပ်၍ ခုန်ဝင်တိုက်ခိုက်လိုက်ပြန်လေသည်။



'ဟေ့... ဟေ့... မင်းက တိမ်ခွဲခါးကိုတောင် သုံးတော့မလို့လား'

သိုင်းကွက်၏ အရိပ်အခြည်ကိုကြည့်ရင်း လုံရှောက်ဖုန့်က အော်၍မေးလိုက်သည်။

'ကျုပ်ကြိုက်တဲ့သိုင်းကွက်ကို သုံးမှာပေါ့'

ငွေခါးကိုးကွက်သိုင်းကွက်ဖြင့် လုံရှောက်ဖုန့်ကို ချေမှုန်း၍ မရသောအခါတွင် ငွေခါးရှင်သည် တိမ်ခွဲခါးခုနစ်ကွက်ကို အသုံးပြုကာ တောင်နံရံနှစ်ဖက်ကို ခုန်လွှားကာ လုံရှောက်ဖုန့် ခေါင်းပေါ်မှတိုက်ခိုက်၏။

ကျဉ်းမြောင်းသော တောင်နံရံနှစ်ဖက်ကို တစ်ဖက်နှင့်တစ်ဖက် ခုန်ကူးကာ လုံရှောက်ဖုန့်၏ လွတ်ဟာနေသော အားနည်းချက်ကို ရှာဖွေ၍ တိမ်ခွဲခါးသိုင်းကွက်ဖြင့် ငွေခါးရှင်က ခုန်ဆင်းလာ၏။

'ဝှီ'

'ထင်'

'အိုး'

ခါးကိုသာ ဂရုစိုက်နေသော ငွေခါးရှင်မှာ လုံရှောက်ဖုန့်၏ ဘယ်လက်ဖြင့် သူ၏ခါးကိုင်ထားသော ညာဘက်ပခုံးကို ဓားဦးတွန်းခြင်းခံလိုက်ရလေသည်။

သူ၏ပခုံးတွင် ကျင်ခနဲဖြစ်သွားကာ ခါးကိုအသုံးမပြုနိုင်လောက်အောင် နာကျင်သွားသည်။ ညှိကွဲသို့သော သိုင်းကွက်

မျိုးကို လုံရှောက်ဖုန့်တစ်ဦးတည်းသာ ခုခံနိုင်ပါသည်။ ညာလက်ဖြင့်ဓားကိုကိုင်၍ တိုက်ခိုက်နေသော တိမ်ခွဲဓားသိုင်းကွက်ဖို့ရှင် ငွေဓားရှင်မှာတော့ နံရံပေါ်သို့ လွှားခနဲ ခုန်တက်လိုက်၏။

'ဘယ်လိုလဲ မိတ်ဆွေကြီးရဲ့၊ ကျုပ်ရဲ့ဓားကွက်တွေကို ဆက်မမြည်းကြည့်တော့ဘူးလား'

'လုရှောက်ဖုန့် တို့နောက်ထပ် တွေ့ကြသေးတာပေါ့'

ငွေဓားရှင်သည် တောင်ထိပ်ပေါ်သို့ လျှင်မြန်စွာ ရောက်ရှိသွားသည်။ တကယ်တော့ ငွေဓားရှင်သည် အခြေအနေမကောင်းလျှင် တောင်ထိပ်ပေါ်သို့ အမြန်ဆုံးခုန်တက်နိုင်ရန် ကြိုးတစ်ချောင်းကို ကြိုတင်စီမံထားခဲ့ခြင်းဖြစ်သည်။

'ငါကတော့ ရန်ငြိုးရန်စမရှိဘူးဟေ့၊ မင်းက ငါ့အသက်ကို ရန်ရှာလို့သာ ငါက ကာကွယ်ရတာပဲ'

လုံရှောက်ဖုန့်က ငွေဓားရှင်ကြားလောက်အောင် အော်ဟစ်ပြောဆိုလိုက်သည်။ သို့သော် ငွေဓားရှင်မှာ တောင်ထိပ်မှ ရုတ်တရက်ပျောက်ကွယ်သွားလေတော့သည်။

လုရှောက်ဖုန့်စိတ်ထဲတွင် မဟာင်မကျဖြစ်နေသည်။ သူ့ကို ကြိုတင်၍လုပ်ကြံသော လူတစ်စု တာမင်တန်ကျွန်းတွင် ရှိနေသည်မှာ သေချာသည်။ ထိုလူစုမှာ စုယုံယုံတို့သုံးဦးအား ဖမ်းဆီးခေါ်ဆောင်သွားသော ထန်ချူရင်းတို့အဖွဲ့က ဖြစ်ကောင်းဖြစ်ပေမည်။



သို့သော် ထန်ချူယင်းသည် သူလိုက်လာမည်ကို ဤမျှအထိ စိုးရိမ်ချင်မှ စိုးရိမ်ပေမည်။ နဂါးအမောက် ကျောက်စိမ်းမြေကို လက်ဝယ်သိမ်းပိုက်ထားသော ဒုစရိုက်သိုင်းဂိုဏ်းတစ်ခုကပင် သူ့ကိုကြိုတင်၍ ကာကွယ်ထားခြင်းလောဟု စဉ်းစားလိုက်သည်။

အစတွေးဆိုသည်မှာ လက်တွေ့လောက် သေချာရေရာမှုမရှိနိုင်ကြောင်းကိုတော့ လုရှောက်ဖုန့် သိသိသည်။ သူသည် စုခင်းတို့မိသားစုနှင့် စန့်ကွမ်းမုတို့ကို အမြန်ဆုံးတွေ့နိုင်ရာ ဂူပေါက်ရှိရာသို့ပြေးလာခဲ့သည်။

...ဝ...

## အခန်း (၂၀)

ဂူတံခါးသည် သူမျှော်လင့်ထားခဲ့သည့်အတိုင်း ကြိုတင်ပွင့်ဟနေခဲ့၏။ ဂူထဲတွင် လူရိပ်လူယောင်ဟူ၍ မမြင်ရပေ။ စုခင်းတို့မိသားစု တောင်းကင်းရာသို့ ထွက်ခွာ ပြေးသွားနိုင်ခြင်း ဖြစ်လေသည်။ လုံရှောက်ဖုန့်သည် ဘူယာခင် ဝင်ရောက်ခဲ့ဖူးသော ဂူထဲသို့ခြေလှမ်းမှန်မှန်ဖြင့် ဝင်လာခဲ့ပါတော့၏။

မကြာမီကမှ ဆာသုတီကရှက် ထွက်ခွာသွားသော ခြေရာလက်ရာများကို တွေ့ကြသည်။ စုခင်းသည် ပြန်လှည့်၍ အသက်ရှင် ပေါင်းဖက်မိသော သူတို့မိသားစုကို တောင်းကင်းရာသို့ ခေါ်ဆောင်သွားခြင်းဖြစ်ပေလိမ့်မည်။ ဂူတွင်း၌ရှိသော ကျောက်ခုတင် ကျောက်ကုလားထိုင်များကြားတွင် သတ္တုသမီးဝတ်စုံ တစ်စုံကိုတွေ့လိုက်ရသည်။



ထိုဝတ်စုံမှာ စန့်ကွမ်းမို ဝတ်ဆင်ခဲ့သော ဝတ်စုံပင်ဖြစ်သည်။ စန့်ကွမ်းမုသည် ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီး ရဲ့သန့်ကျင်းနှင့် မင်္ဂလာဆောင်ရန် အတင်းအဓမ္မ ဝတ်ဆင်ခိုင်းခဲ့သဖြင့် ဝတ်ဆင်ထားသော ဝတ်စုံဖြစ်ကြောင်း လုံရှောက်ဖုန့်မှတ်မိသည်။

သတ္တုသမီးဝတ်စုံဘလွှားလွှားဖြင့် စန့်ကွမ်းမုက သူတို့ကို ကူညီတိုက်ခိုက်ခဲ့သည်ကို လုံရှောက်ဖုန့် မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ အသံအားလုံး တိတ်ဆိတ်နေသော်လည်း တစ်စုံတစ်ရာ လှုပ်ရှားမှု ရှိနေကြောင်းကို လုံရှောက်ဖုန့်၏ အာရုံခံစားမှုများက အလိုလိုသိရှိနေခဲ့၏။

မီးလျှံသံတစ်သံသည် ဂူတွင်းတစ်နေရာ၌ အလွန်တိုးလျစွာ ထွက်ပေါ်နေသည်။ ထိုနေရာကို လုံရှောက်ဖုန့် ခန့်မှန်းကြည့်သည်။

ကွေ့ကောက်သွားသော ဂူအတွင်းကျကျတစ်နေရာမှ ထွက်ပေါ်နေခြင်းဖြစ်ပေသည်။ လုံရှောက်ဖုန့်သည် ဂူတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာခဲ့၏။ ခြေလှမ်း ဆယ်လှမ်းမျှသာ လျှောက်ရသေးသည်။ ခေါင်မိုးပေါ်မှ တစ်စုံတစ်ဦး လွှားခနဲ ခုန်ချလာသည်။

'ဟင်'

လုံရှောက်ဖုန့် ကိုယ်ရှိန်သတ်ကာ အမိုးပေါ်မှ ခုန်ချလာသော လူရိပ်ကို ဓားနှင့်တွက်ထုတ်လိုက်သည်။

'ချွမ်'

'အိုး'

သူ့အပေါ်သို့ မိုးခုတ်လာသော ဓားရိပ်နှင့်အတူ လူတစ်ယောက် လွင့်ထွက်သွားသည်။ ထိုသူ၏ မျက်နှာပေါ်တွင် အနက်ရောင် မျက်နှာဖုံးတစ်ခုကိုစွပ်ထားပြီး မျက်လုံးပေါက်များနေရာတွင်သာ အပေါက်ဖောက်ထားသည်ကို တွေ့မြင်ရသည်။

လွင့်စဉ်ကျသွားသောလူသည် နေရာမှချက်ချင်းထကာ လိုရှောက်ဖုန်းကို မျက်နှာချင်း ဆိုင်လိုက်၏။ သူ့လက်ထဲတွင် သံမဏိဓားတို နှစ်ချောင်းဆုပ်ကိုင်ထားသည်။ လိုရှောက်ဖုန်းသည် ဖျတ်ခနဲခုန်ထလာ ဓားတိုနှစ်ချောင်းနှင့် မျက်နှာဖုံးစွပ်ကို ရင်ဆိုင်လိုက်၏။

'မင်းဘယ်သူလဲ၊ ဘာကိစ္စ ဒီဂူထဲကိုရောက်နေရတာလဲ'

'ခြေထောက်ပါလို့ ရောက်နေတာပေါ့'

မျက်နှာဖုံးစွပ်နှင့်လူက လူရှောက်ဖုန်း၏အမေးကို မလေးမစား ဖြေလိုက်သည်။

'မင်းမှာ ခြေထောက်ပါမှန်းတော့ ငါသိတာပေါ့ကွ၊ ဘာကိစ္စနဲ့ ဒီဂူထဲကိုရောက်နေတာလဲ'

'ဒီဂူထဲ ဝင်နေချင်တဲ့ကိစ္စပေါ့'

မျက်နှာဖုံးစွပ်နှင့်လူက လိုရှောက်ဖုန်းမေးသမျှ စကားကို ကောင်းကောင်းမွန်မွန် ဖြေလိုစိတ်ဟန်မတူပါ။ ပြောဆိုသော အသံမှာလည်း ကြောင်စီစီ ခြောက်သွေ့သွေ့နိုင်လှသည်။

'မင်း ငါဘယ်သူလဲဆိုတာကိုရော သိရဲ့လား'

လူရှောက်ဖုန်းက မသက်သာသောကြောင့် မေးခွန်းတစ်ခုကို ထပ်မေးလိုက်သည်။



'သိစရာမလိုဘူး၊ ဒီဂူထဲဝင်လာတဲ့သူကို သတ်ဖို့ပဲလိုတယ်'

လိုရှောက်ဖုန်းရှိရာသို့ တရွေ့ရွေ့ တိုးကပ်လာသည်။ မျက်လုံးပေါက်ထဲမှ မြင်နေရသော မျက်လုံးများမှာ လူကောင်းတစ်ဦး၏ဟန်ပန်နှင့် မတူပါ။

'ဟော့...ဟော့...မင်းရှေ့မတိုးနဲ့'

'ဝှစ်'

ဒယီးဒယိုင်ခြေလှမ်းများဖြင့် ရှေ့တိုးလာသော လူရှောက်ဖုန်းကို ဓားတိုနှစ်ချောင်းဖြင့် တိုက်ခိုက်သည်။ သို့သော် သူ့တိုက်ခိုက်ပုံမှာ မျက်စိမမြင်သော လူတစ်ယောက်က မည်းမည်းမြင်ရာ ဝင်၍တိုက်ခိုက်လိုက်သည့်ပုံမျိုး ဖြစ်နေလေသည်။

လူရှောက်ဖုန်းမှာ ဒယီးဒယိုင် ဝင်ရောက်တိုက်ခိုက်လာသူကို ခြေလှမ်းသုံးလေးလှမ်း ရှောင်ပေးလိုက်ရင်း သူ၏ဓားကိုသာ ခြေထောက်ဖြင့် ပြင်းပြင်းထန်ထန် ကန်ပေးလိုက်၏။

'အမယ်လေး'

အသံကျယ်လောင်စွာ အော်ဟစ်ရင်း မျက်နှာဖုံးစွပ်နှင့်လူမှာ ဂူ၏ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

နှုတ်ခမ်းထောင့်စွန်းတွင်လည်း သွေးစများ ယိုစီးနေသည်။ ထိုသူမှာ လိုရှောက်ဖုန်းနှင့် မတွေ့မီကတည်းကပင် ဒဏ်ရာပြင်းထန်စွာရရှိထားသူ ဖြစ်နေသည်။

'ကျုပ်ကို မြန်မြန်သတ်လိုက်ပါ၊ အမယ်လေး... ကျုပ်မခံနိုင်လွန်းလို့ပါ'

လဲကျနေသော မျက်နှာဖုံးစွပ်က လူးလိမ့် ခေအာ်ဟစ်နေသည်။ သူ့ကိုယ်ထဲတွင် အလွန်ပူလောင်ပြင်းပြစွာ ခံစားနေရပုံမျိုးဖြင့် တွန့်လိမ်နေသည်။

'ဟင်....မင်းက အဆိပ်မိထားတာကိုး၊ မင်း ငါ့ကို ဖြေဆေးပေးပါမယ်'

လုံရှောက်ဖုန့်က အိတ်ထဲမှဖြေဆေးထုတ်ကာ ထိုသူ၏ ပါးစပ်ထဲသို့ ထည့်လိုက်၏။ ခံစားနေရသည့် ဝေဒနာမှာ သက်သာ၍လာဟန်မတူပါ။

'မဖြစ်နိုင်ပါဘူး၊ ကျုပ်ကိုယ်ထဲမှာ ဘာမှမရှိတော့ဘူးထင်တယ်၊ အားလုံးဟာ ဟာလာဟင်းလင်းချည်းပဲ ကျုပ်လည်ပင်းကို ဓားနဲ့ဖြတ်လိုက်စမ်းပါဗျာ'

လုံရှောက်ဖုန့်မှာ အလိုလိုဓနရင်း လူတစ်ဦး၏လည်ပင်းကို ဓားနှင့်ဖြတ်၍ သတ်လိုစိတ်ရှိသူမဟုတ်ပါ။

'အား...မြန်မြန်လုပ်ပါဗျာ၊ ကျုပ်ကို ကနားရင် ကျုပ်ပြောသလိုလုပ်ပါ'

လုံရှောက်ဖုန့်တစ်သက်တွင် လူတစ်ဦးက မိမိ၏ အသက်ကိုသတ်ပေးပါရန် တောင်းတောင်းပန်ပန် ပြောဆိုသည်ကိုမကြုံခဲ့ရဘူးပေ။ မျက်နှာဖုံးစွပ်ထားသော မျက်နှာပေါ်ရှိ မျက်လုံးအိမ်မှ မျက်ရည်များစီးကျနေသည်ကို လုံရှောက်ဖုန့် တွေ့လိုက်ရသည်။

လုံရှောက်ဖုန့်သည် အနီးသို့ကပ်သွားသော မျက်နှာမှ မျက်နှာဖုံးကို ဆတ်ခနဲဆွဲချလိုက်လေသည်။

'ဟင်'



မျက်နှာဖုံးစွပ်ထားသူမှာ အင်္ဂလိဇ္ဇာချင်ကျော့ဝမ်း၏တပည့် ပိုင်ဟူဆက်ဖြစ်နေသည်။ ပိုင်ဟူဆက်သည် အဘယ်ကြောင့် မျက်နှာဖုံးစွပ်ထားရသနည်း။ သူ့ကို မည်သူက သေချင်စိတ်ပေါက်လောက်အောင် အဆိပ်ပြင်းပြင်းကို တိုက်ကျွေးလိုက်လေသနည်း။ လုံရှောက်ဖုန့်အတွက် စဉ်းစားရ ခက်သောပဟေဠိတစ်ခုဖြစ်ပေါ်လာသည်။

...ဝ...

## အခန်း ( ၃၁ )

ပိုင်ဟုဆက်၏ စမ်းနည်းကြေကွဲစရာကောင်းလှသောအဖြေ အပျက်ကိုကြည့်ကာ ဂူထဲမှ လုရှောက်ဖုန့် ထွက်လာခဲ့သည်။ လုရှောက်ဖုန့်သည် ပိုင်ဟူဆက်၏ဆန္ဒကို မဖြည့်စွမ်းနိုင်ပါ။ သူသည် သေခါနီးဆဲဆဲ လူတစ်ယောက်၏ လိုအင်ဆန္ဒကို ဖြည့်ပေးချင်ပါသည်။ သို့သော် အသက်တစ်ချောင်းကို သတ်ပေးခြင်းမျိုးနှင့်တော့ မဖြည့်စွက်ချင်ပေ။

သူ ဂူဝသို့ရောက်သည့်အချိန်မှာပင် ပိုင်ဟူဆက်၏ ပြင်းပြင်းထန်ထန်အော်သံကြီး ထွက်ပေါ်လာသည်။

'အား'

ပြင်းထန်သော အဆိပ်က ပိုင်ဟူဆက်၏ နောက်ဆုံးထွက်သက်ကို အလိုလိုနှိုက်ယူသွားခဲ့ခြင်းဖြစ်ကြောင်း လုရှောက်ဖုန့်သိလိုက်ပါ၏။ လုရှောက်ဖုန့်သည် ခေါင်းကို တစ်ချက်ခါယမ်း



လိုက်ကာ တောင်ကြားလမ်းထဲသို့ လှစ်ခနဲပြေးထွက်လာခဲ့လေသည်။

ညမှောင်မိုက်တွင် တောင်ကြားလမ်းမှာ မြင်သာရုံလေသာ လင်းနေခဲ့၏။ တိမ်ကင်းစင်သော လခြမ်းလေးကို လုရှောက်ဖုန့်က ကျေးဇူးတင်ရပေမည်။

လုရှောက်ဖုန့်သည် တောင်ကုန်းပေါ်သို့ သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လှမ်းလာစဉ်မှာပင် လူရိပ်တစ်ရိပ်က သူ့ကို တောင်ကုန်းထိပ်က ဆီးကြိုနေ၏။ ထိုလူရိပ်မှာ လက်ထဲတွင် ဓားတစ်ချောင်းကို ကိုင်ထားပြီး မျက်နှာပေါ်တွင် ပိုင်ဟူဆက်ကဲ့သို့ မျက်နှာဖုံး စွပ်ထားကြောင်းကို တွေ့လိုက်ရသည်။

လုရှောက်ဖုန့် သိပ်စဉ်းစားမနေတော့ပါ။ ဤအချိန်တွင် သူ့ရှေ့မှတားဆီးနေသူသည် သူ့ရန်သူသာဖြစ်ရမည်။ ရပ်နေသော လူရိပ်ရှိရာသို့ လုရှောက်ဖုန့် လွှားခနဲခုန်ဝင်ကာ တိုက်ခိုက်လိုက်လေတော့သည်။

'ချွင်…ထန်'

'အို'

ရပ်စောင့်နေသော လူရိပ်က အံ့အားသင့်သွားဟန်ဖြင့် ဓားနှင့်ဆီးကြိုခုခံကာ နောက်သို့ခုန်ဆုတ်သွားလေသည်။

'ဝှစ်'

'ချွင်'

'ထန်'

လိုရှောက်ဖုန့်က သိုင်းကွက်နှစ်ကွက်သုံးကွက်လောက် သုံး၍ တိုက်လိုက်သောအခါ ထိုမျက်နှာဖုံးစွပ်၏ခြေကွက်ကို သူတွေ့ ဖူးသလိုလိုထင်လာ၏။

'ဟင်...လောကကြီးလိုက်တာ၊ ဘာလို့ ဒီလေခက်ရန်လိုနေရ တာလဲ'

မျက်နှာဖုံးစွပ်က နောက်သို့ခုန်ဆုတ်ကာ လုရှောက်ဖုန့်ကို အပြစ်တင်သံတစ်သံ ထွက်လာမြန်သည်။

'မင်းက ငါ့ကိုဆီးကြိုပြီး တိုက်ခိုက်ဖို့မစောင့်နေတာမဟုတ် လား၊ ဘာလို့ ငါကဆိုင်းနေရမှာလဲ'

'မဟုတ်ပါဘူး'

အားနည်း၍ ဖျော့တော့သော အသံတစ်သံ၊ အမျိုးသမီး တစ်ဦး၏အသံဖြစ်ကြောင်း လုရှောက်ဖုန့် ကောင်းကောင်း ရိပ်မိလိုက်၏။

'မဟုတ်ရင် ဘာလဲ၊ မင်းက အဆိုပ်မိထားတာလား၊ မင်း ကို ငါက မြန်မြန်အသက်ထွက်ဖို့အောင် သတ်ပေးရဦးမှာလား၊



'ဟင်...ရှင်ဘာတွေပြောနေတာလဲ'

မျက်နှာဖုံးစွပ်မိန်းမပျို၏ အလိုမကျဖြာန် အသံဖြင့် သူ့ စကားကိုကန့်ကွက်လိုက်သည်။

'မင်းဗိုက်ထဲမှာ ဘာမှမရှိတော့ဘူးလို့ မင်းထင်နေတာမှ မဟုတ်လား'

'ရှင်ထင်တာတွေ တစ်ခုမှမဟုတ်ဘူး လိုရှောက်ဖုန့်၊ ရှင် ဗိုင်ဟူဆက်ကိုတွေ့လာခဲ့ပြီထင်တယ်'

မိန်းမပျို၏ ကြည်လင်သော စကားသံကို ပီပီသသကြား ရတော့မှပင် လိုရှောက်ဖုန့် မှတ်မိသွားသည်။

စကားသံနှင့်အတူ မျက်နှာပေါ်မှ မျက်နှာဖုံးကို ဆွဲ၍ ချွတ်လိုက်ရသည်။ တောင်ထိပ်ပေါ်တွင် လေတဟူးဟူးတိုက် ခတ်နေသောကြောင့် စန့်ကွမ်းမု၏မျက်နှာမှ မျက်နှာဖုံးမှာ ကိုင်ထားသောလက်ထဲတွင် တလွင့်လွင့်ဖြစ်နေသည်။ ဆံနွယ်စ များမှာလည်း နောက်ဘက်သို့လွင့်နေကြသည်။

'ဟင်...စန့်ကွမ်းမု...မင်းက မျက်နှာဖုံးကို ဘာလို့စွပ် ထားရတာလဲ'

'အများ၏ရဲဆုံးဖြတ်ချက်နဲ့ စွပ်ထားရတာပေါ့ရှင်၊ ဒါပေ မယ့် ရှင့်အတွက်လည်းပါတယ်'

စန်းကွမ်းမိုက လိုရှောက်ဖုန့်ကို အံ့အားသင့် သွားစေပါသည်။

'ဘာ....ငါ့အတွက်လည်းပါတယ် ဟုတ်လား'

'ဟုတ်တယ်ရှင့်၊ ဒါပေမယ့် ဒီမျက်နှာဖုံးကိုစွပ်ကြောင့် ဗိုင်ဟူဆက်သေသွားရတာ'

'ဘာ....မင်းပြောတာ နားမလည်ဘူး'

'ဒီလိုပါ၊ ရှင်ရောက်မလာခင် စုံခင်းက သူ့မိခင်ဖခင်နဲ့ အတူတိမ်းရှောင်သွားမယ်လို့ မပြောပါတယ်၊ ဒါပေမယ့် ရှင်ဟာ ဒီအနီးတစ်ဝိုက်မှာရှိနိုင်တယ်၊ရှင်နဲ့ဆက်သွယ်နိုင်ဖို့အတွက် ဗိုင်ဟူဆက်နဲ့ကျွန်မကို ဒီမျက်နှာဖုံးကိုစွပ်ခိုင်းပြီး နေခဲ့တာ'

'ဟင်....ဒါဆို ဗိုင်ဟူဆက်ကို အဆိပ်ကျွေး သတ်လိုက်တာ မင်းပဲပေါ့'

လုရှောက်ဖုန့်၏စကားကို မဖြေပါ။ စန်းကွမ်းမှုက မျက်နှာကို လက်ဝါးနှစ်ဖက်အုပ်ကာ တရှုံ့ရှုံ့ငိုနေလေသည်။

'မင်းဟာ လူတစ်ယောက်ကို အကြောင်းမဲ့ သတ်တဲ့မိန်းမပဲ၊ သိပ်ရက်စက်ကြမ်းပြီး အသည်းနှလုံး မရှိတဲ့မိန်းမ၊ မင်းနဲ့ ငါဆက်ပြီးတော့ လက်မတွဲနိုင်တော့ဘူး'

လိုရှောက်ဖုန့်က ဒေါသထွက်ထွက်ဖြင့် လှည့်၍ တိုက်ရိုက် ပြင်လိုက်သည်။



'နေ့ပါဦး....ကျွန်မရှင်းပြပါရစေဦး'

'ဘာမှ ရှင်းပြမနေနဲ့၊ ဂူထဲမှာ မင်းနဲ့ဗိုင်ဟူဆက်ကို ထား...တာ မဟုတ်လား၊ အဲဒါ မင်း သူ့ကိုအဆိပ်ကျွေးပြီးသတ်...ိုက်တယ်၊ ငြင်းချင်သေးသလား'

'သတ်မိတယ်ဆိုတာ မငြင်းပါဘူး၊ ဒါပေမယ့်ဘာကြောင့် ...တ်ရတယ်ဆိုတာတော့ ရှင်သိဖို့ကောင်းတယ်'

ငိုနေရာမှ စန်းကွမ်းမှုအသံကား မာကျောလာသည်၊

'ဟာ ...လူတစ်ယောက်လုံးကို အင်မတန်ပြင်းထန်တဲ့အဆိပ် ...ကျွေးသတ်ပြီးမှ မေးစရာ လိုသေးလား၊ ညှာတာစိတ်မရှိလို့ ...က်စက်လို့ပေါ့၊ ဒါ့အပြင် မင်းဟာ သနားကြင်နာလွန်းလို့သတ် ...ိုက်တာလို့များ ပြောချင်သေးလား'

လိုရှောက်ဖုန့်က ဒေါသထွက်သဖြင့် အော်ဟစ်လိုက်သဖြင့် ...ကြောင့် စန်းကွမ်းမှုက တစ်ချက်ရှိုက်လိုက်၏။

'အဟင့်'

'မင်း ဘာမှုရာမှာရာ များဦးမလို့လဲ'

'ရှင်ဆ ယောကျ်ားတစ်ယောက်အနေနဲ့ အမြဲတမ်းစဉ်းစား ...တ်တာကိုး'

'မိန်းမတစ်ယောက် အနေနဲ့ စဉ်းစားရင်ကော လူတစ် ...ယောက်ကို အပျင်းဖြေသတ်တာဟာကောင်းတဲ့အလုပ်မှမဟုတ် ...ဘဲ

'ကျွန်မက သူ့ကို အပျင်းပြေ သဲစာသတဲ့၊ ဟုတ်လား၊ ပြောရက်လိုက်တာ၊ ဒီမှာရှင့်၊ ဒီလိုထင်ရင် ရှင်နဲ့ကျွန်မနဲ့ဘယ်တော့မှ တွေ့ဖို့မလိုတော့ဘူး၊ ဒါပဲ'

'ဟင်'

အပြောင်းအလဲမြန်စွာ စန်းကွမ်းမိုးက လှစ်ခနဲထွက်ခွာသွား၍ လှိုင်ရှောက်ဖုန်မှာ အခံရခက်သွားသည်။ သူပြောသောစကားတွေများ လွန်ကဲသွားပြီလားဟု စိတ်ထဲမှထင်မိသည်။

စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်ခွာသွားသော စန်းကွမ်းမိုးနောက်သို့ လှစ်ခနဲပြေးလိုက်ကာ ခုန်လွှား၍ လှိုင်ရှောက်ဖုန်က လမ်းကို ပိတ်ထားလိုက်သည်။ စန်းကွမ်းမိုးမှာ လှိုင်ရှောက်ဖုန်ကိုမကြည့်လိုဟန်ဖြင့် မျက်နှာလွှဲသွားသည်။

'မင်းက ငါ့ကို အကြောင်းစုံမှ ရှင်းမပြတဲ့ကိုးကွ'

'အို....အကြောင်းစုံရှင်းပြမလို့ဟာကို ရှင်က လှောက်ခံလို့လား၊ ကျွန်မကို အထင်လွဲနေတာကိုး'

မျက်နှာကိုမကြည့်ဘဲ စန်းကွမ်းမိုးက ဒေါသသံဖြင့် တုံ့ပြန်လိုက်သည်။ လှိုင်ရှောက်ဖုန်က စန်းကွမ်းမိုးပခုံးကို ဆွဲ၍သူ့ဘက်သို့လှည့်လိုက်၏။ လှိုင်ရှောက်ဖုန် လက်ကို စန်းကွမ်းမိုးက ဖျတ်ခနဲရိုက်ချလိုက်သည်။

'သိပ်ကောင်းတဲ့ အကွက်ပဲမှော့၊ ပြဇာတ်တစ်ပုဒ်ကိုများ ဇာတ်တိုက်နေသလား၊ အောက်မေ့ရကယ်'

'ဟင်'

'အို'



သူတို့နှင့်မနီးမဝေးမှ ပေါ်ထွက်လာသော အသံကြောင့် လှိုင်ရှောက်ဖုန်ရော စန်းကွမ်းမိုးမှာ မျက်နှာ ပျက်သွားကြ၏။

မှောင်ရိပ်ထဲမှ လူတစ်ဦးထွက်လာသည်။ သူ၏လက်ထဲတွင် ရွှေဝါရောင်လခြမ်းပြားတပ်ထားသော လှံရှည်တစ်ချောင်းကို ကိုင်ထား၏။ ဝတ်ရုံဝါကိုဝတ်ဆင်ပြီး ခေါင်းမှဆံပင်များကို နောက်သို့စုစည်းထားလေသည်။

မျက်နှာပေါ်တွင် ပါးမြိုင်းမွေးများရှိ၍ မျက်ခုံးမှာ ထူထဲများပြားလှသည်။ ရုပ်သွင်ကိုကြည့်သည်နှင့်ပင် သြဇာတိက္ကမကြီးမားလှသော လူကြီးတစ်ဦးမှန်း သိသာလှပေသည်။

ရွှေဝါလခြမ်းအဖွဲ့မှ စီမင်းချန်း ဆိုသူပင် ဖြစ်လေသည်။

'စီမင်းချန်း၊ ခင်ဗျားက ဘာလို့ဒီနေရာကို ရောက်လာရတာလဲ'

'မင်းတို့ ဘာလုပ်မယ်ဆိုတာကိုသိလို့ လာတာပေါ့ လှိုင်ရှောက်ဖုန်ရာ၊ ဘာလဲ၊ မင်းက မိန်းကလေးတစ်ယောက်ကို လက်ထပ်ဖို့ကြိုးစားနေတာလား'

စီမင်းချန်းက လှိုင်ရှောက်ဖုန်ကို သရော်တော်တော်အကြည့်ဖြင့် ကြည့်ကာ ပြောလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်တို့ ပြဿနာတစ်ခုကို အပြေအလည် ဆွေးနွေးနေတာပါ'

'ချစ်ရေးကြိုက်ရေး ပြဿနာလား'

စီမင်းချန်းက သွားပေါ်အောင်ပြုံးကာ ပြောလိုက်လေသည်။

'ရှင်....ဘာစကားတွေ လာပြောနေတာလဲ၊ ရှင်နဲ့မဆိုင်တဲ့ ကိစ္စတစ်ခုကို ဝင်ခရှုပ်ချင်ပါနဲ့'

ရှက်ရွံ့သွားသော စန့်ကွမ်းမုက သူမခါးကြားထဲမှဓားကို ဆွဲထုတ်ကာ စီမင်းချန်းဘက် မျက်နှာလှည့်ကာ ပြောလိုက်သည်။

'လူတွေဟာ ဟုတ်တာမှန်တာပြောရင် ဘယ်ပြီးစိတ်ဆိုးတတ်တာကိုး။ ငါပြောတာ မမှန်ဘူးလား'

လခြမ်းပုံလှံရှည်ကို ပြောင်းပြန်ထောင်၍စိုက်ကာ ကိုင်ရင်း အညိုရောင်အင်္ကျီဖားဖားကြီးကို ဝတ်ဆင်ထားသော စီမင်းချန်းက ပြုံး၍မေးလိုက်သည်။

'ရှင် ကျွန်မအကြောင်းတွေ အကုန်သိထားတယ် မဟုတ်လား'

စန့်ကွမ်းမုက စူးရဲတောက်ပသော မျက်လုံးများဖြင့် ကြည့်ရင်း မေးလိုက်သည်။

'ဒီလိုဆိုတော့လည်း မင်းဟာ ထော်တော်ပါးနပ်တဲ့ မိန်းကလေးပဲ၊ အေးလေ....ဒါကြောင့်လည်း မင်းဟာ လိုရှောက်ဖွန့်ကို အိုက်ထိထည့်ထားနိုင်တာပေါ့'

'ဘာရှင့်'

စန့်ကွမ်းမု ခါးကိုဝေ့၍ယမ်းကာ တိုက်ခိုက်လေတော့သည်။ လိုရှောက်ဖုန့်မှာ အဓိပ္ပာယ်နားမလည်နိုင်အောင် ဖြစ်သွား၏။



စီမင်းချန်ကို စန့်ကွမ်းမုက အဘယ်ကြောင့် ဤမျှအထိ ဒေါသထွက်သွားရသည်ကိုမူ သူအဓိပ္ပာယ်ကောက်ယူဖို့ စောင့်ကြည့်ရဦးမည်ဟု နားလည်လိုက်၏။

'ထန်....ထန်'

စန့်ကွမ်းမုကလည်း သဲသဲမဲမဲ တိုက်ခိုက်နေသလောက် စီမင်းချန်းက တွန့်ဆုတ်ရပေ၏။

စန့်ကွမ်းမုသည် လျှင်မြန်သော ဓားကွက်နှစ်ကွက်သုံးကွက် ဖြင့် တစ်ဟုန်ထိုးဝင်၍တိုက်ခိုက်ကြည့်သည်။ စီမင်းချန်းက သူ၏ ပြောင်းပြန်စိုက်ထားသော လခြမ်းပုံအသွားပါသော လှံရှည်ကြီးကိုကိုင်ကာ လက်တစ်ဖက်တည်းဖြင့် နေရာမရွှေ့ဘဲ ခုခံလိုက်သည်။ အားပါလှသော တွန်းလှန်ချက် ဖြစ်သောကြောင့် စန့်ကွမ်းမုမှာ သူ့အရှိန်နှင့်သူ နောက်သို့လွင့်ထွက်သွားသည်။

ဤအတိုင်းဆိုလျှင် စန့်ကွမ်းမုသည် စီမင်းချန်းကို နိုင်အောင် တိုက်ခိုက်နိုင်လိမ့်မည့်ပုံမပေါ်ပေ။ မိန်းကလေး တစ်ယောက်ကို မညှာမတာ ပညာပြနေသော စီမင်းချန်းကို လုရှောက်ဖုန့်က ကြည့်၍မရတော့ပေ။

သို့ရာတွင် လခြမ်းဂိုက်းနှင့် လုရှောက်ဖုန့် တွင် ရန်ငြိုးရန်စမရှိပါ။ သို့သော် သူ့ရှေ့တွင် စန့်ကွမ်းမု ရှုံးနိမ့်သွားသည်ကို တော့ သူမလိုလားပေ။

'ကဲ....ခင်ဗျား မိန်းကလေး တစ်ယောက်ကို ခုထောက်ထိ အရှက်ခွဲနေဖို့မကောင်းပါဘူးဗျာ၊ ထွက်သွားပါတော့'

လုံရှောက်ဖုန့်က ဆောင့်ဟစ်၍ ပြောလိုက်လေသည်။

'ငါထွက်သွားချင်မှ သွားမှာပေါ့၊ ငါ့ကို ဒီလိုဆက်ဆံတဲ့သူတွေကို ငါဘယ်တုန်းကမှ ခွင့်မလွှတ်ခဲ့ဘူး'

စီမင်းချွန်းက စန့်ကွမ်းမုကို လှမ်းရိုးဖြင့် ရိုက်ထုတ်နေရာမှ တုံ့ပြန်ပြောဆိုလိုက်၏။

စီမင်းချွန်း၏စကားပြောပုံမှာ နိုင်ထက်စီးနင်းဆန်လှသည့်အပြင် သူ့ကိုလည်း စော်ကားမော်ကား အနိုင်ကျင့်လိုဟန် ရှိသော စီမင်းချွန်းကို လုံရှောက်ဖုန့် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်သည်။

'လုံရှောက်ဖုန့်ရေ....ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်မကြီးနဲ့ကွ၊ သိုင်းလောကမှာ မင်းလို သိုင်းပညာတော်တဲ့ လူတွေ အများကြီးရှိပါတယ်ကွာ၊ ဘာမဟုတ်တဲ့ကိစ္စနဲ့ ရန်ငြိုးရန်စ မဖြစ်ချင်ပါနဲ့'

ဝင်ရောက်တိုက်ခိုက်ရန် ပြင်လိုက်သည့် လုံရှောက်ဖုန့်မှာ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ရန် မဖြစ်တော့ဘဲ အရှိန်တန့်သွားသည်။

လုံရှောက်ဖုန့်ကို တမင် အရှိန်တန့်အောင်လုပ်ပြီးနောက် သူ၏လှံရိုးကို ရှောင်တိမ်းနေသော စန့်ကွမ်းမုကို ကိုယ်တစ်ပတ်လှည့်ကာ လှံရိုးကို ပြောင်းပြန်လှည့်၍ လည်တိုင်ကို ချိတ်ဆွဲဖြတ်ချလိုက်တော့၏။

'ချွင်'

'ထန်'

'အွီး'



စန့်ကွမ်းမု၏လည်တိုင်ရှိရာသို့ ပတ်စိုက်ကာ ဖြတ်တောက်ရန် ရောက်ရှိလာသော အဂါရောင်ခြမ်းပုံ လှံကွေးကြီးသည် တစ်စုံတစ်ရာနှင့် ထိတွေ့ကာ ချွင်ခနဲ နောက်သို့ ရောက်သွား၏။

ထိတ်လန့်၍ မျက်လုံးအစုံကိုမှိတ်ထားခဲ့သော စန့်ကွမ်းမု မျက်လုံးဖွင့်ကြည့်လိုက်သောအခါတွင်စီမင်းချွန်း၏လှံကို ခေါ့နှင့် ရိုက်ထုတ်ပစ်လိုက်သော လုံရှောက်ဖုန့် သူမအနားသို့ ရောက်နေသည်ကို တွေ့ရလေသည်။

'ဘယ်လိုလဲ လုံရှောက်ဖုန့်ရဲ့၊ မိန်းမချောလေးတစ်ယောက် ကိုယ့်ရှေ့မှာ သည်ပင်းပြတ်သွားတာကို မကြည့်ချင်လို့လား'

လခြမ်းပုံလှံကွေးကို ဘယ်ဘက် ညာလက်ပြောင်းရင်း စီမင်းချွန်းက ပြောလိုက်သည်။

'ရှော်လခြမ်းအဖွဲ့ရဲ့ သိုင်းကွက်တွေကို ကျုပ်မြည်းကြည့်ချင်လို့ပါဗျာ'

လုံရှောက်ဖုန့်က ခပ်အေးအေးမျက်နှာထားဖြင့် ပြောလိုက်သည်။

'အဲဒီလို မြည်းကြည့်မှုတဲ့လူတိုင်းဟာ သိုင်းလောကကြီးက ထွက်သွားရတယ်ဆိုတာတော့ ကြားဖူးတာ မဟုတ်လား၊ လုံရှောက်ဖုန့်'

'ဒါတော့ ယုံတမ်းစကားကို ပြောနေကြတာပါဗျာ၊ ခင်ဗျား စီမီတန်ကျွန်းကနေ ဒီကိုလိုက်လာတာလား'

'သိပ်ဟုတ်တာပေါ့၊ ကျွဲကျောက်ဝါးဂိုဏ်းချုပ်က လုံရှောက်ဖုန့်ကို မလွှတ်နိုင်ဘူးဆိုတာ ကျုပ်တွက်ထားပြီးပါပြီ'

'ခင်ဗျားရော နိုင်မယ်လို့ထင်သလား'

'ဒါက မကြာခင် အဖြေပေါ်မယ့် ကိစ္စပဲ'

စိမ်းချမ်းက ပြောပြောဆိုဆို သူ၏လခြမ်းပုံ လှပကွေး တပ်ထားသော လှံရှည်ကို ဆွဲယမ်းကာ တိုက်ကွက်ဆင်လာ တော့သည်။

လှံကို ဝှေ့ယမ်းလှည့်မတ်သံမှာ တစီးစီးမြည်နေ၏။ လုံ ရှောက်ဖုန်က နေရာမှမရွေ့သေးဘဲ စိမ်းချမ်း၏သိုင်းကွက်ကို ကြည့်နေသည်။

စိမ်းချမ်းမှာ တိုက်ခိုက်မှုအတွေ့အကြုံ အများကြီးရှိပါ သည်။ ရွေ့လျားနေသော သိုင်းသမားတစ်ဦးကို လိုက်လံ တိုက်ခိုက်ရသည်ထက် ရွေ့မလျား ရပ်တန့်နေသော သိုင်း သမားကို တိုက်ခိုက်ရခြင်းက ပို၍အန္တရာယ်ကြီးမားကြောင်းကို စိမ်းချမ်း ရိပ်မိနေ၏။

ထို့ကြောင့် သူ၏ ခြမ်းပုံလှံသွားကို လုံရှောက်ဖုန်ရှိရာသို့ ထိုးခုတ်တိုက်ခိုက်ခြင်းမပြုသေးဘဲ ဘယ်ညာ ဆက်ပြောင်းကာ လုံရှောက်ဖုန်ထံရွေ့သွား လှံနေရာပြု၍ တိုက်ကွက်ဆင်နေ၏။

တစ်ချက်တစ်ချက် မြေပြင်ကိုလှံသွားနှင့်ထိတွေ့၍ မြေကြီး များမှာ ဖွာထွက်လာသည်။

ထို ... တွင် ထိုမြေကြီးများသည် လုံရှောက်ဖုန်၏ မျက်စိ ထဲသို့ဝင်ရောက်သွားပါက သိုင်းကွက် တစ်ကွက်တည်းဖြင့်ပင် စိမ်းချမ်းက ဝင်ရောက်တိုက်ခိုက်လိုက်တော့မည်ဖြစ်၏။ လုံ



ရှောက်ဖုန်က ထိုအကြံအစည်ကို ရိပ်မိသည့်အလျောက် သူ့ မျက်နှာကိုတစ်ဖက်သို့လွှဲလိုက်၏

ထိုတချိန်မှာပင် လခြမ်းပုံလှံကွေးနှင့် လုံရှောက်ဖုန်၏ လည်ပင်းကို ... ချိတ်ဆွဲလိုက်တော့သည်။

'ထင်'

'အို'

လုံရှောက်ဖုန် သတိလစ်ပြီဟု ထင်မှတ်သောကြောင့် လှံ သွားဖြင့် တိုက်ခိုက်မိသော စိမ်းချမ်းမှာ မျက်ခွံးတွင် ကျင်ခနဲဖြစ်သွား၏။ လုံရှောက်ဖုန်၏ ဖြင် ... သော ဓားချက် က အားမရှိသောကြောင့် လှံ ကိုလက်ထဲမှ လွတ်သွားစေရန် စိမ်းချမ်း မနည်းသတိထားလိုက်ရသည်။

'ဘယ်လိုလဲ စိမ်းချမ်းရဲ့၊ ခင်ဗျားရဲ့ သိုင်းကွက်တွေကို တော့ ကျုပ်ကြည့်ပြီးပါပြီ၊ ကျုပ်ရဲ့သိုင်းကွက်ကိုလည်း ခဏ လောက် သည်းခံပြီး မြည်းကြည့်ဦးမှပေါ့'

လုံရှောက်ဖုန်က ပြောပြောဆိုဆို ခုန်ဝင်ကာ တိုက်ခိုက် လိုက်၏။ ဓားကွက်နှစ်ကွက်သုံးကွက် တိုက်လိုက်သောကြောင့် စိမ်းချမ်းမှာ ထိတ်လန့်၍ လှံကိုထောက်ကာ ကျော်ပုံ လှည့် ပတ် ရှောင်ရှားလိုက်ရသည်။

စိမ်းချမ်းသည် လှံကိုစုံကိုင်ကာ လုံရှောက်ဖုန်ရှိရာသို့ ပြေးဝင်လာသည်။ လုံရှောက်ဖုန်၏ခြေထောက်များကို ထက် မြသော လခြမ်းကွေးနှင့်ချိတ်ဆွဲလိုက်သည်။

လုရှောက်ဖုန့်က ဘေးသို့ခုန်တက်၍ ရှောင်လိုက်၏။ လုရှောက်ဖုန့်ပြန်အကျကို ချိန်ရွယ်ကာ စိမ်းချန်းက လှံသွားဖြင့် ဓောင်း၍ထိုးလိုက်၏။

'ထန်း'

'ချွမ်း'

'အမယ်လေး'

လုရှောက်ဖုန့်က သူ့ရင်ဝသို့ တစ်ရှိန်ထိုးဝင်လာသော လှံသွားကို ရှောင်ရှားမနေဘဲ သူ့ဓားနှင့်ရိုက်ဖယ်ကာ ဓားသွားဖြင့် စိမ်းချန်း၏မျက်နှာကို ပင့်တင်လိုက်သည်။

စိမ်းချန်းမှာ နောက်သို့လှန်ချရင်း လုရှောက်ဖုန့်အား လှံရိုးဖြင့်အောက်မှ ပယ်ထုတ်လိုက်ရလေသည်။

သိုင်းကွက်လေး ငါးခြောက်ကွက်ခန့် တိုက်ပြီးနောက် စိမ်းချန်းမှာ သူ့အခြေအနေမကောင်းတော့မှန်းသတိထားမိလိုက်လေသည်။ လုရှောက်ဖုန့်ကို ဆက်လက်တိုက်ခိုက်ခြင်းမပြုတော့ဘဲ နောက်သို့ခုန်ဆုတ်လေသည်။

'ဘယ်လိုလဲ၊ ဆက်ပြီးမတိုက်တော့ဘူးလားရှင့်'

လုရှောက်ဖုန့်ထံမှ ခြေလှမ်း ဆယ်လှမ်းစာလောက် ခုန်၍ နောက်ဆုတ်သွားသော စိမ်းချန်းကို စန့်ကွမ်းမုက သရော်လှောင်ပြောင်သံဖြင့် လှမ်းမေးလေသည်။



'ဟုတ်တယ်၊ လုရှောက်ဖုန့်ကိုဆက်ပြီးမတိုက်ခိုက်တော့ဘူး၊ ဒါပေမယ့် လုရှောက်ဖုန့်အတွက် စကား လက်ဆောင် တစ်ခု ပေးခဲ့မယ်၊ ခင်ဗျား နက်ဖြန်မယ်ကိုတော့ သတိထားဗျို့'

ပြောပြောဆိုဆို စိမ်းချန်းသည် အမှောင်ထုအတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။ လုရှောက်ဖုန့်မှာ စန့်ကွမ်းမုဘက်သို့ လှည့်ကြည့်လိုက်၏။

[illegible]

## အခန်း ( ၃၂ )

'နတ်မိမယ်ဆိုတာ မိန်းမဘစ်ယောက်ကို ကိုယ်စားပြုထားတဲ့ နာမည်ပဲရှင့်'

သူ့အား မသက်ာသေသာမျက်လုံးဖြင့် ကြည့်နေသော လုံရှောက်ဖုန့်ကို စန္ဒကွမ်းမုက လေသံတိုးတိုးဖြင့်ပြောသေသည်။

'ဒီနာမည်ကို ငါကြားဖူးသလိုပဲ'

လုံရှောက်ဖုန့်က ခေါင်းကိုပြန်ထည့်ရင်းပြောလေသည်။ စန္ဒကွမ်းမုသည် လုံရှောက်ဖုန့်ရှိရာသို့ တိုးလာကာ လက်မောင်းကို သူမ၏ညာလက်ဖြင့်ဆိတ်ကာ ဖက်တွယ်လိုက်သည်။

'ရှင် ကျွန်မအပေါ်မှာ အထင်လွဲနေတုန်းပဲလား'

'ငါဟာ ဘယ်သူ့ကိုမှ အထင်မလွဲချင်ပါဘူးကွာ၊ ဒါပေမယ့် ခင်း ဗိုင်ဟူဆက်ကိုသတ်ကာကတော့ အဓိပ္ပာယ်တစ်ခုခုရှိလိမ့်မယ်ထင်တယ်'



[illegible] ယောင်ကျူး ယင်မြေလျှောကိုတင်းသက်[illegible] လုံရှောက်ဖုန့်က ပြောသည်။ သူ့၏မျက်နှာသည် လရောင်ဖြင့်[illegible] နေသော စန္ဒကွမ်းမုက လုံရှောက်ဖုန့်၏လက်ကို တင်းတင်းကျပ်ကျပ် [illegible]

[illegible] ကလေး[illegible] သူ ကိုအနိုင်ကျင့်တဲ့ လူဘစ် [illegible] ကိုလည်း [illegible] ဖြစ် [illegible] အခွင့်အရေးရှိပါလိမ့်မည် [illegible]

စန္ဒကွမ်းမု[illegible] ငြိမ်သက်သွားလေသည်။ သူမ၏ [illegible] အသံထဲတွင် [illegible] တစ်မျိုး ရှိနေလေသည်။

[illegible] လိုလိုပြည်း [illegible] အဆီပဲကျွေးလိုက်တာလဲ'

လုံရှောက်ဖုန့်က တင်းတင်းကျပ်ကျပ်ဖက်ထားသော စန္ဒကွမ်းမု[illegible] ဖြေဖြေချင်းမှ မေးခွန်းထုတ်နေသည်။

'ကျွန်မရှင်းပြမယ်လေ၊ ရှင်လာတဲ့အခါ တွေ့ရအောင်ရယ် ပြီးတော့ ကင်းမြီးကောက်ဂိုဏ်းကလူအချို့ ကျွန်မလိုလာရင်၊ ကာကွယ်နိုင်အောင် ကျွန်မတို့ကို ရုပ်ဖျက်ပြီးပုန်းနေဖို့အတွက် ချင်ကော့စမ်းနဲ့အာကူ စုခင်းတို့က အကြံပေးတယ်၊ ဒီတော့ ရှင်မြင်တဲ့အတိုင်း ကျွန်မတို့ဟာ မျက်နှာဖုံးကို စွပ်ပြီးတော့ ဂူထဲမှာပုန်းနေကြရတယ်'

'မင်းတို့နှစ်ယောက် အတူတူပေါ့',

'ဟုတ်ပါတယ်ရှင်'

'ဆက်ပြောပါဦး'

'အဲဒီတော့ ကျွန်မတို့ဟာ လုံခြုံစိတ်ချရတဲ့ ဂူရဲ့နောက်ဖိုင်း အမိုးပေါ်က ကျဉ်းကျပ်တဲ့ နှစ်ယောက်စာ နေရာလေးမှာပုန်း'

'ငါသွားတဲ့နှင်းက ပိုင်ဟူဆက်ရှိနေခဲ့တဲ့ နေရာပဲဆိုပါတော့'

'ဟုတ်တယ်ရှင့်' အဲဒီလိုပုန်းတော့မှ ကျွန်မဟာ အတွင်းဘက်ကိုရောက်သွားတယ်၊ ပိုင်ဟူဆက်က အပေါက်ဝကမိတ်ပြီး နေရတယ်၊ နေရပုံကလည်း ထိုင်လို့မရတော့ နှစ်ယောက်လုံး အိပ်နေရတဲ့ပုံစံကိုး'

ရှိုက်သံတစ်ချက်ဖြင့် စန့်ကွမ်းမိုက ရှင်းပြ၏။

'ဒါဆို ငါသဘောပေါက်ပါပြီ အကျဉ်း အကျပ်ထဲကို ရောက်နေတဲ့မင်းကို ဖိုင်ဟူဆက်က အဓမ္မကျင့်ကြံဖို့ ကြိုးစားတာ ဆိုပါတော့'

စန့်ကွမ်းမုက မျက်ရည်များကို လက်ကိုင်ပဝါဖြင့် သုတ်ရင်း ခေါင်းညိတ်ပြလေသည်။

'ဒါဆိုလဲကွာ၊ မင်း သူ့ကို အောက်ကိုတွန်းချလိုက်ပါတော့လား'

'မဟုတ်ပါဘူး ရှင်က ပိုင်ဟူဆက်ကို ကာကွယ်နေတာလား'

စန့်ကွမ်းမု၏ စိတ်မရှည်သော ဒေါသသံက ချက်ချင်း ပေါ်ထွက်လာသည်။

'ဟာ...ဒီလိုတော့ မဟုတ်ပါဘူးကွာ၊ လူတစ်ယောက်ကို သတ်ပစ်တာအပြင် တခြား နည်းလမ်းတစ်ခုက ပိုကောင်းမလားလို့ပါ'



'ကျွန်မလည်း ဘယ်သက်ချိုင်ပါ့မလဲရှင့် သူက အတွင်းအားရှိတော့ ကျွန်မကို ရုန်းကန်မရအောင် ဖိထားတယ်၊ ကျွန်မဟာ နောက်ဆုံးအချိန် တွန်းလှန်လို့မရမှန်းသိမှ ကျွန်မပါးစပ်ထဲမှာငုံထားတဲ့ အဆိပ်လုံးလေးကို သူက ကျွန်မကို လာနမ်းတုန်း သူ့ပါးစပ်ထဲ ရောက်အောင် လုပ်လိုက်တာပါပဲ'

လုရှောက်ဖုန့်၏အသံ ထွက်မလာတော့၊ တိတ်ဆိတ်သွားသည်။ စကားမပြောတဲ့ သူတို့ ခရီးဆက်ကာ လျှောက်လာကြသည်။

တောင်ခေါင်းနှင်းပေါ်မှ မြေပြန့်သို့ပင် ရောက်လာသည်။

စန့်ကွမ်းမိုက လုံရှောက်ဖုန့်ဖယ်ချထားသော သူ့လက်များကို လုရှောက်ဖုန့်ဘယ်ဘက် လက်မောင်း၌ ပြန်၍ ဆုပ်ကိုင်လိုက်သည်။ လုရှောက်ဖုန့်က ယခုအချိန်တွင် ငြင်းပယ်ခြင်းမပြုတော့ပေ။

'ကျွန်မဟာ ရှင်ကလွဲရင် ဘယ်ယောကျာ်းကိုမှ မစွဲလမ်းတော့ဘူးဆိုတာကိုရော ရှင်ယုံကြည်ရဲ့လား လုံရှောက်ဖုန့်'

'ယုံ'

လုံရှောက်ဖုန့်က သက်ပြင်းတစ်ချက်ကိုသာ ချလိုက်မိတော့သည်။ သူ့ခေါင်းထဲတွင် စီမင်ချုန်းပြောသွားသော စကားလုံးကိုသာ စဉ်းစားမိနေသည်။

'နတ်မိမယ်'

...နတ်မိမယ်တို့ ကူရှစ်ခါတဲ့'

ကျောက်ရုပ်တစ်ရုပ်လို ရပ်ကန့်ငြိမ်သက်နေသော လုံရှောက် ဖုန့်ကို စန်းကွမ်းမှာ လက်မောင်းကို ကိုင်ထားရာမှ လှုပ်ခါ လိုက်သည်။

'ရှင်က ဘာတွေများ စဉ်းစားမိနေလို့လဲ လုံရှောက်ဖုန့်'

'နတ်မိမယ်အကြောင်းပေါ့၊ နတ်မိမယ် ကိုသာ ဘယ်သူသိ ကြီးသလား'

နတ်မိမယ်အကြောင်းကို မေးလိုက်သည်နှင့် ထိတ်လန့်တုန် လှုပ်သွားတာ စန်းကွမ်းမှ လုံရှောက်ဖုန့်နှင့် ကိုယ်ချင်းခွာ လိုက်သည်။ သူမ၏နှုတ်ခမ်းများမှာ တဆတ်ဆတ်တုန်နေသည်။

'သူ...သူဟာ သိပ်ကြောက်စရာကောင်းတဲ့ မိန်းမပါ'

'သိပါတယ်ရှင်၊ တာမင်တန်ကျွန်းမှာ သူနေပါတယ်'

'ဩော်...မင်းက သူ့ကိုသိနေတာကိုး၊ ငါသိရသလောက် ကတော့ နတ်မိမယ်ဆိုတာ တာမင်တန်ကျွန်းမှာနေတာမဟုတ် ဘူး'

'အရင်ကတော့ ဟုတ်ပါတယ်ရှင်၊ ခုတော့ သူဟာ တာ မင်တန်ကျွန်းကိုရွှေ့သွားပြီ၊ သူ့ရဲ့ နောက်လိုက်နောက်ပါတွေ



ပါ အဲ့ဒီကို လိုက်သွားပြီ၊ အဲ့ဒီက ဒုစရိုက်တွေဟာ နတ်မိ မယ်ဆို အသေမလောက်ကြောက်ကြတာပေါ့'

'ဒါ... ဒါဆို ငါ့ရဲ့မိန်းကလေး မိတ်ဆွေသုံးဦးကို ဖမ်းဆီး သွားတာ သူဖြစ်ရမယ်'

'ဆိုဝ်... သေချာတာပေါ့ရှင်၊ ဒီအလုပ်မျိုးကိုမှ ... လုပ်မှာ ... ပေ ... ရှင်ရှင် ... နတ်မိမယ်နဲ့တွေ့ ရင် ဒုက္ခရောက်မှာပေါ့ရှင်၊ ရှင်နဲ့ကျွန်မ တာမင်တန်ကျွန်းကို မသွားဘဲ အေးအေးဆေးဆေး နေကြရအောင်'

လုံရှောက်ဖုန့်က ခေါင်းကိုခါယမ်းလိုက်၏။

'မင်း အတွက်က မသွားလို့ဖြစ်ပေမယ့် ငါ့အတွက်ကမသွား လို့ မဖြစ်ဘူး။ သူတို့အသက်ကို ငါ လိုက်ကယ်ရမယ်၊ ပြီး တော့ ငါ့သူငယ်ချင်း တစ်ယောက်ကိုလည်း ငါ လွှတ်ထားပြီးပြီ'

စန်းကွမ်းမှသည် လုံရှောက်ဖုန့်၏ ရင်ခွင်တွင်းသို့ တိုးဝင် လိုက်သည်။

'ရှင်နဲ့ကျွန်မနဲ့ နှစ်ယောက်တည်း နေရတာကို မပျော်ဘူး လား'

'အင်း... ငါ မိန်းကလေးတစ်ယောက်အတွက်နဲ့တော့ တာ ဝန် ဝတ္တရားတွေကို စွန့်ပစ်လို့မရသေးဘူး ဆိုပါတော့'

'ယောင်'

စန်းကွမ်းမုသည် လုရှောက်ဖို့နှဲကိုယ်မှုခွာကာ ငိုရှိုက်နေသည်။

'ရှင်ဟာ အသည်းနှလုံးမရှိတဲ့လူ၊ သိပ်ရက်စက်တတ်တဲ့လူပဲ' လို့ရှောက်ဖုန်း ကျွန်မ ရှင့်ကိုသိပ်ကြောက်သွားပြီ'

စန်းကွမ်းမုမှာ နောက်ဆုတ် နောက်ဆုတ်ဖြင့် အမှောင်ထဲသို့တိုးဝင်ကာ ပျောက်ကွယ်သွားလေတော့သည်။

## အခန်း ( ၃၃ )

စီကျန်းမြို့အဝင် ပင်လယ်လမ်းစပ်သို့မရောက်မီ မြင်းတစ်ပြေးခန့်တွင် ရှေးဟောင်းသင်္ချိုင်းကြီးတစ်ခုရှိ၏။ ထိုသင်္ချိုင်းကို တပ်၏ပျော်စရာဟု ဒေသများက အမည်ပေးထားကြ၏။ ထိုသင်္ချိုင်းထဲတွင် ရှေးမင်းဆက်တို့၏ ခိုင်ခံ့ ခန့်ညားသော အုတ်ဂူကြီးများရှိသည်။

အစိုင်းကျွေးကြီးများ ထောင်ထားသော အုတ်ဂူကြီးများမှာ တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် တည်ဆောက်ခဲ့ကြပုံရ၏။ မက်မန်းပင်၊ သစ်ကြားပင်နှင့် ပင်လယ်ထင်းရှူးပင်ကြီးများမှာလည်း အုံ့ဆိုင်းလျက်ရှိသောကြောင့် ထိုသင်္ချိုင်းဟောင်းကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက် စိတ်ချောက်ချားဖွယ်ရာ ကောင်းလှပေသည်။

သင်္ချိုင်း၏အလယ်တွင် မြက်ပင်များရှင်းလျက် လူသွားလမ်းကွေ့ကွေ့ကောက်ကောက်လေးတစ်ခုရှိသည်။ ထိုလမ်းတလျှောက်အတိုင်း သွားပါက ပေနှစ်ဆယ်ခန့်မှာ မြင့်သော

ကျောက်တိုင်ကြီးများပေါ်တွင် အမိုးပြား မိုးထားသော ဂူဗိမာန်တစ်ခုကို တွေ့မြင်ရမည်ဖြစ်၏။

ထိုဂူဗိမာန်ကြီးသည် ပတ်ပတ်လည်တွင် သံတိုင်ရှည်များ ကာရံထားပြီး အောက်ခြေမှ ခုနစ်ပေအမြင့်ထိ အုတ်တံတိုင်းကို ကာရံထား၏။ အနွှင်းပိုင်းတွင် လူများတက်ပြူစရာနေရာ ဖြစ် လမ်းကို လေးဖက် လေးတန်လုပ်ထား၍ အလယ်တွင် သေဆုံးသူ၏ဂူဗိမာန်ကို အနီရောင်ဆေးများသုတ်ထား၏။

ထိုဂူကိုကျော်၍လျက် လူနှစ်ယောက် ထိုင်နေကြသည်။ လူတစ်ဦးမှာ အလွန်ပိန်လှီသေးသွယ်၍ မျက်နှာပေါ်တွင် သိန်းရှက်ကဲ့သို့ ခုန်၍ခြောက်သော နှာခေါင်းတစ်ခုရှိနေပြီး စူးရဲသော မျက်လုံးတစ်စုံရှိ၏။ ပါးစုံများက ဘေးသို့ထွက်နေ၏။

နှစ်ဦးလုံးမှာ အပြာရောင်ဝတ်စုံများ ဝတ်ဆင်ထားကြပြီး သူတို့၏ခေါင်းများကို ဖောင်းတွင်းဖြူထားကြသည်။

'ကဲ ဒီလိုလဲ မသူကျောက်ရီရဲ့၊ မင်းပြောတဲ့လူတွေ ဒီလမ်းက လာမယ်ဆိုတာ ဟုတ်ပါ့မလား'

ပိုင့်ဖိုင့်လကား ပိန်လှီလှီ လူကိုမေးလိုက်သည်။

'သတင်းပေးထားတာကတော့ သေချာတာပဲ ... စီကျုန်း မြို့ရဲ့ပင် ... တက်စပ်တို့ ဒီကမသွားလို့ ... မှာ ... ယုကြိန်'

မာကျောက်ရီက စိတ်မရှည်သံဖြင့် ပြန်ပြောလိုက်လေသည်။

'တကယ်လို့ သူတို့ အချိန်မီရောက်မလာဘူး ဆိုရင် ယန်ချီ ရင်း ... တို့ကို ဧလူနဲ့ပြန်လွှတ်ရဲ့ ... မှာထားတယ် ...



'အေးလေ ... ဒါပေမယ့် အဓိကကတော့ အဲဒီလူနှစ်ယောက်ကို ရှင်းဖို့ပဲ'

နှစ်ဦးသားစကားပြောနေရာမှ မာကျောက်ရီက ဂူသချိုင်း ပြင်သို့ ထွက်ကာ လူသွားလမ်းဘက်သို့ မျှော်ကြည့်လိုက်သည်။

သင်္ချိုင်းထဲသို့ လူတစ်ဦး ခေါင်းငိုက်စိုက်ချကာ ဝင်လာနေသည်။ ထိုသူမှာ အပြာရောင်ကိုယ်ကျပ်အင်္ကျီဝတ်ဆင်ထား၍ ခါးတွင် ဓားတစ်ချောင်းကို ချိတ်ဆွဲထား၏။ ထိုသူ၏ အမူအရာက စိတ်ပျက်လက်ပျက်ဖြင့် လှမ်းလျှောက်လာပုံမျိုး ဖြစ်၏။

'ဟေ့ကောင် ယုကြိန်ရေ ... လာနေပြီ ထင်တယ်ကွ၊ ဒီမှာ လာကြည့်စမ်း'

ယုကြိန်ဆိုသော လူဝကြီးက ကိုယ်ခန္ဓာနှင့် မလိုက်ဖက်အောင် ပေါ့ပါးလျင်မြန်သော အဟုန်ဖြင့် ဂူအပြင်သို့ခုန်၍ ထွက်လာသည်။

'အေး ... ဒီအချိန်မှာလာရင်တော့ ဘယ်သူဖြစ်ဖြစ် တို့ကဆီးကြိုတွယ်ရမှာပဲ'

'အရမ်းလည်းမလုပ်ပါနဲ့ ယုကြိန်ရာ၊ လူမှားပြီး ပြဿနာရှုပ်နေပါဦးမယ်'

မာကျောက်ရီက သူ၏ပိန်လှီသေးသွယ်သောကိုယ်ကို လှုပ်ယမ်းရင်း ယုကြိန်ကို လူငယ်နှင့်ကွယ်ရာသို့ ခေါ်၍ တိုးတိုးပြောလိုက်သည်။ အပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူငယ်တော့ သူတို့နှစ်ဦးကို သတိထားမိပုံမပေါ်ချေ။ သူ့

လမ်းကိုသာ ခပ်မှုန်မှုန်မျှော်ရင်း ခပန္နစ်ဆယ်မျှ မြင့်သော သချိုင်းနား သို့ရောက်လာ၏။

'ဟော ကောင်ဝီ ရပ်လိုက်စမ်း'

ယုကြိန်က သူတို့ကိုအသံနှင့်တွင် အသံမဲ့မဲ့ဖြင့် လှမ်း အော်လိုက်၏၊ ယုကြိန်၏စကားကို ဝတ်စုံပြာ ဝတ်ဆင်ထား သောသူက ဂရုပင်မစိုက်။ မည်သည့်အသံမှ မကြားရသလိုလား ရင်း ပုံမှန်အတိုင်း လူသွားလမ်းကိုကြည့်ရင်း ဆက်လျှောက် နေသည်။

'ဟော့ကောင် နားမလေးနေလွား။ ရပ်လိုက်စမ်းလို့ ငါ ပြောနေတာ မကြားဘူးလား'

ယုကြိန်က လှစ်ခနဲခုန်လာတာ လမ်းလိုပိတ်ဆို့ထားလိုက် ရင်းက အပြာရောင်ဝတ်စုံနှင့်လူအား ထပ်အော်ပြောလိုက်၏။

'ဘာကိစ္စရှိလို့လဲ၊ ကျုပ်က ရပ်လို့မဖြစ်ဘူး'

အပြာရောင်ဝတ်စုံ ဝတ်ထားသောလူရွယ်က မျဉ်းမှတေ့ ရှောင်ကာ သွားဟန်ပြင်လိုက်ရင်းက ခပ်အေးအေးလေးဖြင့် ပြန်ပြောလိုက်၏။

'ဟာ...ယုကြိန်ကလဲ သူဘယ်သူဘယ်ဝါဆိုတာ မေးဦးမှ ပေါ့'

'ဟာကျောက်ရိုက်ကတွေ့ ရှောင်တွက်မည့်သူ၏လမ်းကိုပိတ်ကာ ရပ်ရင်း ပြောလိုက်၏၊ လူသွားလမ်းမှာ ကျဉ်းမြောင်း၍ ဘေးတွင် အုတ်ဂူများသာရှိသောကြောင့် အပြာရောင်ဝတ်စုံ နှင့်လူမှာ ခြေလှမ်းများကို မရပ်ချင်ဘဲ ရပ်လိုက်ရတော့၏။

'ဟော့ကောင် မင်းနာမည် ဘယ်သူလဲ'



ယုကြိန်က ဓားကိုဆွဲထုတ်ရင်း မေးလိုက်လေသည်။ အပြာ ရောင်ဝတ်စုံနှင့်လူက ခေါင်းခါပြလိုက်လေသည်။

'ကျုပ်က နာမည်မရှိတဲ့လူပါဗျာ'

မြေကြီးကိုငေးစိုက်ကြည့်ရင်းမှ ပြောလိုက်သည်။

'ဟာကွ... လူတစ်ယောက်မှာ နာမည်တစ်ခုတော့ ရှိရ မှာပဲ မင်းအမေက မင်းကိုဘယ်လိုခေါ်သလဲ'

အပြာရောင်ဝတ်စုံနှင့်လူ၏စကားကို မကျေနပ်၍ ယုကြိန် က ထပ်၍မေးလိုက်ခြင်းဖြစ်သည်၊

'အမေက ကျွန်တော့်ကို သားလို့ခေါ်တာပဲဗျာ'

အပြာရောင်ဝတ်စုံနှင့်လူ၏စကားက မထီမဲ့မြင်နိုင်လှသည် ဟု ယုကြိန်ကယူဆကာ ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်လေ သည်။

'ဒါတော့ မင်းပြောမှလွား၊ အမေတိုင်း ကိုယ့်သားကို သားလို့မခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ'

'သူပြောတာ ဟုတ်သားပဲ ယုကြိန်၊ မင်းက သူ့အမေ ဘယ်လိုခေါ်သလဲလို့ မေးတာကိုး၊ ကဲပါကွာ မင်းကို သူများ တွေက ဘယ်လိုခေါ်ကြသလဲ'

ယုကြိန်အမေးမဘတ်၍ မှန်ကန်သောအဖြေကို မရခြင်းဟု ယူဆကာ မှာကျောက်ရိုက ဝင်မေးလိုက်ခြင်းဖြစ်၏။

'အင်း... တခြားလူတွေကတော့ ကျွန်တော့်ကို ဟော လူ လို့ ခေါ်ကြတာပဲ၊ ငယ်တဲ့လူတွေက အစ်ကိုကြီးတဲ့၊ ကြီးတဲ့ လူတွေကလည်း ညီလေးလို့ ခေါ်တဲ့အခါခေါ်၊ ငါ့တူလို့ ခေါ်တဲ့အခါ ခေါ်ကြပါသေးတယ်'

'ကဲကွာ'

ယုကြိန်က သူတို့ကို မစလးမစားလုပ်နေခြင်းဟု ယူဆကာ ဓားနှင့်ဝင်၍ ခုတ်ပိုင်းလိုက်သည်။

'ဟင်'

လူရှည်ကနောက်သို့လျောခနဲ ရှေ့လိုက်လေသည်။ ယုကြိန်သည် အပြာရောင်ဝတ်စုံနှင့်လူရှည်ကို ဓားနှင့် သုံးချက်တိတိ နှက်ကြည့်သည်။ လူရှည်၏ဆုတ်ခွာသွားပုံက ပေါ့ပါးလျင်မြန်လှသည်။ ခြေလှမ်းတစ်လှမ်းပင် မလှမ်းသေးပါ။

မြေကြီးပေါ်တွင် လျောတိုက်၍ ဆုတ်ခွာသွားခြင်းသာ ဖြစ်သည်။ ပြီးတော့ သူ၏ ရပ်တည်နေပုံကိုလည်း မပြောင်းပါ။ ဓားအိမ်ထဲမှ ဓားကိုပင်မထုတ်ပါ။ ဤကဲ့သို့ ကိုယ်ဖော့ပညာအဆင့်မြင့်လှသူကို သူတို့နှစ်ဦး မတွေ့ဘူးသေးပေ။

မာကျောက်ရီသည် ယုကြိန်ထက်စာလျှင် ပါးနပ်သူဖြစ်သည်။ ယုကြိန်၏ပခုံးကို လှမ်းဆွဲလိုက်၏။

'ယုကြိန် သိပ်ရှေ့မတိုးနဲ့၊ ဒီလူဟာ တို့ရန်သူ ဟုတ်ချင်မှ ဟုတ်မှာ၊ ကဲပါဗျာ ခင်ဗျားနာမည်ကို မပြောချင်လည်းနေပါတော့၊ ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ'

မာကျောက်ရီက လိမ်လိမ်မာမာ မေးလိုက်၏။ အပြာရောင်ဝတ်စုံနှင့်လူက...

'လမ်းလျှောက်တာလေ၊ ကျုပ် လမ်းလျှောက်နေတာလေ ခင်ဗျားတို့မြင်သားပဲ'

နှည်းနှည်းမှ ဂရုမစိုက်သည့်ပုံမျိုးဖြင့် ပြန်ပြောသည်။ ယုကြိန်က မာကျောက်ရီလောက် စိတ်မရှည်ပေ။



'ဒီကောင့်ကို ဘာမှဆက်မေးမနေပါနဲ့ကွာ၊ ဒီကောင်ဟာ အာစကားမှ မယ်မယ်ရရပြောမယ့်ကောင် မဟုတ်ဘူး၊ ဒီလို မချေမငံလုပ်နေတဲ့ကောင်ကို အပြတ်ရှင်းလိုက်ထာ ကောင်းပါတယ်'

ယုကြိန်ကဲ ရှေ့ဆက်တိုးဖို့ကြိုးစားသည်။ မာကျောက်ရီက ယုကြိန်၏ပခုံးကိုလှမ်းဆွဲထား၏။

'နေစမ်းပါဦး ယုကြိန်ရာ၊ ငါမေးပါ့မယ်၊ ဒီမှာဗျာ လမ်းလျှောက်ရင် တခြားမြေကြီးတွေ အများကြီးရှိတာပဲ၊ သင်္ချိုင်းထဲမှဝင်ပြီး လျှောက်ချင်ရသလား'

'ကျွန်တော်ကတော့ နေရာတွေ ဘာတွေကော မရွေးပါဘူးဗျာ၊ ခြေဦးတည့်ရာ လျှောက်တာပဲ'

လူရှည်က မည်သူ့ကိုမျှ ဂရုမစိုက်သည့်လေသံဖြင့် ဆက်ပြောလာသည်။ သည်တစ်ကြိမ်တွင်တော့ မာကျောက်ရီကိုယ်တိုင် စိတ်မရှည်တော့ပေ။

'ဒါဆိုလည်း ခင်ဗျားခြေဦးကို နောက်ပြန်လှည့်ပေးရမှာပေါ့'

မာကျောက်ရီက ဓားကိုဆွဲထုတ်ရင်းက ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ကျွန်တော့်ခြေဦးကို ကျွန်တော်က နောက်ပြန်မလှည့်ရင် တယ်သူကမှ လှည့်ပေးလို့ရမယ် မထင်မိဘူး'

'ကဲ...ကျုပ်တို့ သူ့ကို ခြေဦးပြန်လှည့်ပေးလိုက်ရအောင်'

မာကျောက်ရီက ယုကြိန်ကိုအချက်ပေးကာ ပြိုင်တူဝင်တိုက်ခိုက်ကြသည်။ သင်္ချိုင်းလမ်းမြောင်လေးထဲက ဓားသံများ

သွား သွားသည်။ မာကျောက်ရီနှင့် ယုကြိုန်တို့သည်လည်း သဲ သဲမမဲ ဝင်ရောက်တိုက်ခိုက်သည်ကို လူရှယ်က ပေါ့ပါးစွာခုန် ရှောင်တိမ်းနေသည်။

လူရှယ်သည် တစ်ခဏအတွင်း အုယ်ဂူများပေါ်သို့ တစ်ခု ပြီးတစ်ခု ခုန်ကူးကာ ရှောင်တိမ်း၏။ လူရှယ်၏ လှုပ်ရှားမှုက ပေါ့ပါးလှသည်။ မာကျောက်ရီနှင့် ယုကြိုန်တို့ကလည်း လူ ရှယ် ခုန်ကူးသော အုတ်ဂူများပေါ်သို့ ခုန်တက်ကာ လိုက်၍ တိုက်ခိုက်၏။

'ဟေ့...အဲ့ဒီကောင်က အသေသာသတ်ကွာ။ ဒီကောင် သေချာတယ်၊ ထန်ချူရင်း မှာထားတဲ့လူပဲ'

မာကျောက်ရီက လူရှယ်ရပ်နေသော အုတ်ဂူပေါ်သို့ ခုန် ကူးရင်း ပြောသည်။ ယခုအချိန်တွင် လူရှယ်က ဓားထုတ် ထားပြီးဖြစ်သည်။

မာကျောက်ရီရှိရာအုတ်ဂူသို့ ယုကြိုန်က ခုန်ကူးလာသည်။ အပြာရောင်ဝတ်စုံနှင့်လူရှယ်ကို မာကျောက်ရီနှင့် ယုကြိုန်တို့က ရှေ့နောက်ညှပ်၍တိုက်သည်။ ဓားချင်း ထိသံများက ပြင်း ထန်စွာ ပေါ်ထွက်လာသည်။

တစ်ခဏအတွင်း သူတို့နှစ်ဦး ညှပ်တိုက်နေသည့် ကြားမှ လူရှယ်က ခုန်ထွက်သွားသည်။ သူသည် အုတ်ဂူတစ်ခုမှ တစ်ခု ခုန်ကူးကာ အသံတိတ်ဆိတ်ပျောက်ကွယ်သွားသည်။



'ဟင်...မာကျောက်ရီ၊ ဟိုကောင်ဘယ်ရောက်သွားလဲ'

'မင်းနဲ့ငါ့ရှေ့မှာတင်ပဲ၊ ဟိုဂူကြီးရဲ့နောက်မှာပုန်းနေတယ် ထင်တယ်'

'လိုက်ကွာ'

နှစ်ဦးသား ခပ်ကွေးကွေး ထောင်နေသော အနီရောင်အုတ် ဂူနောက်သို့ခုန်၍ကူးလိုက်သည်။ ထိုနေရာတွင်လည်း အပြာ ရောင်ဝတ်စုံနှင့်လူရှယ်ကို မတွေ့ကြရပေ။

'ဒီကောင် ငါတို့ကိုကြောက်လို့ ထွက်ပြေးပြီ ထင်တယ်ကွ'

ယုကြိုန်က ခန့်မှန်းလိုက်သည်။

'မဖြစ်နိုင်ပါဘူးကွာ၊ ဒီကောင် တစ်နေရာရာမှာ ပုန်းနေမှာ ပါ'

ယုကြိုန်နှင့်မာကျောက်ရီတို့ တစ်ဂူပြီးတစ်ဂူ လိုက်ရှာနေ စဉ်မှာပင် လူရှယ်၏အသံက ထပ်မံထွက်ပေါ်လာသည်။

'ကျုပ်က ဒီမှာပါ'

လူရှယ်က မူလ သူတို့နှင့်စကားပြောခဲ့သော ပေနှစ်ဆယ် မြင့်သည့် အုတ်ဂူကြီး၏ လှုသွားလမ်းပေါ်တွင် ရောက်ရှိနေ သည်။

မာကျောက်ရီနှင့် ယုကြိုန်တို့က လူရှယ်ရှိရာသို့ ပြိုင်တူခုန် ချကာ ဝင်ရောက်တိုက်ခိုက်လိုက်သည်။ ဓားမြှောင်းထိသံများက တချွင်ချွင်ပေါ်ထွက်လာသည်။ နှစ်ဦးသားဓားကွက်လေးကွက် ညှပ်၍တိုက်စဉ်မှာပင် အပြာရောင်ဝတ်စုံနှင့်လူရှယ်က သူတို့ နှစ်ဦးကြားမှခုန်ထွက်သွား၏။

မာကျောက်ရှိနှင့်ယုကြိန်တို့ တစ်ဦးကိုတစ်ဦးကြည့်ကာ ရှပ်ကျန်ခဲ့ကြ၏။ မာကျောက်ရှိက ယုကြိန်ကိုကြည့်ကာ....

'ဟင်....ယုကြိန်၊ မင်းဗိုက်မှာသွေးတွေနဲ့'

ဟု ပြောလိုက်၏။ ယုကြိန်ကလည်း...

'မာကျောက်ရှိ၊ မင်းရင်ဘတ်မှာ' ဟု စကားကို တစ်ဝက်တစ်ပျက်သာ ပြောနိုင်သည်။

မကြာမီ သူတို့နှစ်ဦးလုံး ဝုန်းခနဲလဲပြိုကျသွားလေသည်။

...ဝ...

## အခန်း ( ၃၄ )

အပြာရောင်စတော်စုံနှင့်လူရှယ်သည်သင်္ချိုင်းဟောင်းကြီးထဲမှ ထွက်လာကာ ပင်လယ်လမ်းစပ်သို့ လမ်းလျှောက်လာသည်။ သဲသောင်စပ်တွင် ရွက်သင်္ဘောကြီးတစ်စီး ရပ်ထားသည်။ ထို သင်္ဘောကြီးပေါ်မှ ကုန်းပေါင်တစ်ခုသည် သဲသောင်စပ်ပေါ် သို့ ထိုးခင်းထားသည်ကို တွေ့နိုင်သည်။ ရွက်များကိုချထားသောကြောင့် သင်္ဘောပေါ်တွင် ရွက်တိုင်ကြီးသုံးတိုင်က ထိုးထိုးထောင်ထောင် ဖြစ်နေသည်။

ရွက်များကို သင်္ဘောကြမ်းပြင်ပေါ်ပုံချထားသောကြောင့် သင်္ဘောပေါ်မှလူများကို အဝေးမှ လှမ်းမြင်နေရသည်။ လူ ခုနစ်ဦးရှစ်ဦးလောက်ပင် ရှိမည်ထင်သည်။ သင်္ဘောပေါ်တွင် ရပ်သူကရပ်၊ ထိုင်သူကထိုင်နှင့် တွေ့မြင်နေရသည်။

မကြာမီ သဲသောင်ပြင်ပေါ် မောင်းနှင်လာသော မြင်းရထားတစ်စီးကို တွေ့မြင်ရသည်။ ရထားအိမ်ပေါ်မှ တံခါးတစ်ချပ်ပွင့်လာသည်။ ပယင်းဆံ နီညိုရောင် ကိုယ်ကြပ်အင်္ကျီဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ဆင်းသက်လာသည်။ သူသည် ရထားအိမ်ပေါ်မှ မြေသို့ ရောက်သည်နှင့် လက်တစ်ဖက်ကမ်းကာ ရထားပေါ်မှဆင်းလာသည့် မိန်းမပျိုတစ်ဦးကို ဖေးမ၍ ရထားအောက်သို့ ဆင်းသက်နိုင်အောင် ကူညီလိုက်သည်။

အပြာရောင်ဝတ်စုံနှင့်လူရွယ်က ထိုမြင်ကွင်းကို သဲပြင်ပေါ်မှ ငေးကြည့်နေသည်။ သူသည် လူတစ်စုံတစ်ယောက်ကို စောင့်ကြည့်ကာ ရှာဖွေနေပုံရ၏။ ထိုသူနှစ်ဦး ဆင်းသက်လိုက်သည်နှင့် သူရှာဖွေရမည့်သူကို ဆက်လက် စောင့်မျှော်မနေတော့ဘဲ ရွက်သင်္ဘောကြီးရှိရာသို့ စိုက်စိုက်မတ်မတ် လျှောက်လာသည်ကို တွေ့မြင်ရလေသည်။

လူရွယ် သင်္ဘောနားသို့ ရောက်မီမှာပင် ရွက်လှေပေါ်မှ ခင်းထားသော လှေးခင်းနှင့်သက္ကလာရှိသည့် ကုန်းပေါင်ကြီးပေါ်သို့ အညိုရောင်ကိုယ်ကြပ်အင်္ကျီ ဝတ်ဆင်ထားသော လူရွယ်နှင့် ရွှေဝါရောင်ဝတ်စုံရှည်မိန်းမပျိုတို့မှာ လက်ချင်းတွဲကာ တက်ရောက်သွားကြလေသည်။

ရွက်သင်္ဘောကုန်းပေါင်ထိပ်တွင် လူတစ်ဦးရပ်နေသည်။ ထိုသူက သင်္ဘောပေါ်သို့ လိုက်ပါခွင့်ရှိသူ ဟုတ်မဟုတ်ကို တံဆိပ်အမှတ်အသားများပြခိုင်းကာ စစ်ဆေးနေသည်ကို တွေ့မြင်ရ



သည်။ တစ်ခဏအကြာ၌ ဖြောင်းဖြီးနောက် ရွက်သင်္ဘောကုန်းဆီသို့ စုံတွဲတက်ရောက်ခွင့်ရသွားသည်ကို တွေ့ရလေသည်။

ရွက်သင်္ဘောရှိရာသို့ အပြာရောင်ဝတ်စုံနှင့်လူက တက်လာသောအခါ ကုန်းပေါင်တံတားထိပ်မှ မုတ်ဆိတ်မွေးနှင့် လူက တားဆီးလိုက်သည်။

'တံဆိပ်အမှတ်အသားပြပါ'

'ဖြော်...ဟုတ်ကဲ့၊ ဒီမှာပါ'

ဝတ်စုံပြာနှင့်လူရွယ်က သူ့ဝတ်ရုံထဲမှ သိုးမြောင့်ပုံအဝတ်စလေးကို ထုတ်ယူပြလိုက်လေသည်။ ထိုအဝတ်စလေးတွင် လခြမ်းပုံသစ်ပင်တစ်ပင်နှင့် ကြည်လျှာအလံလေးတစ်ခု ရေးခြယ်ထားသည်ကို သေသေချာချာ ကြည့်ရှုလေသည်။

'ဟုတ်ပြီ...သွားနိုင်ပါပြီ'

ဝတ်စုံပြာဝတ်ထားသော လူရွယ်သည် သင်္ဘောပေါ်သို့ ရောက်သည်နှင့် မျက်လုံး ကစားကြည့်လိုက်၏။ သင်္ဘောဝမ်းအလယ်ရှိ ကြီးမားသော ရွက်တိုင်ကြီးနားတွင် လူတစ်ဦးထိုင်နေသည်။ ထိုသူသည် ကတ္တီပါအနားကွပ် အနီရောင်ကုလားထိုင်ပေါ်တွင် ခံ့ခံ့ညားညား လက်တင်ကာထိုင်နေ၏။

သူ၏တိုက်ခိုင်သော ခန္ဓာကိုယ်နှင့် ကတ္တီပါထိုင်ခုံမှာ လိုက်ဖက်လှပေသည်။ ထိုသူကား ကျွန်းလက်ပါး ဂိုဏ်းချုပ်ကြီး

လျှိုယိုပင်ဖြစ်လေသည်။ လျှိုယိုသည် ဤသင်္ဘောတွင် အကြီးအကဲဖြစ်၏။ သူ၏မျက်နှာမှာ ညိုမှောင်မှိုင်းပြာ၍ ရွာတော့မည့်မိုးကဲ့သို့ မည်းညစ်နေသည်။

သူသည် ကင်းမြီးကောက်ဂိုဏ်းချုပ်၏ မင်္ဂလာပွဲ၌ဖြစ်ပျက်ခဲ့သော ကိစ္စအတွက် မကျေမနပ်ဖြစ်နေသည်မှာ ထင်ရှားလှပေသည်။ နီညိုရောင်ဝတ်စုံနှင့် ရွှေဝါရောင်ဝတ်ဆင်ထားသော စုံတွဲမှာ သင်္ဘောဝမ်းထဲရှိ သစ်သားထိုင်ခုံများတွင် ဝင်ထိုင်လိုက်သည်။

အပြာရောင်ဝတ်စုံနှင့် လူရွယ်မှာလည်း သင်္ဘောဦးပိုင်းရှိ သစ်သားကုလားထိုင်တစ်လုံးတွင် ဝင်၍ထိုင်လိုက်သည်။ ပင်လယ်ပြင်တွင် လှိုင်းလေဒဏ် ခက်ခဲ၍သွားရမည့် သင်္ဘောဖြစ်သောကြောင့် ထိုင်ခုံများအားလုံးမှာ သင်္ဘောဝမ်းနှင့်အသေတွဲ၍ခိုင်ခံ့အောင် ပြုလုပ်ထားလေသည်။

နေလုံးကြီးသည် ကုန်းပေါ်ရှိ တောင်တန်းများထဲသို့ တဖြည်းဖြည်း ဝင်ရောက်သွားလေပြီ။ သူတို့ အနောက်ဘက် ပင်လယ်ပြင်သို့ ခရီးထွက်ရန် ပြင်ဆင်ကြလေပြီ။ သင်္ဘောရွက်တိုင်များပေါ်သို့ ရွက်များဆွဲတင်လိုက်ကြသည်။

သုံးဆင့်သုံးထပ် ရွက်ဆင်ပြီးသောအခါ လေကြောင်းအတိုင်း ရွက်ကိုလှည့်ပြောင်းလိုက်ပြီး ကျောက်ကြိုးကိုဆွဲတင်လိုက်ကြ၏။ လေကြောင်းကိုမှန်အောင် ထားပြီးနောက် ရွက်ကြိုးများကို ချည်နှောင်ထားလိုက်ကြလေသည်။



သဲသောင်ပြင်ကမ်းပါးမှ အနောက်ပင်လယ်ပြင်ရှိရာသို့ ရွက်သင်္ဘောကြီးသည် တရွေ့ရွေ့ထွက်ခွာစပြုလေပြီ။ နေမင်း၏ အရောင်ပျောက်ကွယ်သွားသည်နှင့် သင်္ဘောသည် ကမ်းကိုပင် မမြင်ရအောင် တရွေ့ရွေ့ လေကြောင်းအတိုင်း သွားနေပြီဖြစ်သည်။

လျှိုယိုသည် သူ၏ကတ္တီပါထိုင်ခုံမှ ထရပ်လိုက်သည်။ ပင်လယ်ပြင်တွင် ကြယ်ရောင်များထွန်းလင်း၍ မှုန်ပျပျ အလင်းရောင်ကြောင့် သင်္ဘောပေါ်တွင် လူလုံးကဲ့ရုံသာ ရှိလေတော့သည်။

လျှိုယိုထရပ်လိုက်သည်နှင့် သူ့အဖွဲ့သားများသည် လျှိုယို ရှိရာသို့ထလာကြလေသည်။

'ဒီသင်္ဘောပေါ်မှာ လူသစ်တွေ ပါလာတယ်၊ သူတို့သုံးယောက်ကို သေချာစစ်ဆေးဖို့လိုတယ်'

လျှိုယို၏စကားကြောင့် အဖွဲ့သားများ လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။

'ဒါဟာ နတ်မိမယ်ရဲ့ ကိုယ်စားလှယ်တွေ ဖြစ်ပါလိမ့်မယ်၊ သူတို့မှာလည်း အမှတ်အသားတံဆိပ်တွေ ပါလာကြပါတယ်'

စစ်ဆေးသူတာဝန်ယူရသော မုတ်ဆိတ်နှင့်လူက ပြောလိုက်လေသည်။

'ဟား ဟား ဟား မင်းတို့သိပ်ညံ့တယ် ဝုပင်း၊ မင်းအညံ့ဆုံးပဲ ဗျာ'

မျက်ဆိတ်နှင့်လူမှာ သူ့ကိုလက်ညှိုး ထိုး၍ လျံယိက ပြောလိုက်သောကြောင့် မျက်နှာပျက်သွားသည်။

'ဒီသင်္ဘောပေါ်မှာ ငါ့ရန်သူလုံရှောက်ဖုန်ပါလာတယ်ကွ၊ အဲဒါ ဘယ်သူလဲ သိလား'

ကျားလက်ဝါးဂိုဏ်းချုပ်လျံယိ၏ စကားအဆုံးတွင်အပြာရောင်ဝတ်စုံဝတ်ထားသူက ထရပ်လိုက်သည်။

'ကျုပ်ပါလာတာကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိသလဲ လျံယိ'

'ဟား ဟား ဟား ... လုံရှောက်ဖုန့်ဆိုတဲ့လူကို ခွေး၍ ထွားကာတောင် ကျုပ်က မှတ်မိပါတယ်ဗျာ'

မျက်နှာဖုံးအတုကို ပါးပါးလေးစွပ်ထားသော ဝတ်စုံပြာနှင့်လူရွယ်မှာ လုံရှောက်ဖုန့်ဖြစ်နေကြောင်း သိလိုက်ရသည်နှင့် ကျားလက်ဝါး ဂိုဏ်းသားများက သူ့ထံသို့ ဝိုင်းရံလာကြတော့သည်။

လျံယိကဦးဆောင်ကာ လုံရှောက်ဖုန့်ကို အမဲဖျက်ကြတော့မည်ဖြစ်၏။ လုံရှောက်ဖုန့်က သူ့အားဝိုင်းထားသော လျံယိနှင့်သူ့လူများကို အကဲခတ်လိုက်သည်။



'အားနည်းတဲ့လူတစ်ယောက်ကို ဒီလို လူအုပ်အားနဲ့ဝိုင်းပြီး အနိုင်ကျင့်ကာမျိုး မလုပ်သင့်ဘူးထင်ပါတယ်ဗျာ'

ရွှေဝါရောင်ဝတ်စုံမိန်းမပျိုနှင့်တွဲလာသော နီညိုရောင်ဝတ်စုံနှင့်လူက ထရပ်ကာ ပြောလိုက်ခြင်းဖြစ်သည်။

လျံယိ၏လူများက အထိတ်တလန့်ဖြစ်ကာ လှည့်ကြည့်လိုက်သည်။ လုံရှောက်ဖုန့်က နီညိုရောင်ဝတ်စုံနှင့်သူ၏ အသံကြောင့် ဆက်တိုမှုန်း မှတ်မိသွားသည်။

'ဆက်တိုရေ တို့ ဒီသင်္ဘောပေါ်က သူတို့ကို မောင်းချလိုက်ကြရအောင်ကွာ'

လုံရှောက်ဖုန့်က လှမ်းအော်ပြောလိုက်ခြင်းဖြစ်သည်။ ရန်သူတစ်ဦးတည်းကို ရင်ဆိုင်ရခြင်းမဟုတ်တော့ကြောင်း သိလိုက်ရသော လျံယိအဖွဲ့က နှစ်စုခွဲလိုက်သည်။

လုံရှောက်ဖုန့်သည် သူ့ရှေ့တွင်ရှိနေသော လျံယိနှင့် လူငယ်တစ်ယောက်ကို ဓားဖြင့် စတင် တိုက်ခိုက်တော့သည်။ လျံယိက ကျားလက်ဝါးသိုင်းကွက် သုံးလေးကွက်ဆက်၍ တိုက်သည်။ လျံယိ၏လူများမှာ ဗရိုဗရဲ ချတ်ရတ်သဲသဲဖြစ်သွားသည်။

ရွှေဝါရောင်ဝတ်စုံနှင့်မိန်းကလေးက ထိုင်နေရာမှ ပစ်လွှတ်လိုက်သော အဆိပ်လက်နက်ပုန်းများကြောင့်ဖြစ်၏။

'ဟင် ... အဲဒီကောင်မှကိုပါ အပြတ်ရှင်းကြဖော့၊ ဒါတို့သင်္ဘောကို ဝင်စီးတဲ့ရန်သူတွေချည်းပဲ'

လျှံယိက နောက်ထပ် စစ်မျက်နှာတစ်ခုပေါ်လာ၍ သူ့လူများကို အမိန့်ပေးပြန်သည်၊ နှစ်စုကွဲရာမှ ယခုတော့ လျှံယိ၏လူများ သုံးစုကွဲသွားရပြန်သည်။ လျှံယိမှာ သူ၏ဓားရှည်ကို ဝှေ့ကာ လုံရှောက်ဖုန့်ကို သံသမဲမဲ့ တိုက်ခိုက်နေရသည်။

'အား'

လုံရှောက်ဖုန့်ထံ ခုန်ဝင်သွားသော သူ့လူတစ်ယောက် ခါးချက်မိကာ နောက်သို့ယိုင်လဲကျသွား၍ လျှံယိမှာ ကိုယ်ကို စောင်းကာ ရှောင်လိုက်ရ၏။

'ဝုန်း'

သင်္ဘောကုန်းပတ်ပေါ်သို့ ခါးစောင်းတင်ကာ လဲကျလာသော လူမှာ အရှိန်ကိုမထိန်းနိုင်ဘဲ ရေထဲသို့ ပြုတ်ကျသွားလေတော့သည်။

ဆက်တုနှင့်ရင်ဆိုင်နေရသော လျှံယိ၏ အဖွဲ့သားများမှာလည်း မလွယ်လှပါ။ ဆက်တု၏ဓားကွက်ထဲတွင် တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ပြင်းထန်သော တိုက်ပွဲသည် သိပ်မကြာလိုက်။ လုံရှောက်ဖုန့်၏ဓားချက်ဖြင့် တစ်ဦးပြီးတစ်ဦး သင်္ဘောပေါ်မှ ရေထဲသို့ ပြုတ်ကျနေရာ လျှံယိတစ်ဦးတည်းသာ ကျန်ရှိတော့သည်။



လျှံယိမှာ လုံရှောက်ဖုန့်နှင့်ရင်ဆိုင်ရမည်ကိုထိတ်လန့်ကာ ဖြည်းဖြည်း နောက်ဆုတ်သွားသည်။

'ဘယ်လိုလဲ ကျားလက်ဝါးကိုဏ်းချုပ်ကြီးရဲ့၊ ကျုပ်ကို ရေထဲပစ်ချမလို့ဆို'

လုံရှောက်ဖုန့်က တိုး၍လိုက်လာရင်း မေးလိုက်သည်။ လျှံယိက လုံရှောက်ဖုန့်မေးသော စကားကိုပင် မဖြေပါ။ ပင်လယ်ရေပြင်ထဲသို့လှည့်ကာ ခုန်ချလိုက်လေတော့သည်။

'အင်း ...တချို့က သူများသတ်တာထက် ငါးစားတာကိုသဘောကျတယ်ထင်ပါရဲ့ ဆက်တုရေ'

သူခိုးစိတ္တာကြီးဆက်တုကို လုံရှောက်ဖုန့်က လှမ်းပြောလိုက်သည်။

ဆက်တုတို့မှာလည်း ရန်သူများကို တစ်ယောက်မကျန် နှိမ်နင်းပြီး၍ လုံရှောက်ဖုန့်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်နေကြသည်။ သူတို့မျက်နှာများမှာ မကျေနပ်နေ၏။

'အေး ...မြေခွေးကြီးရေ၊ ဒါဝမယ့် ဒီတစ်ခါ ရေထဲဆင်းဖို့က မင်းအလှည့်ပဲ'

## အခန်း ( ၄၅ )

မျက်နှာဖုံးကိုချွတ်ခွာခြင်းမပြုကြသဲ တစ်ဦးနှင့်တစ်ဦး ရပ်ကြည့်နေသော လုံရှောက်ဖုန်းနှင့် ဆက်တုတို့မှာ ငြိမ်သက်နေကြ၏။

'ဒီမှာ လုံရှောက်ဖုန်းရဲ့ ရှင့်လိုလူမျိုးတစ်ယောက်ဟာ လောကကြီးထဲမှာ ရှိမနေသင့်တော့ဘူး'

ရွှေငါးဆောင်တော်စုံနှင့်မိန်းမပျိုကပြောလိုက်ခြင်းဖြစ်သည်။ ထိုမိန်းမသည် တောင်ဖိုင်းပြည်နယ်သူတို့၏မျက်နှာမျိုး အဆင်အပြင်မျိုး ဝတ်ထားသော်လည်း စကားသံကြောင့် စန့်ကူမ်းမှုန်း လုံရှောက်ဖုန်း မှတ်မိလိုက်သည်။

စန့်ကူမ်းမှုသည် လုံရှောက်ဖုန်းနှင့် သဘောထား ကွဲလွဲသွားပြီးနောက် ဆက်တုကိုရှာဖွေတော သိမ်းသွင်းထားလိုက်ပြီဟု လုံရှောက်ဖုန်း ရိပ်မိလိုက်သည်။



'ဆက်တု၊ အာသဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ကိစ္စနဲ့ မင်းနဲ့ငါ သဘောထားမကွဲပြားသင့်ဘူး'

လုံရှောက်ဖုန်းက ဆက်တုကို နူးညံ့ သဘောပေါက်အောင် ဖျောင်းဖျလိုက်သည်။

'ဒီစကားမျိုး မပြောပါနဲ့ မြေခွေးကြီး စန့်ကူမ်းမှုနဲ့ငါက မကြာခင် လက်ထပ်တော့မှာ၊ သူဟာ ငါ့ဘဝအတွက် အရေးပါတာမကြာခင် လက်ထပ်တော့မှာ၊ သူဟာ ငါ့ဘဝအတွက် အရေးပါတာပေါ့ကွ'

ဆက်တု၏စကားကြောင့် လုံရှောက်ဖုန်း နားလည်ရခက်သွားတော့သည်။

'ဘယ်လိုကွ၊ သူနဲ့မင်းက လက်ထပ်ကြတော့မလို့ဟုတ်လား၊ ကြံကြီးစည်ရာကွာ၊ ဒီမိန်းမလေးကို မင်းက ယုံကြည်နေတယ်၊ မင်းပဲ ငါ့ကို တည်းခိုခန်းမှာ လာခေါ်တုန်းက ဘာစကားပြောခဲ့သလဲ'

ဆက်တုက ခေါင်းခါလိုက်သည်။

'အဲဒီတုန်းက အခြေအနေနဲ့ အခုအခြေအနေက မတူတော့ဘူးကွ၊ အခု သူနဲ့ငါနဲ့က သဘောထားခြင်း တိုက်ဆိုင်သွားပြီ၊ သူဟာ ငါ့အပေါ်မှာ နားလည်သိတတ်တဲ့ မိန်းမ တစ်ယောက်ပဲ၊ ဒီတော့ တာမင်တန်ကျန်းက ပြန်လာတာနဲ့ သူနဲ့ငါ လက်ထပ်မယ်'

စန္ဒကုမ်းမှုက မည်ကဲ့သို့ ချော့မြှူ စည်းရုံးထားလေသည် မသိ၊ မိန်းမများကို တန်ဖိုးမထားတတ်သော သူ့ခိုးဝိဇ္ဇာ ဆက်တုပင် စန္ဒကုမ်းမှု၏စက်ကွင်း၌ ရုန်းမထွက်နိုင်တော့ပေ။

'နင်ဟာ တော်တော်အကြံပက်စက်ပါလား၊ နင်ဟာ ငါ့ သူငယ်ချင်းကို ငါနဲ့သွားကွဲအောင် လုပ်တဲ့မိန်းမပဲ၊ ကဲ'

လုံရှောက်ဖုန်က သူငယ်ချင်းဖော်နှင့် စန္ဒကုမ်းမှုကိုဓားနှင့် ထိုးရန် ရှေ့သို့တိုးလိုက်၏။

'မြွေဆွေးကြီး... မင်း၊ သိပ်မှားသွားမယ်နော်၊ တို့ဟာ ခရီးသွားဖော်တွေဆိုတာလည်း မေ့ မနေနဲ့'

လုံရှောက်ဖုန် အံ့အားသင့်သွားသည်။ ဆက်တုသည် ဆေးမိထားသူတစ်ယောက်လို မျက်လုံး ကြောင်စီစီဖြင့် ရပ်ထားသည်။ ရှပ်ဖျက်ထားသည့်တိုင် ဆက်တု၏ မျက်လုံးများက အတွေးအခေါ်တစ်ခုခုကို လေးလေးနက်နက် မစဉ်းစားဘဲ ထင်မှုလုပ်မည့်အသွင်ကို ဖော်ပြနေသည်။

'ဆက်တု... တို့တာ မင်တန်ကျွန်းကိုသွားဖို့ ရည်ရွယ်တုန်းက သဘောကိုစွဲလဲ၊ မင်းပြန်စဉ်းစားကြည့်စမ်း၊ ငါ့ရဲ့ မိန်းကလေး သုံးယောက်ကိုကယ်တင်ဖို့ မင်းလိုက်ကူညီတာ မဟုတ်ဘူးလား၊ အခုတော့ မင်းကို ငါနဲ့လက်တွဲမှာ မဟုတ်တော့ဘူးလား'

လုံရှောက်ဖုန်က ဆက်တုကို စိတ်မကောင်းသော အသံဖြင့် ပြောလိုက်သည်။



'အေး...အဲဒါ တို့တုန်းကကိစ္စပဲ၊ ခုတော့ ဒါဟာ သူ့ရဲ့ နဂါးအမောက်ကျောက်စိမ်းပြား ရရှိရေးကိစ္စက အဓိကဖြစ်သွားပြီ'

ဆက်တု၏ပြောဆိုပုံကပြတ်သည်။ လုံရှောက်ဖုန်သည် ဆက်တု၏စကားသံကြောင့် စန္ဒကုမ်းမှုကို ပို၍ဒေါသထွက်လာ၏။

'ဒါဟာ ဒီမိန်းကလေးရဲ့ စနက်ပဲကွ၊ သူဟာ မင်းစိတ်တွေကို တစ်မျိုးတစ်ဖုံပြောင်းလဲအောင် တစ်ခုခု လုပ်လိုက်ပြီဆိုတာ သေချာတယ်'
လုံရှောက်ဖုန်က ဒေါသကြီးစွာ အော်ပြောသည်။

လုံရှောက်ဖုန်တစ်ယောက် ထိုကဲ့သို့ ဒေါသနေရသည်ကိုပင် ကျေနပ်သည့်အသွင်မျိုးဖြင့် စန္ဒကုမ်းမှုက ပြုံးပြုံးလေးလက် ဖိုက်ထားသည်။

သိလိုက်ပါပြီ၊ ရည်ကိုးနှင့် စီစဉ်ကြိုးကိုင်သူမှာ စန္ဒကုမ်းမှုပင် ဖြစ်နေသည်မှာ သေချာပါသည်။ မိန်းမတစ်ယောက်၏ ဖြားယောင်းမှုသည် ကြောက်စရာကောင်းလှပါတကား။ အာ မတန် ခင်မင်ရင်းနှီးသော သူငယ်ချင်းနှစ်ဦးပင်သဘောထား ကွဲလွဲကာ ရန်သူသဖွယ် ဖြစ်သွားပါစေတော့သည်။

လုံရှောက်ဖုန် ကျိတ်မနိုင်ခဲ ဖြစ်နေသည်ကိုပင် စန္ဒကုမ်းမှုက အကျေနပ်ကြီး ကျေနပ်နေပါသည်။ စန္ဒကုမ်းမှုသည် ပြဇာတ်တစ်ပုဒ်ကို ကင်ဆက်ပြနေသည့် မင်းသမီးလေး တစ်

ပါးလို ခပ်ဖွဖွခြေလှမ်းဖြင့် ကိုယ်ကို ကြော့ကြော့လေး လှမ်းလာခဲ့ပြီးနောက် ဆက်တုံ၏လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။

စန္ဒကူမ်းမု၏လက်အစုံဖြင့် သူ့ဘယ်ဘက် လက်မောင်းကို ဆုပ်ကိုင်ခြင်းခံလိုက်ရသည်နှင့် ဆက်တုံမှာ အိပ်ပျော်နေရာမှ လန့်နိုးသလို ဆတ်ခနဲတွန့်သွားလေတော့၏။

'ကိုကို'

မျက်လုံးစင်းစင်းလေးဖြင့် ဆက်တုံကို ကလူသလို မြူသလို အသံဖြင့်မော့ကြည့်ရင်း ခေါ်သည်။

'ဘာလဲအချစ်'

'အဲဒီလူကြီး သင်္ဘောပေါ်ပါလာတာ ကျက်သရေတုန်းပါတယ် ကိုကိုရယ်၊ ရေထဲပစ်ချကြရအောင်နော်'

'အို...အချစ်မကြည့်ရင် ရှင်းပစ်ရမှာပေါ့'

'ဩော်...ဖြစ်မှဖြစ်ရလေ လောက...လောကဟူ၍သာ လုံရှောက်ဖုန့် တစ်အော်လိုက်ချင့်တော့သည်။ ဆက်တုံက စန္ဒကူမ်းမုကို ချစ်စနိုးကြည့်လျက် လုံရှောက်ဖုန့်ကိုသတ်ဖြတ်ဖို့ သဘောတူပုံကို ချစ်သူသဖွယ် ပြောပြနေ၏။

တကယ်တော့ စန္ဒကူမ်းမုဆိုသည့် မိန်းမသည် မာယာများသည်။ လုံရှောက်ဖုန့်က သူ့ကိုချစ်ခင်စွဲလမ်းခြင်း မရှိသောကြောင့် အလွန်ချစ်ခင်ရင်းနှီးသော သူငယ်ချင်းကိုအနိုင့်ကိုင်ကာ လုံရှောက်ဖုန့်ကို လက်စားချေလိုက်ခြင်းဖြစ်သည်။

သူငယ်ချင်းအပေါ်တွင် ယုံကြည် ချစ်ခင်တတ်သော လုံရှောက်ဖုန့်မှာ လောကတွင် သူရင်မဆိုင်ချင်ဆုံး ကိစ္စတစ်ရပ်ကို ရင်ဆိုင်လိုက်ရပေတော့သည်။



'မြန်မြန်ရှင်းပစ်လိုက်ပါ၊ သိပ်စိတ်အနှောင့်အယှက် ဖြစ်ရတယ်၊ ပြီးတော့ သွားရမယ့်ခရီးမှာလည်း ရှုပ်နေမယ်'

စန္ဒကူမ်းမုက လုံရှောက်ဖုန့်ကိုပင် သိုင်းသမားတစ်ဦးအဖြစ် အသိအမှတ်မပြုဘဲ ဆက်တုံကို ချွဲနွဲ့ကာ ပြောဆိုနေသည့်မှာ အမြင်ကပ်စရာကောင်းလှတော့၏။

လူတစ်ယောက်လုံးကိုပင် သူတို့လိုပ်ချင်သလိုလုပ်၍ရတော့ပုံမျိုးဖြစ်နေပြီး ဆက်တုံနှင့်သူ လှောင်းကိစ္စ ပျက်ပြယ်၍ စန္ဒကူမ်းမုဆွဲဆောင်ရာနောက်သို့ ဆက်တုံလုံးလုံးပါသွားပြီဆိုသည်ကို လုံရှောက်ဖုန့် နားလည်လိုက်လေပြီ။

'သူခိုးစိတ္တာဆက်တုံ...လူဆိုတာ သိပ်အူကြောင်ကြောင်နိုင်တိုင်း ကောင်းတာမဟုတ်ဘူးနော်၊ မင်း ကောင်မလေးခိုင်းတိုင်း မင်း လိုက်လုပ်နေမှာလား'

လုံရှောက်ဖုန့်၏စကားကြောင့် ဆတ်ဆတ်ခါ နာကျင်သွားသူမှာ ဆက်တုံမဟုတ်ပါ။ စန္ဒကူမ်းမုပင်ဖြစ်သည်။ သူမသည် ဆက်တုံ့လက်မောင်းကို လှုပ်ခါကာ ငိုသံဖြင့် ပြောလာသည်။

'တွေ့လား ကိုကို၊ သူများကိုစော်ကားနေပြန်ပြီ၊ ဆက်ပြီး ကြာကြာစော်ကားမှာ ကိုကိုကြည့်နေတော့မှာလား'

စန္ဒကူမ်းမု၏စကားအဆုံးတွင် ဆက်တုံသည် သူ့ဓားကို ဆုပ်ကိုင်ကာ ရှေ့သို့တိုးလာတော့သည်။

'လုံရှောက်ဖုန့်...ဒီသင်္ဘောပေါ်မှာမင်းနဲ့ငါ တစ်ယောက်ယောက်မရှိမှဖြစ်မှာ' အဲဒီတော့ မင်းလည်း ငါ့ကိုမညှာနဲ့၊ ငါလည်း မင်းကို မသေမချင်းသတ်ရမှာပဲ'

ဆက်တုက ပြတ်ပြတ်သားသား စကားကိုဆိုကာ လိုရှောက်ဖုန့်ကိုတိုက်ခိုက်ရန် ရှေ့တိုးလာလေသည်။

'ဆက်တု…မင်းဘာလို့ ဒီလောက်ထိ စိတ်ပြောင်းသွားတာလဲ၊ မင်း ငါ့ကိုသတ်ချင်ရင်သတ်ပါ၊ ငါ မင်းနဲ့ ရန်မဖြစ်ချင်ဘူး'

လုရှောက်ဖုန့်က စိတ်ပျက်သံဖြင့်ပြောရင်း နေရာမှ ရှေ့သို့ ရပ်နေသည်။

ဆက်တုသည် လုရှောက်ဖုန့်ကို ဓားအကွက် တင်းကျပ်ဖြင့် စတင်တိုက်ခိုက်လေပြီ။ ဓားရိပ်များသည် လုရှောက်ဖုန့်ပေါ်သို့ မိုး ရွာအုပ်ဆိုင်းလာ၏။

လုရှောက်ဖုန့် ရှေ့လျှားခြင်းလည်းမပြုပါ။ ပြန်လည်တိုက်ခိုက်ရန်လည်း မစီစဉ်ပါ။ သူရောက်ရှိနေသော နေရာမှာပင် မတုန်မလှုပ်ရပ်နေသည်။ ဆက်တုက လိုရှောက်ဖုန့် ပြန်လည်တိုက်ခိုက်ခြင်းမပြုသောအခါတွင် သူ့ ဓားကွက်ကို ရပ်လိုက်လေသည်။

'လိုရှောက်ဖုန့် ဘာဖြစ်လို့ ပြန်မတိုက်တာလဲ'

ဆက်တုက မကျေနပ်သံဖြင့် အော်မေးလေသည်။

'ငါမှမတိုက်ချင်တာပဲ ဆက်တုရာ၊ ဘာလို့တိုက်ရမှာလဲ၊ မင်း ငါ့ကိုသတ်ချင်စိတ်ပေါ်နေရင် သတ်လိုက်လေကွာ'

ဆက်တုက သူ့ကိုလုံးဝပြန်မတိုက်သော လိုရှောက်ဖုန့်ကို ကြည့်ရင်း ချီတုံချတုံဖြစ်နေသည်။ ထိုအချိန်တွင် စန့်ကွမ်းမု၏အသံ ပေါ်လာသည်။



'ကိုကို…သူဟာ ဟန်ဆောင်နေတာပါ၊ ကိုကို့ကို အလစ်မှာ သတ်လိမ့်မယ်နော်'

တွေဝေနေသော ဆက်တုကို နောက်မှ စန့်ကွမ်းမုက တွန်းအားပေးနေပြန်သည်။ ဆက်တုသည် ဓားကို ဝှေ့ယမ်းလိုက်ပြန်သည်။

လုရှောက်ဖုန့် ဆက်တုကိုကြည့်သည်။ ဆက်တု လုံးလုံးသတိကင်းမဲ့နေသည်တော့ မဟုတ်ပါ။ သို့သော် သူ၏စိတ်တို့သည် စန့်ကွမ်းမု၏စကား များ လွှမ်းမိုးခြင်းခံနေရသည်။ ထိုသို့ဖြစ်စေရန် စန့်ကွမ်းမုက စိတ်ပြောင်းလဲစေနိုင်သော ဆေးတစ်မျိုးကို ကျွေးထားပုံရလေသည်။

ဆက်တုအား သည်းခံနေခြင်းအတွက်ပင် လိုရှောက်ဖုန့် စိုးရိမ်လာသည်။ အရက်ကိုးမောင်း တိုက်ထားသော ဆင်ကြီးတစ်ကောင်မုန်ယိုသကဲ့သို့ ဖြစ်လာကာ ဆက်တုသည် သူငယ်ချင်းဟူသော စိတ်မျိုးကို မေ့လျော့လျက် လုရှောက်ဖုန့်ကို ရန်သူအဖြစ်မြင်လာပြီထင်သည်။

ဆက်တု၏ခန္ဓာကိုယ်မှာ နတ်ဖူးသလို ကဆတ်ဆတ် တုန်ခါလာကာ နှာခေါင်းပေါက်မှ ရှူသံလည်း ပြင်းပြလာသည်။ အံ့သြစရာကောင်းလော ပြောင်းလဲမှုကို ဆက်တု၏ ခန္ဓာကိုယ်ပေါ်တွင် တွေ့ရှိရပြီးနောက် လုရှောက်ဖုန့်ရှိရာသို့ ခုန်ဝင်တိုက်ခိုက်လေတော့သည်။

'လုရှောက်ဖုန့်ရေ…ချင်ထင်သလို ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး၊ သူ့ ဓားကွက်တွေကို ရှင်မရှောင်ရင်တော့ ရှင့်ကိုယ်ဟာ အပိုင်းပိုင်းဖြစ်သွားမှာပဲ'

စန့်ကွမ်းမုက မှလှုပ်မရှားရပ်နေသော လုရှောက်ဖုန်ကို နောက်ဆုံး ဘာတိပေးစကားတစ်ခွန်းကိုတော့ ဆိုလိုက်ပါသေးသည်။ ထိုစကားအတွက်တော့ လုရှောက်ဖုန်း စန့်ကွမ်းမုကို ကျေးဇူးတင်ရသည်။

စောစောကလိုသာ သူစယ်ချင်းစိတ်ဖြင့် တစ်ဖက်သတ်ခံနေလျှင် လုရှောက်ဖုန့်ကိုယ်မှာ စန့်ကွမ်းမုံပြောသကဲ့သို့ပင် ဖြစ်သွားပေတော့မည်။ တစ်ဟုန်ထိုးဝင်ရောက်၍ ကြမ်းတမ်းစွာ ကိုက်ခိုက်လာသော ဆက်တူ၏သိုင်းကွက်ကို လုရှောက်ဖုန့်က ခေါ်းထုတ်၍ ခုခံရလေတော့သည်။

'ချွင်... ထန်'
'အိုး'

ဆက်တု၏အတွင်းအားမှာ လှိုရှောက်ဖုန့် ထင်သည်ထက်ပင် မို၍ပြင်းနေသည်။ ဤသည်မှာလည်း စန့်ကွမ်းမုံ၏ အစီအမံပင် ဖြစ်ပေလိမ့်မည်။ ဆက်တု၏ပင်ကိုအတွင်းအားနှင့် ပေါင်းကာ ဆေးဝါးအကူအညီကြောင့် ခေါ်းချင်းထိမိသည်နှင့် လုရှောက်ဖုန့်မှာ ကျင်ခနဲပင် ကိုယ်ထဲတွင် ဖြစ်သွားမိလေတော့သည်။

'လုရှောက်ဖုန့် ရှင်ဟာ ကျွန်မကို စော်ကားမော်ကားစကားတွေပြောခဲ့တဲ့အတွက် နောင်တရဖို့အချိန် မရှိတော့ပါဘူး'

'တော်စမ်း...အစိမ်းသရဲမ၊ နင့်လို သစ္စာမရှိတဲ့ မိန်းမကြောင့် ငါ့သူငယ်ချင်း စိတ်ပြောင်းသွားရတာ'



လိုရှောက်ဖုန့်က ရှောင်တိမ်းတိုက်ခိုက်နေရင်းမှ စန့်ကွမ်းမုကို အော်ဟစ်ပြောဆိုလိုက်သည်။ ထိုအချိန်မှာပင် ဆက်တုခေါ်းနှင့်ပိုင်းလိုက်၍ ထိုင်ချကာ ရှောင်လိုက်ရသည်။

ဆက်တုံသည် ရန်ငြိုးကြီးမားသောရန်သူတစ်ဦးအားတိုက်ခိုက်နေသကဲ့သို့ပင် လုရှောက်ဖုန့်ကို မနားတမ်း တိုက်ခိုက်နေသည်။ ဆက်တု၏သိုင်းကွက်များကိုဖျက်ဆီးဖို့ထက် မိမိပေါ်သို့ ခေါ်းချက်ရောက်မလာအောင်သာ ရှောင်တိမ်းနေရသည်။

'ဟင်း....ဟင်း....ဟင်း....ဝိတိုက်ပွဲမျိုးကိုကြည့်ရှုရတာ သိပ်အရသာရှိတာပဲ'

စန့်ကွမ်းမုံကတော့ ရှက်တိုင်နားမှ လက်ပိုက်၍ ကြည့်နေရင်း တခစ်ခစ်ရယ်မောနေသည်။ သူမသည် လုံရှောက်ဖုန့်ကို စိတ်တိုင်းကျကလဲ့စားချေရန် ကြံစည်ထားသောအကြံအစည် အောင်မြင်သွား၍ ဝမ်းသာနေဟန်တူသည်။

'ဝုစ်'

'ထန်'

'အိုး'

ဆက်တုကတော့ အတိုင်းအဆမဲ့ ခေါ်းကွက်မျိုးဖြင့် လုံရှောက်ဖုန့်ကို မနားတမ်းပင် တိုက်ခိုက်နေသည်။ ကြာလျှ

ဆက်တို့သည် ပုံမှန်စိတ်မျိုး ပို၍ပျောက်လေလေ ဖြစ်နေပုံရသည်။

လုရှောက်ဖုန့်မှာ တစ်ခုတစ်ခုကို ဆုံးဖြတ်ရပေတော့မည်။ ဆက်တို့ကိုအသေသတ်ပါက ဆက်တို့က သူ့ကို အသေသတ်လေတော့မည်။ သို့သော် ဆက်တို့ကဲ့သို့ ထက်မြက်သည့် သိုင်းသမားမိတ်ဆွေတစ်ဦးကို လုရှောက်ဖုန့် အဆုံးရှုံး မခံချင်ပါ။

နောက်ဆုံးတော့ လုရှောက်ဖုန့်သည်သူ၏အသက်ကိုလည်း တတ်နိုင်သမျှလွတ်အောင် ကြိုးစားနိုင်ဖို့၊ ဆက်တို့ကိုလည်း မသေစေဖို့နည်းလမ်းကို ရွေးရတော့သည်။ ထိုနည်းလမ်းမှာ ရှက်သဘောပေါ်မှ သူခုန်ချလိုက်ခြင်းပင်ဖြစ်သည်။

ဆက်တုနှင့်တိုက်ခိုက်ရင်း သင်္ဘော၏ကုန်းပတ်ပေါ် ဘေးဘက်သို့ လုရှောက်ဖုန့်ရောက်ရှိသွားသည်။ ထိုအချိန်မှာပင် နောက်ဆုံး ဆက်တု၏ဓားချက်ကို ရှောင်တိမ်းရင်း သူသည် သင်္ဘောပေါ်မှ နောက်ပြန်ခုန်ချလိုက်လေတော့သည်။

ရပ်ထဲသို့ ပလုံခနဲ အသံနှင့်ဖြစ်သွားကာ လုရှောက်ဖုန့်သည် ပင်လယ်ရေပြင်ပေါ်သို့ ဝုန်းခနဲကျရောက်သွားလေတော့သည်။

'သွားပြီ ဆက်တုရေ၊ မင်း နောက်တစ်ကြိမ် ငါနဲ့တွေ့ဆုံဖို့ ကံကြုံမှာကောင်းပါစေကွာ'

လုရှောက်ဖုန့်သည် ပင်လယ်ထဲတွင် ကူးခတ်ရင်းမှ တဖြေးဖြေး ဝေးကွာသွားသော ရှက်သင်္ဘောကိုငေးကြည့်ကာ စိတ်



ထဲမှ နှုတ်ဆက်စကားဆိုမိသည်။ ရှက်သင်္ဘောထွက်ခွာလာခဲ့သည့် အချိန်ကာလနှင့် ခရီးစဉ်ကိုကြည့်ကာ လုရှောက်ဖုန့်ခုန်ချလာခဲ့ခြင်းပင် ဖြစ်ပေသည်။

ရှေ့သိပ်မဝေးသောနေရာတွင် တာမင်တန်ကျွန်းကြီးရှိနေမည်သာ သေချာသည်။ ရေထဲမှာတော့ လုရှောက်ဖုန့်သည် ငါးတစ်ကောင်လိုပင် ကျွမ်းကျင်လှပါသည်။

## အခန်း ( ၃၆ )

ကောင်းကင်တွင် ကြယ်ပွင့်လေးများက တလက်လက် တောက်ပနေကြ၏။ ပင်လယ်လှိုင်းလုံးများက လုရှောက်ဖိုန့်ကို မြင့်ချည်နိမ့်ချည်ဖြစ်အောင် ဖန်တီးစွမ်းဆောင်ထားသည်။ ပါးစပ်ထဲသို့ဝင်လာသော ဆားငန်ရေများကို ထွေးထုတ်ရင်း သူသည် ရေစီးကြောင်းအတိုင်း မျောလိုက်လာခဲ့သည်။

ထိုအချိန်မှာပင် အလွန်ထွေးမြေ့ကြေကွဲစရာကောင်းသော သီချင်းသံတစ်သံကိုသူကြားယောင်လာရလေသည်။ သီချင်းသံရှင်က မိန်းမတစ်ဦးဖြစ်မည်။ သီချင်း၏အဓိပ္ပာယ်မှာ ပျောက်ဆုံးနေသောချစ်သူဟု ဆိုရပါမည်။

'ထံမှာပေါ်တွင် ဘာလို့များ လူတွေဟာပျောက်ဆုံးနေရတာလဲ၊ မင်းကိုလိုက်ရှာနေတာကြာပြီ၊ ကမ္ဘာမြေပြင်ကြီးသာဆုံးတော့မယ်၊ မင်းကို မတွေ့ရဘူး၊ မင်း ကမ္ဘာကြီးပေါ်မှာ ရှိပါသေးရဲ့လား'

လုံရှောက်ဖိုန့်သည် သီချင်းသံကို နားထောင်ရင်း ကြယ်များကိုကြည့်တာ အသံကြားရာဘက်သို့ ကူးခတ်လာခဲ့သည်။



သီချင်းသံက ပို၍ကျယ်လာသကဲ့သို့ ပင်လယ်ပြင်၏အနားသတ်မျဉ်းပေါ်တွင် အရိပ်တစ်ရိပ်ပေါ်လာသည်။

ထိုအရိပ်မှာ လှေကြီးတစ်စီးပင်ဖြစ်သည်။ လှေကြီး၏ဦးပိုင်းတွင် ထိုင်ကာ ပြောင်လက်သော အဝတ်အစားများ ဝတ်ဆင်ထားသည့် မိန်းမပျိုတစ်ဦးက သီချင်းဆိုနေသည်။ သီချင်းသံက နီးလာသကဲ့သို့ ပဲ့စင်ပေါ်မှ ကိုယ်ဟန်ကြောရှင်းသည့် မိန်းမပျိုကိုလည်း တွေ့ရှိရလေပြီ။

လှေကြီး၏ဝမ်းထဲတွင် မိန်းမပျိုသုံးဦးက ခရှ့ဆင့်နောက်ဆင့်ထိုင်ကာ တစ်ဦးလျှင် လှော်တက်နှစ်တက်ကို အလယ်မှ ခြေကန်ကာ လှော်ခတ်ပေးနေရလေသည်။

လုရှောက်ဖိုန့် နှင့်နီးလာသည်နှင့် သီချင်းသံက ရပ်သွားသည်။

'ဟော....ဟိုမှာကြည့်လိုက်စမ်း၊ လူတစ်ယောက်ကူးလာပါလား၊ အဲဒီလူကို ဆယ်တင်လိုက်ကြစမ်း'

'ဟုတ်ကဲ့ ...မမ'

လှေလှော်နေသော မိန်းမပျိုသုံးဦးက ပဲ့စင်ပေါ်မှ မိန်းမပျို၏စကားကို မြိုင်တူအဖြေပေးကာ လုံရှောက်ဖုန့်၏ ကူးခတ်ရာဘက်သို့ လှော်ခတ်လာလေတော့သည်။

တကယ်တော့ လုရှောက်ဖုန့်သည် ကြယ်ရောင်ဖြင့်တွေ့မြင်ရသော ပဲ့စင်ပေါ်မှမိန်းမပျိုကို ဘုရင်တစ်ပါးပါး၏ သမီးတော်သဖွယ် ထင်မှတ်နေမိသည်။ ခေါင်းတွင် ထိုးစိုက်ထားသော စိန်ဆံထိုးက အဝေးမှပင် လက်ခနဲ လက်ခနဲ မြင်တွေ့နေရ၏။

လိုရှောက်ဖုန်ရှိရာသို့ လှေကြီးသည် မကြာမီ ထိုးကပ်လာ၏။ မိန်းမပျိုသုံးဦးက လိုရှောက်ဖုန်ကို လှေပေါ်သို့ ဆွဲတင်လိုက်ကြသည်။ သူသည် ကာလအတော်ကြာ ပင်ပန်းပြင်တွင် ကူးခတ်လာရ၍ မောပန်းနွမ်းနယ်နေသည်။

'ရှင်သက်သာသလိုသာ နေပါဦး၊ ပြီးတော့ ကျွန်မနဲ့စကားပြောပါဦး'

လုရှောက်ဖုန်သည် လှေဦးတင် လဲလျောင်းနေလိုက်လေသည်။

'ကဲ...တို့ ကျွန်းဘက်ကို ပြန်လှော်ကြတာပေါ့၊ ဒီလောက်ဆို လေညှင်းခံလို့ဝပြီ'

ပဲ့စင်ပေါ်မှ မိန်းမပျိုက အမိန့်ပေးလိုက်သည်နှင့် လှေဦးသည် လာရာလမ်းသို့ ပြန်လှည့်သွားရလေတော့သည်။

ခေါက်ဆွဲတစ်ခါကြော်ခန့်မျှ လဲလျောင်းကာ အနားယူလိုက်သောအခါတွင် လုရှောက်ဖုန်၏စိတ်တို့သည် လန်းဆန်းလာသည်။

ထိုအခြေအနေကို ပဲ့စင်ပေါ်မှမိန်းမပျိုက သိသွားပုံရလေသည်။

'ခုချိန်ဆိုရင် ရှင်ကောင်းကောင်း စကားပြောနိုင်ပြီပေါ့'

'အင်း... ပြောနိုင်ပါပြီ'

လိုရှောက်ဖုန်က ပြန်ဖြေလိုက်သည်။ သူ၏နားထဲတွင် မိန်းမပျို၏အသံက စူး၍ ဩဇာတိက္ကမကြီးသော အသံမျိုးဟု နားလည်လိုက်သည်။ ထိုသို့ နားလည်လိုက်သည်နှင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရလေတော့သည်။



ကာမင်တန်ကျွန်းတွင် နာမည်ကြီးလှသော နတ်မိမယ်ဆိုသည့် ဒုစရိုက်ဂိုဏ်းချုပ်ကြီး ဖြစ်ပေလိမ့်မည်။ တကယ့်ကကယ် သူနှင့်တွေ့ရခြင်းမဟုတ်။ အလွန်ကြောက်စရာကောင်းလှသော အန္တရာယ်တွင်းထဲသို့ ကျရောက်သွားခြင်း ဖြစ်ကြောင်း သတိထားလိုက်မိလေတော့သည်။

'ဘယ်လိုဖြစ်ရတာလဲ၊ ရှင်တို့ကျားလက်ဝါးဂိုဏ်းရဲ့သင်္ဘောမှာ ရန်သူတွေလိုက်လာပြီး လုယူတာခံလိုက်ရပြီမို့လား'

နတ်မိမယ်က လုရှောက်ဖုန်ကို ကျားလက်ဝါးဂိုဏ်းမှဂိုဏ်းသားတစ်ဦးဟု ထင်မှတ်သွားလေပြီ။ လုရှောက်ဖုန်က ချော်လဲရောထိုင်ရှုံသာရှိတော့သည်။

'ဒီလိုပါ ဂိုဏ်းချုပ်ကြီးသွားတဲ့ မင်္ဂလာညွှန့်ခံပွဲမှာ ရန်စဖြစ်ခဲ့ပါတယ်၊ အဲ့ဒီလူတွေက လျှို့ဝှက်လိုက်လာပြီး သင်္ဘောကို လုတာပါပဲ'

'ရှင်တို့အဖွဲ့ ဘယ်နှစ်ယောက် ကျန်သေးလဲ'

နတ်မိမယ်က စူးစမ်းဟန်မျိုးဖြင့် မေးလိုက်လေသည်။

'ကျွန်တော်တို့အဖွဲ့က ကျွန်တော်တစ်ယောက်တည်းပဲ ကျန်ပါတော့တယ်'

လုရှောက်ဖုန်ဖြေသံကိုကြားသည်နှင့် နတ်မိမယ်၏ ရယ်မောသံ ပေါ်လာတော့သည်။

'ရှင်ကလည်း စကားကို အလိုက်အထိုက် ပြောတတ်အားကိုး၊ ခစ်...ခစ်...ခစ် ကျွန်မက ရှစ်ဒီလိုပဲဖြေမယ်ထင်လို့မေးကြည့်တာ၊ ပင်လယ်ထဲမှာ ဒီလောက်ကျောအောင် ကူးခတ်နိုင်ကတည်းက ရှင်ဟာ လှေရှောက်ဖုန့်ဖြစ်လိမ့်မယ်လို့ ကျွန်မထင်ပြီးသား၊ ကဲပါ...ရှင့်မျက်နှာက မျက်နှာဖုံးကို ခွာလိုက်စမ်းပါ'

လှေရှောက်ဖုန့်မှာ စကားဆက်မပြောနိုင်တဲ ငြိမ်သက်သွားသည်။ သူသည် အခြေအနေတစ်ရပ်ကို ဖန်တီးနိုင်ပြီဟုထင်ပြီးဆာမှ သိထဲရေသွန်ဖြစ်သွားရပြီ

'ဟုတ်ပါတယ်၊ ကျုပ် လှေရှောက်ဖုန့်ပါ'

လှေရှောက်ဖုန့်က မျက်နှာဖုံးကို မချွတ်သေးဘဲ လေသံတွင်ဆိုင်ဟာ အံ့ဩသံဖြင့် ပြန်အဖြေပေးလိုက်သည်။

'အင်းလေ ဒီလိုပဲ ဖြစ်ရမှာပေါ့ ရှင်တို့မို့ လို့ပဲ ကျွဲ့လက်ပါးဂိုဏ်းတစ်ဖွဲ့လုံးကို အနိုင်တိုက်နိုင်တာပေါ့၊ ရှင် တာမင်တန်ကျွန်းကို ရောက်လာလိမ့်မယ်ဆိုတာ ကျွန်မ တွက်ပြီးသားပါ'

နတ်မိမယ်က လှေရှောက်ဖုန့်၏ အစီအစဉ်ကို သိနေကြောင်း ပြောဆိုလိုက်သည်။

'ကျုပ်က တာမင်တန်ကျွန်းကိုလာဖို့ ဘာလို့ စီစဉ်ရမှာလဲ'

လှေရှောက်ဖုန့်က ပြန်မေးလိုက်၏။



'ကြော်...ထန်ချူရင်းက ရှင့်ရဲ့ကောင်မလေးသုံးယောက်ကို ကျွန်မဆီဖမ်း ခေါ်လာခဲ့တာကိုး၊ ဒါပေါ့နော လူဟာ သေမယ်ဆိုတာ ကျိန်းသေသိတဲ့ နေရာပေမယ့် သသင့်ရင်တော့ လာရမှာပေါ့'

'ကျုပ်က အဲဒီသူ့ ကိုမှ ရန်မူဖို့မရည်ရွယ်ပါဘူး'

လှေရှောက်ဖုန့်က ခပ်အေးအေး ပြန်ပြောသံကြောင့် နတ်မိမယ်က ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ရှင့်ရဲ့စကားပြောပုံကို ကြည့်ကတည်းက ရှင်ဟာ အာဏာဆို ဖြောင့်ဖြောင့်မတ်မတ်လုပ်မယ့်လူဆိုတာ သိကျွန်မလည်း ရှင်နဲ့တွေ့ချင်နေတာနဲ့ အတော်ပဲပေါ့'

'ဘာဖြစ်လို့ ကျုပ်နဲ့တွေ့ချင်ရတာလဲ'

'ကျွန်မမှာ ကိစ္စတစ်ခုရှိလို့ပါ၊ အဲဒီကိစ္စက ရှင့်လိုလူမျိုးနဲ့မှ ဖြစ်မှာပဲ၊ တကယ်လို့ ရှင်အဲဒီကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်မယ်ဆိုရင် ရှင့်ရဲ့ကောင်မလေးသုံးယောက်ကို ကျွန်မ ပြန်လွှတ်ပေးပါမယ်'

'ဘယ်လိုကိစ္စလည်းဆိုတာ ပြောဦးမှပေါ့'

'အင်း အဲဒီအကြောင်းကိုတော့ ကျွန်မရဲ့စခန်းကိုရောက်မှပဲ ပြောပါမယ်၊ မတရားတဲ့ အလုပ်တော့လည်း မဟုတ်ပါဘူး'

နတ်မိမယ်က ခပ်အေးအေး လေသံဖြင့် ရှင်းပြလိုက်လေသည်။ ဒုစရိုက်ဂိုဏ်းချုပ်တစ်ဦးက မတရားသည့်အလုပ်မလုပ်ပါဟုဆိုသောကြောင့် လှေရှောက်ဖုန့်မှာ ယုံရခက်ခဲသွားလေသည်။

ထန်ချူရှင်းသည် စုံယုံယုံတို့ကို နတ်မိမယ်ထံသို့ ပို့ဆောင်သွားခြင်းပင်ဖြစ်သည်။ နတ်မိမယ်က ထန်ချူရှင်းက ကောင်းမွန်စွာ စေနတ်ထိုင်တတ်သော မိန်းမပျိုသုံးယောက်ရှာဖွေရန် တာဝန်ပေးခဲ့သည်။ ထိုတာဝန်အရ စုံယုံယုံတို့ကို တာမင်တန်ကျွန်းသို့ ခေါ်ဆောင်သွားပြီး နတ်မိမယ်ထံသို့ ပို့လိုက်ခြင်းပင် ဖြစ်လေသည်။

ယခုတော့ လိုရှောက်ဖုန့်သည် တာဝန်တစ်ရပ်ကို ဆောင်ရွက်၍ စုံယုံယုံတို့လွတ်မြောက်ဖို့ကို ဆောင်ရွက်ရပေတော့မည်။ နတ်မိမယ်ခိုင်းစေသည့်ကိစ္စကလည်း လွယ်လွယ်ကူကူကိစ္စတော့ မဖြစ်နိုင်ဟု တွေးဆပြီးသား ဖြစ်လေသည်။

....၀....

## အခန်း ( ၃၇ )

တာမင်တန်ကျွန်းတွင် သဘာဝအလျောက် လိုဏ်ဂူကြီးတစ်ခုရှိ၏။ ထိုကျောက်လိုဏ်ဂူကြီးမှာ မြေပြင်မှ ပေငါးဆယ်ခန့် တက်သွားပြီးမှ ဂူပေါက်ဝသို့ ရောက်သည်။ မြေပြင်မှ ကျောက်ချပ်သားကြီး ထောင်ထားသကဲ့သို့ မတ်စောက်သော ကျောက်တောင်တွင် သဘာဝကဖြစ်ပေါ်နေသော ဂူကြီးဖြစ်သောကြောင့် အလွန်လုံခြုံ စိတ်ချရလေသည်။

ဂူထဲသို့ဝင်သွားလျှင် အဝင်အဝ၌ ပေတစ်ရာခန့်မျှ ကျယ်သော ညီညွှတ်ပြေပြစ်သည့် အုတ်ခွတင်းပိုင်းသို့ ရောက်သည်။ ထိုဂူဝကျယ်ကြီးတွင် လိုဏ်ပေါက်သုံးပေါက်တိတိရှိ၏။ လိုဏ်ပေါက်များတွင် လူသုံးယောက်လျှောက်စရာ ကျယ်ဝန်းပြီး အမြင့်မှာ အချို့နေရာတွင် ဆယ်ပေခန့်ရှိ၍ အချို့နေရာတွင် ခြောက်ပေ ငါးပေခန့်သာရှိ၏။

ထူးဆန်းသော ဂူကြီးထဲတွင် နတ်မိမယ် သည်းအသောင် ပန္တည်းအမျိုးမျိုးကို စီစဉ်ထား၍ နေရျင်ရာ ရဲတိုက်သဖွယ် ဖြစ်နေလေ၏။ ဂူအတွင်းပိုင်းနေရာများတွင် အခန်းငယ်လေးများ ဖွဲ့ထား၏။ ထိုအခန်းများတွင် ခိုင်ခံ့သော သံတိုင်များ ကာရံတပ်ဆင်ထားလေသည်။

အဝင်အဝဂူပေါက်သို့ ရောက်အောင် မှော်စောက်သော ကျောက်ဆောင်အတိုင်း ကြိုးလှေကားကို ချထား၍သာ ဂူရှိရာသို့ တက်ရောက်နိုင်ခြင်း ဖြစ်ပေသည်။ ဘာကာလဲဆိုတော့ နတ်မိမယ်သည် ဘာမင်ထန်ကျွန်းကောင်ပိုင်းရှိ ဒုစရိုက်သမားများကို အုပ်ချုပ်မိုင်စိုးသော ဘခင်မတစ်ဦးပင်ဖြစ်လေသည်။

သူ၏မျက်ဂူထဲတွင် ယောကျ်ားသားဟူ၍ သစ်ဦးတစ်ယောက်မျှပင် မတွေ့ရှိရပေ။ လုံရှောက်ဖုန်းကို ဂူဝကျယ်ကြီးထဲရှိ ဧည့်ခန်း၌ နေရာချထားပေးသည်။ စားစရာ စပျစ်သီးနှင့် ပန်းသီးများကို အသင့်ပြင်ပေးလိုက်လေသည်။

'ကဲပါ၊ ရှင့်ရဲ့မျက်နှာကို ကြည့်အောင် မျက်နှာဖုံးကို ခဏလောက်ချွတ်လိုက်ပါဦး'

ဧည့်ခန်းထဲတွင် နှစ်ဦးတည်းရှိခဲ့မှာပင် နတ်မိမယ်က လုံရှောက်ဖုန်းကို ပြောလိုက်သည်။

'ကျွန်တော့်မျက်နှာက ဘာမှ တော့ အဆိပ်မထူးခြားပါဘူးဗျာ'

လုံရှောက်ဖုန်းက ပြောပြောဆိုဆို သူ၏မျက်နှာဖုံးကို ခွာချလိုက်သည်။ နတ်မိမယ်သည် လုံရှောက်ဖုန်း၏ မျက်နှာကို စူးစိုက်စွာကြည့်ရင်း ပြုံးယောင်သမ်းလာသည်။



'အင်း ရှင်က မျက်ခုံးလေး ရှင်ဆိုတဲ့ နာမည်အတိုင်း၊ ရှင့်နှုတ်ခမ်းမွေးနဲ့ မျက်ခုံးမွေးက ဘည်ခပ်တာကိုး၊ ရှင့်လို ခံ့ညားတဲ့ယောကျ်ားမျိုးကို ကျွန်မ တစ်ခါမှ မတွေ့ဘူးသေးသေးဘူး'

နတ်မိမယ်ထံ သူ့ကိုချီးမွမ်းခန်းဖွင့်လိုက်၍ လုံရှောက်ဖုန်းမှာ မျက်နှာအထားရခက်သွားသည်။

'ဒီလောက်လည်း မဟုတ်ပါဘူး၊ ခင်ဗျားကလည်း တခြား မိန်းကလေးတွေထက်စာရင်တော့ အဆပေါင်းများစွာ ပိုချောတဲ့ မိန်းမတစ်ဦးပါပဲ'

'ရှင်'

လုံရှောက်ဖုန်း၏စကားကြောင့် နတ်မိမယ်၏ မျက်နှာမှာ ရှက်သွေးဖျန်းသွားလေသည်။

'ရှင်က ကျွန်မကို ဒီလိုပြောက်ပြောတော့ ကျွန်မက ရှင်ကိုက်ကတ်တဲ့ အရက်အိုးနဲ့ပြုစုရမှာပေါ့'

နတ်မိမယ်က လက်ခုပ်တစ်ချက် တီးလိုက်လေသည်။ အသယ်ရှိဂူပေါက်ဝထဲမှ မိန်းမပျိုတစ်ဦး ထွက်လာသည်။

'အရက်တစ်အိုးနဲ့ စားစရာတွေယူခဲ့ပါ'

'ဟုတ်ကဲ့ မမ'

ခေါင်းငုံ့ကာ တရိုတသေပြောလိုက်သော မိန်းမပျိုကိုတွေ့ရသောအခါတွင် လုံရှောက်ဖုန်းမှာ ရှက်တရက် လှမ်းခေါ်လိုက်မိသည်။

'စုယုံယုံ'

စုယုံယုံက လိုရှောက်ဖုန့်၏ခေါ်သံကြောင့် ခေါင်းကိုမော့ကြည့်သည်။ သို့သော် စုယုံယုံ၏ မျက်လုံးတို့မှာ အားနည်းဖျော့တော့နေသည်။ တစ်စုံတစ်ရာကို ကြောက်ရွံ့သော လက္ခဏာများလည်း ကြီးစိုးနေသည်။

'စုယုံယုံ ဒီကိုလာပါဦး'

လိုရှောက်ဖုန့် လှမ်းခေါ်သည်။ သို့သော်လည်း စုယုံယုံ၏ ခြေလှမ်းတို့က တစ်လှမ်းမျှ ရှေ့သို့တိုးမလာခဲ့ပေ။

လိုရှောက်ဖုန့်ကို တွေ့ရ၍သည်း ထူးခြား အားတက်သော အသွင်အပြင်မျိုး စုယုံယုံတွင်မတွေ့ရ။

'သူ့တာဝန်ကို သူလုပ်ပါစေ လိုရှောက်ဖုန့်၊ ရှင် ကျွန်မပြောတဲ့ကိစ္စကို ဆောင်ရွက်ပြီးတဲ့ အခါကျတော့ သူတို့ ရှင့်စကားကို ပြန်နားထောင်နိုင်ပါလိမ့်မယ်'

လိုရှောက်ဖုန့် မည်သို့မျှမပြောတော့။ သို့သော် စိတ်ထဲမှာတော့ ဝမ်းနည်းအားငယ်လာမိသည်။ အမှန်ပင်။ စုယုံယုံ တို့ကို နတ်မိမယ်က သူမ၏ အစေအပါးအဖြစ် အသုံးချထားသည်မှာ သေချာပေပြီ။

စုယုံယုံသည် လေးကန်သောခြေလှမ်းများဖြင့် သူမထွက်လာသော လိုဏ်ဂူလေးထဲအတိုင်း ပြန်၍ ဝင်ရောက်သွားခဲ့ပြီ ဖြစ်လေသည်။

'ရှင်ဘာမှပူမနေပါနဲ့ လိုရှောက်ဖုန့်၊ သူတို့ဟာ အခုမတော့ ယဉ်ကျေးသိမ်မွေ့တဲ့ မိန်းကလေးတွေ ဖြစ်နေပါပြီ'



'ခင်ဗျား သူတို့ကို အဆိပ်ကျွေးထားသလား'

'အင်း...ကျွန်မ လိုအပ်သလောက်တော့ လိုပ်ထားပါတယ်၊ အဆိပ်တော့ ကျွေးမထားပါဘူးရှင်၊ သူတို့ဟာ ဒီဂူထဲရောက်တာနဲ့ အသွင်ပြောင်းသွားတာပါပဲ'

လိုရှောက်ဖုန့်သည် ဂူထဲတွင် သင်းပျံ့သော ရနံ့တစ်မျိုး ကြိုင်လှိုင်နေသည်ကို သတိထားမိသည်။

နတ်မိမယ်သည် လိုရှောက်ဖုန့်ရှေ့၌ထိုင်ကာ ခပ်အေးအေး အမူအရာဖြင့်ကြည့်နေ၏။ သူမသည် အစိမ်းရောင် ကိုယ်ကြပ်အင်္ကျီနှင့် ခါးစည်းကြိုးပါသော ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသည်။

သူမ၏ခန္ဓာကိုယ်မှာ ကြော့ရှင်းလှသည်။ မျက်နှာမှာ ပန်းနုရောင်လွှမ်းနေပြီး အထူးသဖြင့် မျက်လုံးများက စူးရဲသောက်ပ၍ ဆွဲဆောင်မှုရှိလှပေသည်။ နတ်မိမယ်၏မျက်လုံးအောက်တွင်ရှိသော အရစ်များကြောင့် အသက်ငယ်လှသူ တစ်ဦးမဟုတ်ကြောင်း ရိပ်မိနိုင်သည်။

သို့သော် ဆေးဝါးအတတ်ပညာ ကျွမ်းကျင်လှ၍ နတ်မိမယ်၏ကိုယ်ခန္ဓာမှာ ဆယ့်ရှစ်နှစ်အရွယ် မိန်းမပျိုလေးလိုလှပနေလေသည်။ မျက်လုံးများက သူ့အလိုလိုပင် ပြုံးလဲ့လဲ့ အသွင်မျိုးကိုဆောင်နေသည်မှာ သာမန်မိန်းကလေးများတွင်ရှိသောအလှထက် သာလွန်နေလေသည်။

မကြာမီ စုယု ယု သည် အရက်အိုးတစ်လုံးကို ယူဆောင်ကာ လာ၍ချပေးသည်။ စုယု ယု ၏နောက်တွင် မိန်းကလေး နှစ်ယောက် အငွေ့တထောင်းထောင်း ထနေသော ခေါက်ဆွဲကြော်ပန်းကန်နှင့် ကြက်သားကြော် ပန်းကန်တို့ကို ယူဆောင်လာကြသည်။

ခေါက်ဆွဲကြော်ပန်းကန်ကို ယူဆောင်လာသူမှာ ဟန်ရှူး ဖြစ်နေ၍ ကြက်သားကြော် ပန်းကန်ကို ယူဆောင်လာသူမှာ အန်းကော့ဖြစ်သည်။ လုံရှောက်ဖုန်းက သူတို့သုံးဦးမျက်နှာကို တစ်လှည့်စီကြည့်လိုက်သည်။

မည်သူ၏အမူအရာမျှ ထူးခြားမှုမဖြစ်ပါ။ ယခင်က သွက်လက်စွာ စကားပြောတတ်သော အန်းကော့ပင် ယခုတော့ မျက်လွှာချနှုတ်ဆိတ်နေလေသည်။

လုံရှောက်ဖုန်း နားလည်လိုက်ပါပြီ။ စုယု ယု တို့ သုံးဦးလုံး ဆေးတစ်မျိုးမျိုးမိထားခြင်း ဖြစ်ပေလိမ့်မည်။ ယခုအချိန်တွင် ထိုကိစ္စကို အခြေအတင်မပြောနေ၍လည်း အကျိုးထူးမည်မဟုတ်။ စုယု ယု တို့ ပြန်ဝင်သွားသည်အထိ လုံရှောက်ဖုန်းက မျက်တောင်မခတ်တမ်း ကြည့်နေ၏။

သူ့ရင်ထဲမှာလည်း ဆို့နင့်နေသည်။ သူနှင့်ခင်မင်ရင်းနှီးသော မိန်းမပျိုသုံးယောက်လုံးမှာ နတ်မိမယ်၏ကျေးကျွန်ဘဝသို့ ရောက်ရှိနေ၏။



'အင်း... ငါပြောရရင် နတ်မိမယ်ရဲ့ အစေအပါးများ ဖြစ်သွားမလား မသိဘူး'

လုံရှောက်ဖုန်းက အားငယ်စွာ တွေးတောလိုက်မိပြန်၏။ လုံရှောက်ဖုန်းက အငွေ့တထောင်းထောင်း ထနေသော စားစရာများကိုကြည့်ရင်း စားချင်စိတ်မရှိလောက်အောင်ပင် ဖြစ်နေ၏။

'ရှင်တော်တော်စိတ်မကောင်း ဖြစ်နေသလား လုံရှောက်ဖုန်း'

နတ်မိမယ်က လုံရှောက်ဖုန်း၏အမူအရာကို အကဲခတ်မိဟန်ဖြင့် ပြောလိုက်သည်။

'ခင်ဗျားဟာ တော်တော် ကြောက်စရာကောင်းတဲ့ မိန်းမ တစ်ယောက်ပဲ'

'ဘာရှင့်'

'ဟုတ်တယ်၊ ခင်ဗျားဟာ သိပ်လည်းရက်စက်၊ ပြီးတော့ သိပ်အနိုင်ကျင့်တတ်တဲ့ မိန်းမပဲ'

လုံရှောက်ဖုန်း၏ စကားကြောင့် နတ်မိမယ်က အသံထွက်အောင် ခစ်ခနဲရယ်လိုက်လေသည်။

'ရှင်က ဘာလို့ ကျွန်မကို ဒီလောက် ချီးမွမ်းနေရတာလဲ၊ ကျွန်မ ရှင့်ကို ဘာမှလည်း ဒုက္ခမပေးရသေးပါလား'

နတ်မိမယ်က ချိုသာသောအသံလေးဖြင့် ပြုံး၍ပြောလာသည်။ လုံရှောက်ဖုန်းသည် ယခုအထိ အစားအစာကို တစ်စက်မှ မတို့သေးပါ။

'ကဲပါရှင်….ဒီစားစရာတွေထဲမှာ ကျွန်မ ဘာအဆိပ်မှ ခတ်မထားပါဘူး၊ ရှင်ယုံအောင် ကျွန်မ တစ်ခုချင်း စားပြပါ့မယ်နော်'

နုပ်မိမယ်က ရှေ့တွင်ချထားသော စားစရာများကို တစ်ခုချင်း မြည်းပြနေလည်း၊ အရက်ကိုပါ ပါးစပ်ထဲသို့ ထည့်၍ ငုံပြီးမျိုချပြ၏။

'ကဲ.. ရှင်ယုံပြီလား'

လုံရှောက်ဖုန် က ထိုသို့ ပြုလုပ်ပြသည့်အထိပင် အစားအသောက်များကို စတင်၍မစားသေးပေ။

'ရှင် ထွစ်နေလုံးပင်ပန်းလာတာပဲ၊ စားလိုက်ပ'

'ခင်ဗျား ကျွန်တော့်ကို ဆောင်ရွက်ခိုင်းမယ့် တာဝန်ကို သာ ပြောပါ'

လုံရှောက်ဖုန် က ယုံယုံ ယုံ တို့ကို ကယ်တင်လိုသောကြောင့် အလျင်စလို သူဆောင်ရွက်ရမည့်ကိစ္စကို မေးလိုက်သည်။

'ကဲပါ…စားရင်းသောက်ရင်း ပြောကြတာပေါ့ရှင်၊ ရှင် ဆောင်ရွက်ရမယ့်ကိစ္စက သိပ်တော့ ခက်ခက်ခဲခဲမဟုတ်ပါဘူး၊ ဒီတာမင်တန်ကျွန်းပေါ်မှာ ရောက်နေတဲ့ နဂါးအမောက် ကျောက်စိမ်းပြားကို ကျွန်မဆီရောက်အောင် လုပ်ပေးဖို့ပဲ'

'နဂါးအမောက်ကျောက်စိမ်းပြား ဟုတ်လား'

'ဟုတ်တယ်….အဲ့ဒီ ကျောက်စိမ်းပြားကို စီကျုံးပြည်နယ်ကနေ ကျောက်မီချောင်းအဖွဲ့ကလူတွေ သယ်လာကြတယ်၊ ပြီးတော့ ဒီကျွန်းပေါ်မှာ ကျောက်မီချောင်းအဖွဲ့နဲ့ ကျား



ငါးကောင်အဖွဲ့တို့ ရှုပ်ရှုပ်ထွေးထွေး တိုက်ပွဲ ဖြစ်သွားတယ်၊ လူရေး ငါးယောက် သစ္စာဖောက်သွားတယ် ဆိုပါတော့၊ ပြီးတော့ ကျောက်စိမ်းပြားဟာ ပျောက်သွားတယ်ရှင့်၊ ဒါပေမယ့်….'

နုတ်မိမယ်က စကားကိုရပ်ထားလိုက်ပြီးနောက် အရက်အိုးထဲမှ အရက်ကို လုံရှောက်ဖုန့်ရှေ့ရှိ ကျောက်စိမ်းဖန်ခွက်ထဲသို့ ငှဲ့ထည့်ပေးလိုက်သည်။

သည်တစ်ခါတော့ လုံရှောက်ဖုန် က ငြင်းဆန်ခြင်းမပြုတော့ဘဲ အရက်ခွက်ထဲမှအရက်ကို မော့သောက်ပစ်လိုက်လေသည်။ ရင်ထဲတွင် နွေးခနဲဖြစ်သွား၏။

'စကားဆက်ပါဦး'

'အဲ့ဒီတော့ သူတို့တွေက တာမင်တန်ကျွန်းမှာ တံဆိပ်အမှတ်အသားတစ်ခု လုပ်တယ်၊ အဲ့ဒီတံဆိပ်ဟာ စီချုံးပြည်နယ်ကို အသွားအပြန်လုပ်နေတဲ့လူတွေရဲ့ အသိအမှတ်ပြု အမှတ်အသားအဖြစ် ကိုင်ဆောင်ဖို့ အဲ့ဒီတံဆိပ်နဲ့ ကျောက်စိမ်းပြားဟာ ဆက်နွယ်နေတယ်'

လုံရှောက်ဖုန့်က ရိပ်မိလိုက်ပါသည်။ သူသည် သူ့ခါးကြားတွင် သိမ်းထားသော အလံကဲ့သို့ သုံးမြောင့်အဝတ်စလေးကို ထုတ်ယူကာ ဖြန့်ပြလိုက်သည်။

'ဒါလေးမဟုတ်လား'

'ဟင်... ဟုတ်တာပေါ့၊ ရှင်က ဒါကို အမှတ်အသားအဖြစ် သုံးပြီးတော့ လျှို့ဝှက်သင်္ကေတပေါ်ကို တက်ခဲ့တာ မဟုတ်လား'

'ဟုတ်တယ်'

'အဲဒီအမှတ်အသားကို ရှင်များဖော်နိုင်မလား မဖော်ဘူး'

လိုရှောက်ဖုန်က ခေါင်းညိတ်လိုက်သည်၊ သူသည် ဆာဆာဖြင့် ယခုအခါ ခေါက်ချိုးကြောင်းနှင့် ကြက်သားကြော်များကို ပလုတ်ပလောင်းစားနေပြီဖြစ်ပါသည်။

'ဒီကျောက်စိမ်းဖြူအတွက် လူတွေလည်း အများကြီးသေခဲ့တယ် လိုရှောက်ဖုန်၊ ဒါပေမယ့် ကျွန်မကတော့ ဒီပစ္စည်းကို သိပ်စွဲလမ်းနေတယ်ရှင်'

လိုရှောက်ဖုန်ကတော့ သူပြန်ထားသည့် အစက်စလေးကို သာ တစိမ့်စိမ့်ကြည့်နေသည်။ ပြီးတော့မှ သူ့ခေါင်းကို တစ်ချက်ညိတ်လိုက်၏။

'ဒီကျောက်စိမ်းဖြူလေး ပြန်ပြီးပေါ်လာမယ့် အချိန်ကိုတော့ ကျုပ်ခန့်မှန်းလို့ရပြီ'

လိုရှောက်ဖုန်၏စကားကြောင့် နတ်မိမယ်၏ မျက်နှာမှာ ဝင်းလက်သွားသည်။

'ဟင်... ရှင်တကယ်ပြောနေတာလား'

'ကျုပ် အချိန်ကိုတော့ အတိအကျသိပါပြီ၊ ဒါပေမယ့် နေရာကိုတော့ ဘာမင်တန်ကျွန်းဆိုတော့ ဒီနေရာကိုတော့ ခင်ဗျားပဲသိလိမ့်မယ်'

'ဘယ်လိုသိနိုင်မှာလဲရှင့်'



အခိုပ္ပာယ်နားမလည်ဟန်ဖြင့် နတ်မိမယ်က လိုရှောက်ဖုန်ကို ပြန်မေးသည်။

'အဲဒီနေရာကို ကျုပ်ကိုယ်တိုင်မသိပေမယ့် နေရာကိုဖော်နိုင်မယ့် အမှတ်လက္ခဏာကိုတော့ ပြောပြနိုင်ပါတယ်'

'အင်း... ရှင်ပြောကြည့်ပါဦး'

'ဒီဘာမင်တန်ကျွန်းမှာ အထိမ်းအမှတ်ပွဲတွေ လုပ်တဲ့နေရာ ရှိလား'

'ရှိတာပေါ့ရှင့်၊ ကျွန်းရဲ့တောင်ဘက်ပိုင်းက မဏ်မန်းပင်ရဲ့ ပတ်ပတ်လည်မှာ'

လိုရှောက်ဖုန်က အစက်စလေးကို ဖျက်ခဲ့ လက်ဖြင့်ရိုက်ချလိုက်သည်။

'ဟုတ်ပြီ၊ အဲဒီနေရာမှာပဲ၊ ဒီမှာကြည့်လား၊ သစ်ပင်အမြင့်ကြီး၊ အဲဒီအောက်က အလယ်လေးက အထိမ်းအမှတ်ပွဲလုပ်တဲ့ လက္ခဏာပေါ့'

'ရှင်သိပ်တော်တာပဲ လိုရှောက်ဖုန်၊ ဒါကြောင့် မျက်ခုံးလေးခုရှင်လို့ နာမည်ကြီးတာပဲ'

လိုရှောက်ဖုန်က တယူယားယားအော်ရယ်ရင်း ခွာက်ထပ် အရက်တစ်ခွက်ကို ထပ်၍မော့သောက်လိုက်လေသည်။

'အင်း ကျောက်စိမ်းဖြူအကြောင်းသာ ခင်ဗျားကတိတည်ဖို့ အရေးကြီးပါတယ်'

'ကျွန်မက ဒုစရိုက်လုပ်ငန်းလုပ်တဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ပေမယ့် ကတိတော့ တည်ပါတယ်ရှင့်၊ ဒါနဲ့ ဘယ်အချိန်မှာ ကျောက်စိမ်းဖြူကို သူတို့လာယူမှာလဲ'

'သူတို့လာယူမယ့်ရက်က ဒါးလှပိုင်း ငါးရက်နေ့မှာပဲ၊ အဲဒီနေ့ရဲ့လကာ ဆည်ပင်ထိပ်မှာ ရောက်တဲ့အချိန်မှာ ကျောက်စိမ်းပြားကို သူတို့ အဲဒီနေရာမှာ လာပြီး ဖော်ကြလိမ့်မယ်'

'ဒါဆိုရင်တော့ ကျောက်စိမ်းပြားကိုရအောင် သူတို့လက်ထဲက တိုက်ခိုက်ယူရမှာပေါ့၊ ကျွန်မလည်း တစ်ဖက်တစ်လမ်းက ကူညီပါမယ်၊ ကျွန်မပါ လိုက်ခဲ့မယ်ရှင်'

'အို... သိပ်ကောင်းတာပေါ့၊ စုံယုံယုံ တို့ကိုပါ တစ်ပါတည်း ခေါ်သွားနိုင်ရင် ပိုကောင်းတာပေါ့'

....ာ....

## အခန်း (၃၈)

ငါးလပိုင်း ငါးရက်နေ့....

လှရှောက်ဖိုန့်က အိပ်ရာမှမနိုးမီမှာပင် စုံယုံယုံ ဟုန်ရှူးနှင့် အန်းကေသွတို့က လှိရှောက်ဖုန့်၏အိပ်ရာ ကျောက်ခု အတွင်းခန်းလေးထဲသို့ ရောက်ရှိနေကြသည်။

'အင်း...သူ ခုထိမနိုးသေးဘူး'

စုံယုံယုံက ခပ်တိုးတိုးပြောလိုက်လေသည်။

'မနော်မိမယ်တာ သူ့ကို အစားကောင်းတွေ နေ့တိုင်းကျွေးထားလို့ထင်တယ်'

စုံယုံယုံဘေးတွင် ထိုင်နေသော ဟုန်ရှူးက မှတ်ချက်ချလိုက်သည်။

'မမနတ်မိမယ်ကိုကြည့်ရတာ သူ့ကို ချွဲလမ်းနေသလိုပဲ မမယုံ မမယုံတော့ တော်ကြာရင် သူ့ကို လက်လွှတ်ရလိမ့်မယ် ထင်တယ်'

'အို...သူက ကြိုက်ဦးမှပါ'

စုယုံယုံက ခပ်တိုးတိုး ပြောနေသည်။ ကျောက်ခုံယင်ပေါ်တွင်တော့ လက်ပေါ်တွင်မှောက်ကာ လုံရှောက်ဖုံနီက အိပ်မောကျနေ၏။ အန်းကေ့ာ၏စကားကို စုယုံယုံက ကန့်ကွက်လိုက်သကိုကို ဟုန်ရှူးက လက်မှုခံမေပ။

'အို…ယောကျ်ားတွေဟာ ဖိုချောတဲ့မိန်းကလေးကို အရင်တွေ့တဲ့မိန်းကလေးထက် ကြိုက်သွားတတ်ကြတာ သဘာဝပါမမယ'

'လုံရှောက်ဖုံနီ့ကတော့ အဲ့ဒီလိုမဟုတ်ဘူး'

'ဟင်'

လုံရှောက်ဖုံနီ၏အသံကြောင့် စုယုံယုံတို့ ပါးစပ်များကို ပိတ်ကာ ရယ်လိုက်ကြသည်။ အကယ်တော့ သူတို့ အခန်းထဲသို့ ဝင်လာသည့်အချိန်ကပင် လုံရှောက်ဖုံနီက နိုးနေခြင်းဖြစ်သည်။ အိပ်ချင်ဟန်ဆောင်ကာ မိန်းကလေးများ ပြောသောစကားကိုနားထောင်နေခြင်းဖြစ်သည်။

ငါးလပိုင်း ငါးရက်နေ့ညတွင် သူတို့သည် နဂါးအမောက်ကျောက်စိမ်းပြားအတွက် တိုက်ပွဲဝင်ရန်ရှိသောကြောင့် စုယုံယုံတို့ကို ဖြေဆေးပေးကာ လုံရှောက်ဖုံနီနှင့် တွေ့ခွင့်ပြုထားခြင်း ဖြစ်လေသည်။

ယခုမှ စုယုံယုံတို့မှာ နတ်မိမယ်ကို ကြောက်စိတ်ပြေသွားပြီး ပင်ကိုစိတ်သဘောလားများ ပြန်ရလာခြင်းပင် ဖြစ်လေသည်။

'ဘယ်လိုလဲ၊ ခုတော့လည်း စကားတွေဘာတွေ ပြောလို့ဟိုနေ့တွေကတော့ တွေ့တာတောမ နှုတ်မဆက်ပါလား'



လုံရှောက်ဖုံနီက အိပ်ရာမှလူးလဲထရင်း စုယုံယုံကို ပြောလိုက်သည်။

'မမစုယုံယုံတင်မဟုတ်ဘူး၊ ကျွန်မတို့လည်း ကြောက်စိတ်တွေဝင်ပြီးတော့ မမနတ်မိမယ်ကလွဲရင် ဘယ်သူ့မှ စကားနားမထောင်ရဲဘူး'

အန်းကေ့ာက ပြောလိုက်ခြင်းဖြစ်ပါသည်။

'ဟင်…ဒါဆိုရင် သူ့အဆိုး သိပ်ပြင်းတာပေါ့ ဟုတ်လား'

'ဟုတ်တယ်ရှင့်၊ ကျွန်မတို့က အိပ်တနေ့ စားတာကလွဲရင် ဘာစကားမှပြောချင်စိတ်ကိုမရှိတာ အမှန်ပဲ'

'အင်း…နတ်မိမယ်ဟာ တော်တော် ကြောက်စရာကောင်းတဲ့ မိန်းမပဲနော်'

'ကဲ…ယုံယုံရေ အဆိုပ်ဖြေဆေးလေး ဘာလေးအပိုရှိရင် သိမ်းထားဦးနော်'

'စိတ်ချ…ရှင်မမှာခင်ကတည်းက ဒီအလုပ်ကို ကျွန်မက လုပ်ပြီးသားပါ'

စုယုံယုံ နှင့်လုရှောက်ဖုန့် စကားပြောနေစဉ်မှာပင် နတ်မိမယ်က အခန်းထဲသို့ရောက်လာသည်။

'ဘာယ်လိုလဲ၊ ရှင်တို့က တပျော်တပါး စကားလက်ဆုံကျနေသလား၊ ကျွန်မလည်း ရှင်တို့နဲ့အတူတူ ဒီနေ့ မနက်စာ စားမယ်'

'ဟာ... ကောင်းတာပေါ့'

ထမင်းစားမည့် အခန်းရှိရာသို့ နတ်မိမယ်က သူတို့ သုံးယောက်ကို ဦးဆောင်ခေါ်ဝင်သွားလေသည်။ လှရှောက်ဖိုန့်သည် သူခင်မင်သော မိန်းမများကို အကောင်းပကတိအတိုင်း မြင်တွေ့ရသည့်အဖြစ် လွှတ်မြောက်ရန် လမ်းစပေါ်ရရှိ၍ ဝမ်းမြောက်နေသည်။

သို့သော် နဂါးအမောက်ကျောက်စိမ်းပြားရရှိရန်ကိစ္စမှာ သိပ်မလွယ်ကူကြောင်း တွေးမိ၏။ သို့ရာတွင် ဤသို့အခက်အခဲများကို တွေ့ကြုံရခြင်းသည်ပင် သူ့ဘဝအတွက် အချင်း ပြေစရာဖြစ်သည်ဟု လှရှောက်ဖိုန့်က တွေးထင်မိလေတော့သည်။

ထမင်းစားရန် ကျောက်ပွအခန်းတစ်ခုသဲ၌ ပြင်ဆင်ထားရာ အမျိုးမျိုးစုံလင်၍ ဖွယ်ဖွယ်ရာရာ ဖြစ်နေလေတော့၏။

.....

# အခန်း ( ၃၉ )

လှိုရှောက်ဖုန့် ခန့်မှန်းတွက်ဆခဲ့သည့် မက်မန်းပင်ကြီးပေါ်တွင် နတ်မိမယ်နှင့်အတူ လှိုရှောက်ဖုန့်တို့ နေဝင်စအချိန်မှာပင် တက်၍ပုန်းခိုနေခဲ့ကြလေသည်။ ညနေမှောင်ရီသမ်းမှ အချိန်တို့သည် တရွေ့ရွေ့ ကုန်လွန်လာခဲ့၏။ လဆန်းရက်လကလေးပင် အရှေ့ဆီမှတရွေ့ရွေ့ တက်လာသည်ကို တွေ့မြင်ရသည်။

'ရှင်ခန့်မှန်းတာသေချာပါ့မလား လှရှောက်ဖုန့်'

နတ်မိမယ်က လှိုရှောက်ဖုန့်ကို မေးလိုက်သည်။ လှရှောက်ဖုန့်သည် သစ်ကိုင်းတစ်ကိုင်းသို့မှီကာ လခြမ်းလေးကို ကြည့်နေ၏။

လှရှောက်ဖုန့်နှင့် မနီးမဝေးသစ်ကိုင်းတွင် စုံယု ယုံတို့ ထိုင်နေကြလေသည်။

'ဟုတ်တယ်ရှင့်၊ ရှင်ပြောသလိုသာ မဟုတ်ရင်တော့ ဒီတစ်ည ဒီသစ်ပင်ပေါ်မှာ ခြင်ကိုက်လာခံသလိုဖြစ်မှာပဲ'

အန်းကော့ကပါ နတ်မိမယ်အဲ့စကားကို ထောက်ခံလိုက်၏။

'အို...သူက ဘယ်တုန်းက ခန့်မှန်းချက်မှားဖူးလို့လဲ၊ အန်းကောင့်ရယ်၊ အချိန်လိုသေးလို့ဖြစ်ပါလိမ့်မယ်၊ စောင့်ကြည့်ပါဦး'

စုယုံယုံ တတော့ လုရှောက်ဖုန့် အရာရာ ယုံကြည်စိတ်ချပြီးသား ဖြစ်နေသည်။ လုရှောက်ဖုန့်ခန့်မှန်းချက် မမှားပါ။

'တကူး....ကူး....ကူး'

လခြမ်းလေးလေး သစ်ပင်ထိပ်ပေါ်သို့ မြင့်လာသည်နှင့် ချီးကူသံတစ်သံကို ကြားရ၏။

'ကွက်....ကွက်'

ချီးကူသံနှင့် မရှေးမနှောင်းမှာပင် ငှက်အော်သံတစ်သံကို ကြားရပြန်သည်။ ထို့နောက်တွင်တော့ လူရိပ်နှစ်ရိပ် ကွင်းပြင်ထဲမှ လှမ်းလျှောက်လာသည်ကို တွေ့ရသည်။

'လာကြပြီထင်တယ်'

နတ်မိမက်၏ ဝမ်းသာအားရအသံဖြစ်သည်။

'အူး... ဝူး - ဝူး....ဝူး'

ခပ်ဝေးဝေးမှ ခွေးအူသံတစ်သံကို ကြားလိုက်ရပြန်၏။

'သူတို့သုံးယောက်ပဲ၊ သူတို့ဘယ်သူတွေလည်းဆိုတာတော့ မကြာခင်သိရမှာပဲ'

လုရှောက်ဖုန့်က ခပ်အုပ်အုပ်အသံဖြင့် ပြောလိုက်လေသည်။

လူနှစ်ယောက်ထွက်ပေါ်လာပြီး မကြာခင် မြေကြီးကိုတူးသော ပေါက်ချွန်းထမ်းထားသည့် လူတစ်ဦးသည် လရောင်အောက်တွင် လျှောက်လာပြန်သည်။



မကြာမီ ထိုလူသုံးဦးသည် မက်မန်းပင်အောက်သို့ ရောက်ရှိလာသည်။ မက်မန်းပင်အောက်တွင် လရောင်မထိုး၍ မှောင်မည်းနေ၏။

လူသုံးယောက်မှာ ခေါင်းချင်းဆိုင်မိကြသည်။ လက်ဆွဲမီးအိမ်ကို အဝတ်နှင့်ပတ်၍ သယ်ဆောင်လာသူ တစ်ဦးက ကုတ်ယူလိုက်ပြီးနောက် မီးထွန်းလိုက်၏။

လုရှောက်ဖုန့်က လက်ဆွဲမီးအိမ်ထွန်းလိုက်၍သစ်ပင်အောက်မှ လူသုံးယောက်၏မျက်နှာများကို တွေ့မြင်ရလေသည်။

တစ်ဦးက ထန်ချူရှင်း၊ ထန်ချူရှင်းကိုမြင်ရ၍ နတ်မိမယ်ပင် အံ့အားသင့်သွားသည်။ ထန်ချူရှင်းသည် နတ်မိမယ်ဂိုဏ်းမှ ယုံကြည်ရသူတစ်ဦးဖြစ်သည်။ ယခုတော့ သစ္စာဖောက်ထဲမှာ သူလည်းပါနေပြီ။

နောက်တစ်ယောက်ကတော့ ခြေထောက်တစ်ဖက် ဒဏ်ရာရသွားခဲ့သည့် ကင်းမြီးကောက်ဂိုဏ်းချုပ်ကြီး ရှဲယန်ကျင်းပင်ဖြစ်သည်။ ရှဲယန်ကျင်းသည် တာမင်တန်ကျွန်းသို့ ရောက်ရှိလာခဲ့သနည်း။

မီးအိမ်ကိုကိုင်ထားသည့် နောက်လူ တစ်ယောက်ကတော့ လုရှောက်ဖုန့်ကို တိုက်ခိုက်၍ ပင်လယ်ထဲသို့ ကျသွားခဲ့သော ကျားလက်ဝါးဂိုဏ်းချုပ် လျံယီပင်ဖြစ်ပေတော့သည်။

'ကဲ... မီးအိမ်ကိုချလိုက်တော့'

ထန်ချူရှင်းက အမိန့်ပေးလိုက်၍ လျံယီက မီးအိမ်ကို သစ်မြစ်တစ်ခုပေါ် တင်လိုက်သည်။ သူတို့ သုံးယောက်သည်

ပေါက်ချွန်းဖြင့် မက်မန်းပင်၏ အောက်တွင် စတင်တူးသွားကြတော့၏။

'ရှုံး'

'ထန်'

တစ်သောက်ခန့်လျှင် တစ်ယောက်နား၏ ဘင်လှည့်စီ မြေကြီးတို့ ကူးကြပေါက်ကြသည်။ သိပ်မကြာလိုက်ပါ။ ထန်ချူရင်းသည် ပေါက်ချွန်းကိုပင်ချ၍ မြေကြီးထဲမှ သေတ္တာလေးတစ်လုံးကိုထုတ်ယူလိုက်၏။

ကျွန်းသားဖြင့်ပြုလုပ်ထားသော သေတ္တာလေး ဖြစ်သည်။ သေတ္တာလေးကို မြေကြီးပေါ်တင်ချကာ ထန်ချူရင်းက သော့ဖြင့် ဖွင့်လိုက်၏။ အတွင်းမှ ကတ္တီပါအနီရောင် အဝတ်စဖြင့် ပတ်ထားသော တစ်တောင်ခန့်ရှိ နဂါးအမောက်ကျောက်စိမ်းပြားကြီး ထွက်ပေါ်လာသည်။

ထိုကျောက်စိမ်းပြားတွင် မြုပ်နှံထားသော ရတနာများက အရောင်တဖျတ်ဖျတ်လင်းလက်နေလေသည်။

'ဟား...ဟား...ဟား...ဒီကျောက်စိမ်းပြားကိုသာသူဌေးကြီး ကျိုက်ရက်ဆီမှာ သွားရောင်းရင် မင်းတို့ငါတို့အားလုံး သူဌေးဖြစ်ပြီ ရှဲယန်ကျင်းရေ'

ထန်ချူရင်း၏စကား မဆုံးလိုက်ပါ။ သစ်ပင်ပေါ်မှ လင်းလက်သောအရာဝတ္ထုတစ်ခု ပျံ၀ဲဆင်းသက်လာ၍ ထန်ချူရင်း၏ နဖူးကိုလာရောက်ထိမှန်သည်။

'ဖောင်း'

'အား'



ကျောက်စိမ်းပြားကိုလွှတ်ချကာ ထန်ချူရင်း လဲကျသွားသည်။ ကျောက်စိမ်းပြားကို ရှဲယန်ကျင်းနှင့် လျံယီတို့ကောက်ယူရန် အချိန်မရလိုက်မီပင် သစ်ပင်ပေါ်မှ လူရိပ်နှစ်ရိပ် ခုန်ချလာသည်။

လိုရှောက်ဖုန်နှင့် နတ်မီမယ်တို့ဖြစ်သည်။ နတ်မီမယ်က လျံယီကိုရင်ဆိုင်၍ လိုရှောက်ဖုန်က ရှဲယန်ကျင်းကို ရင်ဆိုင်လိုက်သည်။

တစ်ခဏအတွင်း တိုက်ခိုက်သံများ ထွက်ပေါ်လာသည်။ ရှဲယန်ကျင်းသည် ဓားတစ်ချောင်းလိုခုန်လွှားကာ လိုရှောက်ဖုန်ကိုတိုက်သည်။ လိုရှောက်ဖုန်ကလည်း ရှဲယန်ကျင်း၏ တိုက်ကွက်များကို ရှောင်တိမ်းကာ ပြန်လည်တိုက်ခိုက်နေ၏။

မြေကြီးကိုတူးစဉ်က အားစိုက်ခဲ့ရသော ရှဲယန်ကျင်းမှာ လိုရှောက်ဖုန်ကို ကြာကြာမတိုက်နိုင်ပါ။ သိုင်းကွက်သုံးလေးကွက်အတွင်းမှာပင် လိုရှောက်ဖုန်၏တိုက်ခိုက်သော လက်ဝါးချက်ဖြင့် မြေပြင်ပေါ်သို့ လဲကျသွားတော့၏။

'အား'

နတ်မီမယ်အား ပြင်းထန်စွာတိုက်ခိုက်နေသော လျံယီမှာလည်း အဆိပ်မိကာ မြေပြင်ပေါ်သို့ ခွေကျသွားလေတော့သည်။ အချိန်သိပ်မကြာမီ နဂါးအမောက် ကျောက်စိမ်းပြားကို လာရောက်တူးဖော်သူ သုံးယောက်မှာ ငြိမ်သက်သွားကြပြီဖြစ်ရလေသည်။

နတ်မိမယ်က နဂါးအမောက် ကျောက်စိမ်းပြားကို ဇာတ္တပါအဝတ်စနှင့်ပတ်ကာ သေတ္တာလေးထဲသို့ပြန်ထည့်လိုက်သည်။

'ကဲ….သွားကြမယ်ဟေ့'

စုံယုံယုံတို့သို့ယောက်လည်း သစ်ပင်ပေါ်မှ ဆင်းလာကြသည်၊ နဂါးအမောက်ကျောက်စိမ်းပြားကိုယူကာ သူတို့ထွက်ခွာလာကြစဉ် သူတို့နောက်မှ လူရိပ်နှစ်ခု လိုက်လာသည်ကို သတိမထားမိခဲ့ကြပေ။

….ဝ….

## အခန်း ( ၄၀ )

ကျောက်ဂူသို့ သူတို့ငါးယောက် ပြန်ရောက်လာချိန်တွင် မိုးသောက်အရုဏ်ပင် တက်စပြုနေပြီ။ ဂူပေါက်ရှိ ညှော်ခန်းထဲသို့ ရောက်သည်နှင့် နတ်မိမယ်က သေတ္တာကို သူ့စားပွဲပေါ်တွင် တင်ထားလိုက်သည်။

'ကဲ….လှိုင်ရှောက်ဖိုန့်၊ ရှင်တို့နားချင်နားကြတော့၊ ကျွန်မတော့ ဒီကျောက်စိမ်းပြားကို ဖွင့်ကြည့်လိုက်ဦးမယ်၊ ဩြော်…ရှင်တို့ စိတ်ကျန်းမြို့ကိုပြန်ရင် ကျွန်မလေ့က ဆိပ်ကမ်းမှာရှိတယ်နော်၊ အဲဒီလေ့ထဲမှာ ရိက္ခာအပြည့်အစုံရှိတယ်၊ စုံယုံယုံဖွင့်တတ်ပါတယ်'

လှရှောက်ဖုန့်နှင့်စုံယုံယု တို့က ခေတ္တတရေးတမောအိပ်စက်အနားယူရန် ဂူထဲရှိ သူတို့အခန်းလေးရှိရာသို့ လျှောက်လှမ်းလာခဲ့လေသည်။ ထိုအချိန်မှာပင် နတ်မိမယ်၏ စူးစူးရှွားရှွားအော်ဟစ်သံကြားလိုက်ရသည်။

'အား'

'ဟင်'

လိုရှောက်ဖုန်နှင့်စုံယုံယုံတို့ ဂူပေါက်ဝသို့ အပြေးအလွှား ပြန်ထွက်လာသည်။ နတ်မိမယ်သည် ရှုကြမ်းပြင်ပေါ်တွင် လဲကျနေ၏။ သူ့ရင်ဘတ်မှာလည်း သွေးများ ယိုစီးကျနေသည်။

ဂူပေါ်မှခုန်ဆင်း၍ ပြေးလွှားသွားသော လူရိပ်တစ်ရိပ်ကို လိုရှောက်ဖုန်တို့ တွေ့လိုက်ကြရသည်။ ထိုလူရိပ်မှာ သေတ္တာကိုပိုက်ကာ ကျောက်တုံးများကိုကျော်၍ ပြေးနေလည်း

'ရှင်အာလို့ သူ့နောက်ကိုလိုက်မသွားတာလဲ လိုရှောက်ဖုန် ရယ်'

စုံယုံယုံက မေးလိုက်သည်။

'ငါ သူ့နောက်ကို မလိုက်တော့ဘူး၊ သူဟာ ငါ့သူငယ် ချင်း သူခိုးဝိဇ္ဇာဆက်တုပဲ'

'အို...ဟုတ်လား'

ဆက်တုံသည် စန့်ကွမ်းမှုအတွက် နတ်မိမယ်ကို အလစ် ချောင်း၍သတ်ကာ ကျောက်စိမ်းပြားကို လုယူထွက်ပြေးသွား ခြင်းပင် ဖြစ်ပေသည်။

'အင်း... သူကံကောင်းပါစေလို့ ငါဆုတောင်းပါတယ်'

သေတ္တာကိုပိုက်ကာ ထွက်ပြေးသွားသော လိုရှောက်ဖုန်က ရေရွတ်လိုက်သည်။

'ဒါတော့ ဒီတာမင်တန်ကျွန်းမှာ နည်းနည်းမှကောင်း ဆက် မနေချင်တော့ဘူး'

'ဆက်မနေချင်ရင်လည်း သွားကြတာပေါ့ရှင်'



အချိန်သိပ်မကြာမီ လိုရှောက်ဖုန်၊ စုံယုံယုံ ဟန်ရှူးနှင့် အန်းတော့တို့သည် နတ်မိမယ်၏အလောင်းကိုစွန့်ခွာကာ ဂူပေါ်မှ ဆင်းခဲ့ကြသည်။

'ဒီကျောက်စိမ်းပြားကြောင့် လူတွေသေပေါင်းလည်းများ ပြီ၊ ငါတော့ သူဌေးလည်း မဖြစ်ချင်ပါဘူး'

အပြန်လမ်း၌ လိုရှောက်ဖုန်က ပြောလိုက်ခြင်း ဖြစ်၏။

စုံယုံယုံကလည်း....

'ကျွန်မကတော့ ငွေတွေ အများကြီး လိုချင်ပါတယ်ရှင်၊ ဒါပေမယ့်....'

စုံယုံယုံက သူ့စကားကို ရပ်လိုက်၏။ ညည်းသံတစ်သံကို ကြားလိုက်ရသောကြောင့် ဖြစ်သည်။

'ဟီး...ဟီး...ဟင်း'

'ဟင်... လူတစ်ယောက်ညည်းသံပဲ'

လိုရှောက်ဖုန်က ခြေလှမ်းရပ်ကာ ကျောက်တုံးတစ်တုံး နောက်ဘက်သို့သွား၍ကြည့်သည်။ တဆတ်ဆတ်တုန်ကာ လဲ နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

'ဟင်... ဆက်တု၊ သူခိုးဝိဇ္ဇာဆက်တု သူငယ်ချင်း'

လိုရှောက်ဖုန်က ဆက်တုကိုပွေ့ထူလိုက်သည်။ ဆက်တု၏ နှုတ်ခမ်းများ ပြာနေလေပြီ။

'ယုံယုံရေ အဆိပ်ဖြေဆေးပါရင် ပေးပါဟေ့'

စုံယုံယုံက နတ်မိမယ်ထံမှသူမှယူထားသော အဆိပ်ဖြေ ဆေးကိုထုတ်ယူကာ ပေးလိုက်၏။

လုရှောက်ဖုန့်က ဆက်တုံ၏ပါးစပ်ထဲသို့ ဖြေဆေးထည့်ပေးလိုက်သည်။

တဆတ်ဆတ်တုန်နေရာမှ ငြိမ်သက်သွားသော ဆက်တုံက အသက်မှန်မှန်ရှူနေပေသည်။

'တော်သေးတယ်၊ နောက်ထပ်တစ်နာရီဆိုရင် သူ့အသက် မမီတော့ဘူး'

'သူဘယ်လိုဖြစ်တာလဲရှင့်'

အန်းကော့က မေးလိုက်သည်။

'မိန်းမတစ်ယောက်ကိုက မိတဲ့အပြစ် သူခံရတာပေါ့'

ဆက်တုံကို ပခုံးပေါ်တွင် ထမ်းကာ လုံရှောက်ဖုန့်တို့ ဝှက်ထားသော လှေရှိရာသို့ခေါ်လာခဲ့သည်။ ဆက်တုံကို လှေကြီး ဝမ်းထဲတွင်လှဲသိပ်ထားလိုက်သည်။ လှေရွက်များကို ထပ်တင်ကာ တာမင်တန်ကျွန်းမှ သူတို့ထွက်ခွာလာခဲ့ကြလေတော့၏။

....ပ....

ဆက်တုံသည် လူးလွန့်လာ၏။ လုရှောက်ဖုန့်က ဆက်တုံ အနီးမှထိုင်ကာ ယပ်ခတ်ပေးနေလေသည်။

'သူခိုးစိဇ္ဇာကြီး သတိရလာပြီလား'

'ဟင်....ငါဘယ်ရောက်နေလဲ မြေခွေးကြီး၊ ဟို—ဟိုကောင် မရော'



ဆက်တုက နိုးနိုးခြင်း အံ့အားသင့်ဟန်ဖြင့် မေးလိုက်သည်။

'စန္ဒကွမ်းမှုလား'

'အင်း'

'နဂါးအမောက် ကျောက်စိမ်းပြားကိုရလို့ မင်းကိုသတ်ပြီး ထစ်သွားပြီလေ၊ သူ့ကို လိုက်ရှာချင်လို့လား'

ဆက်တုက မျက်နှာကိုရှုံ့မဲ့၍ ခေါင်းခါလိုက်သည်။

'မင်း.... ငါ့ကိုဘာလို့ ပစ်မထားခဲ့ရတာလဲ မြေခွေးကြီးရာ၊ မင်းကို ငါ ပင်လယ်ထဲကိုကျပြီး ဖော်အောင် သတ်ပစ်ခဲ့တာပဲ'

'ငါကတော့ မင်းကသတ်တာလို့ မထင်ဘူး ဆက်တု၊ တိုတောင်မရှိဆေးတွေက ငါ့ကိုသတ်တာယ်လို့ ယုံကြည်ရတာပဲ'

လုရှောက်ဖုန့်က ပြုံး၍ပြောလိုက်သည်။

'ဒီကစ်ခါတော့ ငါ့ကိုနားလည်နိုင်တာကို သိပ်ကျေးဇူးတင်တယ် မြေခွေးကြီးရာ'

သူ့ဘေးတွင်ထိုင်နေသော လုံရှောက်ဖုန့်၏ပေါင်ကို ဆက်တုက လက်နှင့်ဆုပ်ညှစ်ရင်း ပြောလိုက်လေသည်။

'မင်းနဲ့ငါနဲ့ကြားမှာ ပြောစရာလိုသေးလို့လား သူခိုးစိဇ္ဇာ ဆက်တုရဲ့'

'မင်းကွာ၊ နဂါးအမောက်ကျောက်စိမ်းပြားကို မနှမြောဘူးလား'

ဆက်တုရာ နှုမြောသလဟန်ဖြင့် မေးသည်။

'ဒီလောက်လူတွေသေစေတဲ့ ကျောက်စိမ်းပြားကို ဘာလို့ပဲဖြိုလဲ့ ဆက်တုရာ၊ ဒီကျောက်စိမ်းပြားဟာ စန့်ကွမ်းမှုကိုလည်း တစ်ယောက်ယောက်ကသတ်ပြီး လိုယူအောင် လိုပ်ဦးမှာပါပဲ'

'ဟား ... ဟား ....ဟား'

'ဟား ...ဟား ....ဟား'

သူငယ်ချင်းနှစ်ဦး ပြိုင်တူရယ်မောကြသည်။ စုယုံ ယုံ တို့က မငေးကြည့်နေလေသည်။ ပင်လယ်ပြင်တွင် ကြည်လင်သွားသော လျက် လေတဖြူးဖြူးတိုက် ခတ်နေပေသည်။

ပြီးပါပြီ။

လှုဒါနပေ
အမှတ် ၁၅/၁၃၈၊ မြလမ်း
တောင်ဥက္ကလာပမြို့။
ဖုန်း ၂၁၇၄၄